www.burmeseclassic.com

မဟာဆွေ

# ဓားပြကြီး

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

[ တစ်အုပ် ၅၀၀ ကျပ် ]

# မဟာဆွေ
# စာရသက်ပြင်း

- စာရေးဆရာကြီး မဟာဆွေ၏ နာမည်ကြီး ဇာတ်ဆောင်
- မကောင်းသူပယ် ကောင်းသူကယ်သည့်
  အမှန်တရား ဘက်တော်သား ရဲရဲတောက် ဇာတ်ဆောင်
- ပြောသည့်အတိုင်း လုပ်၊ လုပ်သည့်အတိုင်းသာ ပြောသည့်
  ယောကျာ်းကောင်း ဇာတ်ဆောင်၏
  စွန့်စားခန်း ဇာတ်လမ်းများ

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

ဦးသန်းမြင့်၊ လင်းလင်းစာပေ၊ အမှတ် ၄/၂၉၊ မြဝတီမင်းကြီးလမ်း၊ ၁၀မိုင်၊ ရန်ကုန်မြို့မှ ထုတ်ဝေ၍ မျက်နှာဖုံး နှင့် အတွင်းစာသားများကို ဒေါ်ခင်လှ (၀၁၅၇၈)၊ စာပေလောက ပုံနှိပ်တိုက်၊ အမှတ် ၁၇၃၊ ၃၃လမ်း၊ ရန်ကုန်မြို့မှ ပုံနှိပ်သည်။ စာမူခွင့်ပြုအမှတ် ၀၁၅၃/၂၀၀၂ (၁၂)၊ မျက်နှာဖုံးခွင့်ပြုအမှတ် ၈၈/၂၀၀၃ (၂)၊ ပထမအကြိမ်၊ အုပ် ၁၀၀၀ကို ၂၀၀၃ ခုနှစ် မေလတွင် ထုတ်ဝေ ဖြန့်ချိသည်။ မျက်နှာဖုံးနှင့် အတွင်းသရုပ်ဖော် ပန်းချီ တင်မောင်မြင့်။



# ၁

'ဗျောင်မောင့် ဂျိမ်ဂျိမ်း၊ ဗျောင်မောင့် ဂျိမ့်ဂျိ ဂျမ်း ဂျမ်း ဘောထင်း ဘောထင်း' စသော နတ်ဆိုင်းသံတို့က ကြားမြင်ရသူတို့၏ စိတ်ကို ရိုးတိုးရွတ ဖြစ်စေသည်။ ကလေးသူငယ်များကဆိုလျှင် က ချင် ခုန်ချင်စိတ်ပေါက်ကာ အချို့ကလေးများ က ခုန်ကြသည်။

ရန်ကုန်မြို့ ရုပ်ရှင်ရုံ တစ်ရုံရှေ့၌ ငှက်ပျော အုန်းပွဲများ ပူဇော်ပသကာ ရုံအပြင်ဘက်၌ ဆိုင်းဝိုင်းကြီးနှင့် နတ်ဆိုင်းသံများ

www.burmeseclassic.com

www.burmeseclassic.com



တခြိမ့်ခြိမ့် ဖြစ်နေ၏။ စစ်ပြီး ဤတစ်ခေတ်၌ ထိုကဲ့သို့ ခေတ်နောက်ပြန်ဆွဲ ဘာနတ် ညာနတ် ဘာသမိုင်း ညာသမိုင်း စသည်တို့ကို ငွေဝင်မှုတစ်ခု ပဓာနပြုလျက် ရုပ်ရှင်ကုမ္ပဏီများ စီးပွားရှာနေကြသဖြင့် ထိုဆိုင်းဝိုင်း ငှက်ပျောပွဲစသည်တို့ကို မမြင်ဘူးသူ မရှိသလောက် ဖြစ်ပေလိမ့်မည်။

ယခုဖော်ပြလတ္တံ့သော အကြောင်းအရာများက စစ်မဖြစ်မီ အချိန်က ဖြစ်ပါသည်။ မွန်မြန်မာ လူမျိုးတို့ကား အများအားဖြင့် စုန်း နတ် ကဝေ တစ္ဆေ သူရဲ စသည်တို့ကို ယုံကြည်ကြ၏။ ထိုအကြောင်းအရာနှင့် ပတ်သက်သော အတ္ထုပ္ပတ္တိများကိုလည်း စိတ်ကူးယဉ် ဆရာတို့က အများအပြားပင် ရေးသားထားခဲ့သဖြင့် ထိုအတ္ထုပ္ပတ္တိများကို မှိုင်းမြိုင်ပြကာ ဇာတ်သဘင်တွင် ကပြကြသည်။ ရုပ်ရှင်ပေါ်လာသောအခါ ရုပ်ရှင်တွင် တချို့ တစ်စိတ်တစ်ဒေသ ထည့်သွင်းဖော်ပြကြ၍ တချို့မှာ တစ်ဘာသာသတ်သတ် ရိုက်ကူးပြသကြသည်။

ကိုးနဝင်း ရုပ်ရှင်ကုမ္ပဏီမှ 'မြင်းတော်ခံမောင်ပြည့်' ဇာတ်ကားဟူ၍ သတင်းစာများတွင် တင်ကူးကြော်ငြာထား၍ ဖော်ပြခဲ့သော နတ်ဆိုင်းသံကြားချိန်၌ ရုံတင်၍ ပြသနေပြီ ဖြစ်၏။ ပရိသတ်များ ကြိတ်ကြိတ်တိုး စည်ကားနေသည်။ အောဝမ်းနှင့် ဗြိတိသျှဘားမားကုမ္ပဏီများမှ ပြသနေသည့် အသံထွက်ကားများနှင့် ထိုအသံတိတ်ကားမှာ ပြိုင်ချနေ၏။ ထိုစဉ်က ရုံဝင်ခမှာ လေးပဲ၊ ရှစ်ပဲ၊ တစ်ကျပ်၊ ဒရက်ဆာကယ်ခေါ် အထူး နှစ်ကျပ်မျှဖြစ်ရာ အသံတိတ် ကားက လေးပဲ၊ ရှစ်ပဲ တန်းတွင် လူပြည့်ကျပ်နေ၍ အသံထွက်ကားများက ရှစ်ပဲ၊ တစ်ကျပ်တန်းများတွင် လူပြည့်ကျပ်သည်သာ ခြားနား၏။ ဝင်ငွေကို တွက်ကြည့်သောအခါ အသံထွက်ကားနီးနီး ကောင်းနေသည်။

ရုပ်ရှင်ဇာတ်ထုပ်တစ်ထုပ်ကို ရိုက်ကူးရာ၌ အသံထွက်ကား တစ်ကား၏ ကုန်ကျစရိတ်သည် အသံတိတ်ကား တစ်ကား၏ကုန်ကျစရိတ်ထက် ၄–၅ ဆ ပိုမိုတတ်ရာ ဝင်ငွေကျတော့ မတိမ်းမယိမ်းဖြစ်နေလျှင် အသံထွက်ကုမ္ပဏီများ နစ်နာနေပေသည်။ သို့ရာတွင် ခေတ်နောက်ပြန်ဆွဲကားကို အနှောင့်အယှက်ပေးရာ၌ အဆိုပါနာမည်ကြီး အသံထွက်ကုမ္ပဏီများ၏ ပရောဂ လုံးဝမရှိကြောင်း သတိချပ်ကြစေချင်သည်။

ကိုးနဝင်း ရုပ်ရှင်ကုမ္ပဏီပိုင်ရှင်မှာ အသက် ၄၅ နှစ်ခန့်ရှိ ဦးကွန်းစင် ဆိုသူ ဖြစ်၏။ ကုမ္ပဏီဆိုသော်လည်း အမှန်အားဖြင့် တစ်ဦးတည်းပိုင်ဖြစ်သည်။ နတ်စုတ်နတ်ပွဲကားနှစ်ကား အရင်ကပြသခဲ့၍ ဝင်ငွေကောင်းကာ ငွေကြေးအတော်ကြီး တောင့်တင်း၏။ မြင်းတော်ခံ မောင်ပြည့် ဇာတ်ညွှန်းကို ဦးကွန်းစင်ကိုယ်တိုင် ရေးသား၍ ဒါရိုက်တာတစ်ဦးအား ရိုက်ကူးခိုင်းကာ ပြီးစီးသဖြင့် ပြသနေသည်မှာ ငါးရက်ခန့် ကြာခဲ့ပြီဖြစ်၏။ ထိုစဉ်က အသံတိတ်ကား နှစ်ပတ်မျှ ပြရသည့်ကား ရှာမှရှားဖြစ်သော်လည်း မြင်းတော်ခံမောင်ပြည့်မှာ ရုပ်ရှင်ကြည့် ပရိသတ်ကို အကဲခတ်ခြင်းဖြင့် နှစ်ပတ်ဆက်သွားနိုင်မည့် အခြေအနေရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ချစ်ခန်းတွင် ဝေဠုဝတီနှင့် နရပတိစည်သူမင်းအား မင်းယဉ်နရသိင်္ခမင်းက အတင်းသိမ်းပိုက်ခန်းတွင် တစ်ကွက်၊ မြင်းခံတော်ပြည့် အသက် ခံရခန်းတွင် တစ်ကွက်ဖြစ်၏။ နောက် အောင်စွာနတ်၊ မြင်းတော်ခံပြည့်နတ်၊ သူတို့ထက် အရင်ကျသော မင်းမဟာဂီရိ၊ တောင်ပြုံးမင်းညီနောင်တို့ပါ နတ်တွေ ဝေဝေဆာဆာ ထည့်သွင်းထားသည်။

သုံးနာရီခွဲပွဲကား ၁၂ နာရီ ခွဲပွဲထက် လူစည်ကား နေ၏။ နတ်ဆိုင်းသံကလည်း အပြင်က တခြိမ့်ခြိမ့် ဆူညံ၍ နေသည်။ ရုပ်ရှင်ကြည့်ပရိသတ်မှာ ယောကျ်ားဦးရေထက် မိန်းမဦးရေက ပိုမိုများပြား၏။ ဦးကွန်းစင် စတန့်ထွင်ပုံမှာ ရုပ်ရှင်ကားပြ၍ နှစ်ရက်မြောက်နေ့တွင် မိန်းမပျိုနှစ်ယောက် အား နတ်ပူးစေသည်။

နတ်ပူးသောအလုပ်ကား ဘာမျှမခဲယဉ်း၊ လှုပ်လှုပ်ရှားရှားနှင့် ကိုယ်ခန္ဓာ ယိမ်းယိုင်နေလိုက်ရုံဖြစ်သည်။

'ဟဲ့ အဲ့ အဲ့ နင်တို့ဟာတွေ အခုရပ်လိုက်'

နတ်ပူးသည့် နှစ်ဦးအနက် တစ်ဦးက စူးရှစွာ အော်လိုက်သည်။ ရုပ်ရှင်အပြရပ်ပြီး ဖျတ်ခနဲ မီးတွေလင်းလာသည်။ သာမညမဟုတ် ပထမတန်းထဲက စိန်ရွှေတွေနှင့် အသက် ၂၅ နှစ်၊ ၃၀ ခန့် မိန်းမနှစ်ယောက် ရုပ်သန့်သန့် သားသားနားနားဖြစ်ကြသည်။ တစ်ယောက်က မင်းကြီး တစ်ယောက်က မင်းလေးဟု ပြောကြသည်။ 'နင်တို့ကားကို တို့ညီအစ်ကို ပျော်လို့လာကြည့်ကြတာ၊ ပိုပြီးပျော်အောင်



ပူဇော်ပသရမယ်'ဟု ဆိုလျှင် ဦးကွန်းစင်သည် ဂျော်နီဝါကား ဝီစကီပုလင်းအကြီးတစ်လုံးကို ပရိသတ်ရှေ့တွင် ဖွင့်ကာ ဖန်ခွက်ကြီးနှစ်လုံးနှင့် ထည့်၍ပေး၏။ လင်မနစ်ဆိုဒါတစ်ခုမျှ မရောစပ်၊ ဦးကွန်းစင်၏ တပည့်တစ်ယောက်က ကြက်ပေါင်ကြော် ပန်းကန်ပြားကိုကိုင်၍ထား၏။ မင်းကြီးနှင့် မင်းလေးမှာ ဝီစကီကို မနားတမ်း ကျိုက်ချလိုက်ပြီးလျှင် ကြက်ပေါင်ကြော် တစ်ပေါင်စီကိုင်ကာ ကိုက်ဝါးနေကြ၏။ ဝီစကီဖန်ခွက်ကြီးကို ဘာမျှမရောစပ်ဘဲ တစ်ခါတည်း မော့ချလိုက်ခြင်းကား ကြွက်တွင်းများပင် ဖင်ထောင်အောင်မူးနိုင်ရာ ပကတိ ရိုးရိုးမိန်းကလေးများသာဖြစ်ပါက ကုလားထိုင်ပေါ်မှ ကျွမ်းပျံကျမည်ဖြစ်၏။ သူတို့ကား ဘာမျှမဖြစ်။ ညီလေးရဲ့ နောင်တော်ရဲ့ ပျော်ရဲ့လားနှင့်ပင် စကားများနေကြသေးသည်။

အတန်ကြာမှ မိန်းမနှစ်ယောက် ဝူးဝါးနှင့်သမ်းကာ ကြောင်တောင်တောင် ဖြစ်နေကြ၏။ ကျွန်မတို့ ဘာဖြစ်တာလဲဟု မေးရာ မင်းကြီးနှင့် မင်းအငယ် ပူးကြောင်း ဦးကွန်းစင်က ပြောသည်။ ဝိုင်းဝန်းကြည့်ကြသော ပရိသတ်ကလည်း ဝီစကီ နှစ်ဖက်ခွက်စီသောက်ထားသော မိန်းမပျိုနှစ်ယောက် နတ်ထွက်သွားသောအခါ ဘာမျှ မဖြစ်သဖြင့် တကယ်နတ်ပူးသည်ဟု ယုံ၍နေကြ၏။

အမှန်အားဖြင့် ဝီစကီပုလင်းခွံ အသစ်စက်စက်တွင် ဝီစကီရောင်နှင့် တူအောင် လက်ဖက်ရည်ကို ခပ်ကြည်ကြည် စစ်ထည့်ကာ ခဲစွပ် ဖော့စွပ် စသည်တို့ အသစ်ပမာလုပ်၍ တိုက်ခြင်းဖြစ်၏။ 'မြင်းတော်ခံမောင်ပြည့်' ရုပ်ရှင်ကားမှာ

www.burmeseclassic.com



တကယ်နတ်ပူးသည်ဟု တစ်ဆင့်စကား တစ်ဆင့်ကြားပြီးလျှင် လူပိုမိုစည်ကားခြင်း ဖြစ်သည်။

ငါးရက်မြောက်နေ့ သုံးနာရီခွဲပွဲပြသရန် ခေါင်းလောင်းကလေး ကျယ်လောင်စွာမြည်၍နေချေပြီ။ ကွာစိလော့ မြေပဲလော့ အပြင်ဆိုင်မှ ဝယ်နေသူများ၊ လိမ္မော်သီးကိုင်ထားသူများ ရုံထဲသို့ အပြေးအလွှားဝင်ခဲ့ကြသည်။ ရုပ်ရှင်ကားလည်း ပြသနေ၏။ မင်းယဉ်နရသိခ်မင်းထံသို့ မြော့လူမျိုးတို့ရွာကဝါးထဲမှာ သန္ဓေတည်သည့် မိန်းမချောအား ဆက်သခန်းသို့ ရောက်နေသည်။ နရသိခ်မင်းကလည်း နားပြက်ကျယ်သည် အရုပ်ဆိုးသည်ဟု ငြင်းဆန်နေပုံ နောက်မယ်တော်က ပြုပြင်ပေးသဖြင့် မိန်းမချောကလေးဖြစ်လာပုံ ပြသနေခိုက် ဝုန်းအုန်းဟူသော ပေါက်ကွဲသံကြီး ပထမတန်းအခန်းထဲမှ မြည်ဟိန်းသွားရာ ရုပ်ရှင်ကားရပ်ပြီးလျှင် မီးများ ချက်ချင်းလင်းထိန်လာ၏။ ပထမတန်း အခန်းထဲ၌ လူများ တစ်ဦးကိုတစ်ဦးကောင်းစွာမမြင်ရ၊ မှိုင်းခိုးဖြူများ ဆီးနှင်းသဖွယ် ဖုံးလွှမ်းနေသည်။

ရုပ်ရှင်ကြည့် ပရိသတ်များလည်း ဟိုပြေးသည်လွှားတစ်ဦးနှင့်တစ်ဦး တိုက်မိ လဲသူလဲ ပြဲသူပြဲ၊ ကွဲသူကွဲ၊ တံခါးဖွင့် တံခါးဖွင့်ဟု အော်သူအော် ရုံတံခါးများဖွင့်ပေးနေစဉ် ရှစ်ပဲ တန်းမှ ဝုန်းအုန်းအုန်း၊ လေးပဲ တန်းမှ ဝုန်းအုန်းအုန်းဟု နောက်ထပ်နှစ်လုံး ရှေ့ဆင့်နောက်ဆင့် ပေါက်ကွဲပြန်သည်။ ထိုအသံများမှာ အဝေးကပင် ကြားနိုင်ရာ ပန်းဆိုးတန်းဌာနနှင့် ကျောက်တံတားဌာနမှ ပုလိပ်အရာရှိများ၊ အမှုထမ်းများ အပြေးရောက်လာကြသည်။



ရုပ်ရှင်ကြည့်ပရိသတ်ကား အပြင်ဘက်မှ ပြုံတစ်ပြုံတစ်နှင့် ကြည့်ရှုနေကြသည်။ ပုလိပ် အရာရှိများလည်း ပေါက်ကွဲနေသော နေရာများတွင် ရှာဖွေကြရာ နို့ဆီဘူးအခွံအပြတ်များကို တွေ့ရ၏။ ဦးကွန်းစင်မှာ ခြောက်လုံးပြူးကြီးခါးထိုးလျက်

'လက်ပစ်ဗုံးလား၊ ဘာလဲ ခင်ဗျာ' ဟု ပျာပျာသလဲမေး၏၊ ပုလိပ်အရာရှိက ပြုံးလျက်

'ဘယ်က လက်ပစ်ဗုံးရမလဲဗျာ၊ ပေထုပ်ပါ၊ ပေထုပ်စပ်တဲ့ဆေးနဲ့ နို့ဆီဘူးထဲသွင်း၊ စနက်နဲ့ မီးရှို့ထားလိုက်တာ လူတစ်ယောက်က နောက်တာ ဖြစ်မှာပဲ'

'အနို့၊ ကျွန်တော်တို့ နောက်ထပ်ပြလို့ ဖြစ်ပါ့မလားဗျာ'

'ဖြစ်ပါတယ်၊ ပြသာပြပါ၊ ကျွန်တော်တို့ စောင့်ရှောက်ပေးပါ့မယ်'

'အားလုံး အထဲပြန်ဝင်ကြပါ၊ ဘာမှမဟုတ်ပါဘူး၊ ပေထုပ်နဲ့ လက်ဆော့သွားတာပါ၊ ဘယ်သူမှ ဒဏ်ရာမရကြပါဘူး၊ ဒီတစ်ခါ' စိတ်ချကြည့်ကြပါ'

ဦးကွန်းစင်က သူ့တပည့်တစ်ဦးအား ခပ်ကျယ်ကျယ်အော်၍ ပြောစေခြင်းဖြစ်၏။ အပြင်ပရိသတ်များလည်း ပုလိပ်အရာရှိနှင့် အမှုထမ်းများကို မြင်ကြသဖြင့် အားရှိလာကြကာ လက်မှတ်ဝယ်ကြည့်သူရော၊ အချောင်သမားရော ပြည့်ကျပ်နေပြန်သည်။ ပေထုပ်ပေါက်ကွဲစဉ်မှ ရုပ်ရှင်ပြသည့်အချိန်

www.burmeseclassic.com

www.burmeseclassic.com



အထိ နာရီဝက်ခန့်ကြာရာ ဝေဠုဝတီနှင့် နရပတိစည်သူမင်း အချစ်ခန်းကောင်းကို ပြသနေသည်။

ဦးကွန်းစင်မှာ ပထမတန်း နောက်ဘက်ရှိ အခန်းတစ်ခန်းတွင် ကိုယ်တိုင် တစ်ပွဲတစ်ပွဲ ရရှိသော ငွေများကို သိမ်းဆည်းနေရာ ရုပ်ရှင်ပြန်ပြနေစဉ် သူ့ အခန်းသို့လာခဲ့၏။ စားပွဲတွင် ထိုင်မိသည်နှင့် တစ်ပြိုင်နက် ခဲတုံးနှင့်ဖိထားသော စာရွက်တစ်ခုကို တွေ့ရ၏။ ဖတ်ရှုပြီးနောက်

'အံမာ လူပါးဝလို့၊ ပြတော့ကော မင်းက ဘာတတ်နိုင်ဦးမှာလဲ၊ ကေန္တ ဒီကောင်ဟာ ဟိုကုမ္ပဏီကငွေရလို့ လုပ်တာဖြစ်မှာပဲ'

'ဘာလဲ၊ ကိုကွန်း ဘယ်ကစာလဲ ဟင်'

အသက် ၃၅ နှစ်ခန့် မိန်းမချောတစ်ဦးက ပြတင်းတွင် ရပ်၍ နေရာမှ ဦးကွန်းစင်၏ ကြိမ်းဝါးသံကို ကြားသဖြင့် စားပွဲဆီသို့ လှည့်လာကာ မေးလိုက်ခြင်း ဖြစ်သည်။

'ဒီမယ်ကွာ၊ မကြည်ရာ ဘယ်လိုအကောင်စားများလဲ'

မကြည်ခေါ် မကြည်ခင်သည် ခင်ပွန်းသည် ကိုကွန်းစင် ပေးသော စာရွက်ကို ဆွဲယူ ဖတ်ရှုလိုက်သည်။

**ဦးကွန်းစင်**

ခေတ်နောက်ပြန်ဆွဲ ဇုန်း နတ် ကဝေဇာတ်ကား အရင်နှစ်ကားတုန်းက ကျွန်တော်လျစ်လျူရှုခဲ့သည်။ 'မြင်းတော်ခံ မောင်ပြည့်'၏ကားကိုကား ကျွန်တော် ဘယ်နည်း



နှင့်မျှ ခွင့်မပြုနိုင်တော့ပေ။ ထို့ကြောင့် ယနေ့သုံးနာရီခွဲပွဲတွင် တပည့်သုံးယောက်အား စေလွှတ်ကာ ငွေနှစ်ကျပ်တစ်ပဲ အကုန်ခံပြီး ခြိမ်းခြောက်နိုင်းလိုက်ခြင်း ဖြစ်သည်။ ကျွန်တော်သည် လက်ပစ်ဗုံးအစစ် လုပ်တတ်သူဖြစ်၏။ အပြစ်မဲ့ ရုပ်ရှင်ကြည့်ပရိသတ်အား ထိခိုက် နာကျင်မည်စိုး၍ မသုံးခြင်းဖြစ်သည်။ ညနေ ခြောက်နာရီခွဲပွဲကစ၍ ဆက်လက်ပြသခြင်းမပြုရန် မေတ္တာရပ်ခံပါသည်။

စောရသက်ပြင်း

'အနို့၊ ဘယ့်နှယ်လုပ်မလဲ ကိုကွန်းရယ်'

'အိုကွာ ကြောက်စရာမရှိပါဘူး၊ မုလိပ်အရာရှိတွေရှိသားပဲ၊- သူ ဘာတတ်နိုင်မှာမို့လဲ'

'ဩော် ဦးမြဒင် ကြွပါ၊ ကြွပါ'

ပန်းဆိုးတန်းဌာနက ပုလိပ် အင်စပက်တော်အားအပေါက်တွင် မြင်သဖြင့် ဦးကွန်းစင်က ဖိတ်ခေါ်လိုက်ခြင်းဖြစ်၏။ ဦးမြဒင်လည်း ကုလားထိုင်လွတ်တစ်လုံးတွင် ဝင်ရောက်ထိုင်လိုက်ကာ စားပွဲပေါ်က စာရွက် ကလေးကို ကြည့်နေသည်။

'အဲဒါပေါ့ ခင်ဗျာ၊ ဒီကောင်က ကျွန်တော့်ကို ခြိမ်းခြောက်နေတယ်'

ဦးမြဒင်သည် စာရွက်ကိုလှမ်းဆွဲကာ ဖတ်ရှုပြီးနောက်

'နှစ်ကျပ် တစ်ပဲ အကုန်ခံတယ်ဆိုတာ နားလည်ရဲ့လား'

www.burmeseclassic.com

www.burmeseclassic.com



'ရုံဝင်ခနဲ့ မုန့်ဖိုး၊ သူ့တပည့်တွေပေးတာ ဖြစ်မှာပေါ့'

'ဒီလိုဗျာ၊ တစ်မတ်တန်းတစ်ယောက်၊ ငါးမူးတန်းတစ်ယောက်၊ ပေါင်းသုံးယောက်တွက် ရုံဝင်ခ နှစ်ကျပ်မတ်တင်း ကုန်ပြီ မဟုတ်လား'

'ဒါဖြင့် ငါးပဲက မုန့်ဖိုးပေါ့'

ဦးမြဒင်က ပြုံး၍ ခေါင်းခါရင်း

'ဒီလိုဗျာ၊ ဘာကိုလုပ်တယ် မသိပေမယ့် ပေထုပ်ဆိုတဲ့ စကားတော့ ကြားဖူးမှာပေါ့၊ အဲဒီ ပေထုပ်လုပ်တဲ့ဆေးက ဓမ္မတက်ရှုံပေါင်ဒါရယ်၊ ဆေးဒန်းရယ် နှစ်မျိုးပဲရှိတယ်'

'ကျွန်တော်တို့ နောက်တစ်ပွဲဆက်ပြလို့ ဖြစ်ပါ့မလား ခင်ဗျာ'

'ဒီကောင့်အကြောင်းတော့ စုံထောက် ဦးအောင်မြင်မှ ပိုပြီး သိတာပဲ၊ ဒါပေမယ့် ပြသာပြပေါ့ဗျာ၊ ကျွန်တော်တို့ ကူညီပါ့မယ်'

'ရန်ကုန်ရွှေမြို့တော်ကြီးမှာ မင်းမဲ့တိုင်းပြည်လို အခြိမ်းအခြောက် မနေရတာ ရှက်စရာကောင်းလှသဗျာ'

'ကဲ ဦးကွန်းစင် ကျွန်တော့်ကို ခွင့်ပြုပါဦး၊ နောက်တစ်ပွဲ လူဝင် လူထွက်ကို ကျွန်တော်တို့ ကြီးကြပ်ပေးပါ့မယ်'

'ကျေးဇူးပါပဲ ခင်ဗျာ'

ရုပ်ရှင်သုံးနာရီခွဲပွဲကား ဘာမျှ အနှောင့်အယှက်မရှိ အချိန်နာရီဝက်ခန့် နောက်ကျသည်မှအပ ပြီးစီးသည်အထိ ဆောကင်းစွာ ပြသွားနိုင်သည်။ ခြောက်နာရီခွဲပွဲကို အချိန်လု၍



ပြသသဖြင့် ၆ နာရီ ၄၅ မိနစ်လောက်က စတင်၍ ပြ၏။ ပရိသတ်များလည်း ညနေပွဲတုန်းကလိုပင် စည်ကားနေသည်။

ရုပ်ရှင်ကားမှာ ပေ ၁၄၀၀၀ ရှည်လျားသော ကားဖြစ်၏။ မြန်မာကားများမှာ ဤနည်းနှင်နှင် ရှည်လျားသည်ကများ၏။ အင်္ဂလိပ်ကားများမှာ ကားတိုကလေးများ၊ ကာတွန်းတိုများ၊ သတင်းကားများပါ ပူးတွဲပြသသဖြင့် ပေတစ်သောင်းရှည်သောကားပင် အတော်ရှား၏။ မြန်မာကားမှာမူ သတင်းကား နတ္ထိ၊ အတိုအထွာလည်း မရှိသဖြင့် ထိုမျှရှည်လျားအောင် ရိုက်ကူးရခြင်းဖြစ်သည်။ ဓမ ၁၄၀၀၀ မှာ ၃ပ ၁၀၀၀ ဆယ်မိနစ်ကြာသဖြင့် ၂ နာရီနှင့် မိနစ် ၂၀ မျှကြာအောင် ကြည့်ရမည်ဖြစ်၏။

ပြသနေသောကား ဓာတ်လမ်းမှာ ငှဆောင်ကျွန်းတွင် သူပုန်ထလေဟန်နှင့် နောင်တော်က ညီတော်အား သူပုန်ရန်နှိမ်နင်းရန် လွှတ်နေဆဲ

'အို ဘယ့်နှယ်ဟာလဲ၊ မှားနေပြီဟေ့၊ ဟင် ဘယ်ရောက်....'

ရုပ်ရှင်ကြည့် ပရိသတ်က ဆူညံနေသဖြင့် ကားကိုရပ်လိုက်ကာ မီးလင်းလိုက်ပြန်သည်။ ဦးကွန်းစင် ကိုယ်တိုင်ကားပြသူရှိရာသို့ အပြေးကလေးလာကာ

'ဟေ့ ဟေ့ ဘာဖြစ်သွားတာလဲကွ၊ ဟင်'

ကားပြသူ အော်ပရေတာသို့ ပျာပျာသလဲ မေးလိုက်ခြင်း ဖြစ်၏။

'ဖလင်သုံးလိပ် ပျောက်သွားပြီဆရာ'

www.burmeseclassic.com

www.burmeseclassic.com



'ဟင် ဘာဖြစ်လို့လဲ၊ ဘယ်သူတွေ မင့် အခန်းထဲ ဝင်သလဲ၊ အရေးထဲမှ ခက်တာပါပဲကွာ'

'လူနှစ်ယောက် လာတယ်ဆရာ၊ တက်နေဝင်းကုမ္ပဏီကတဲ့၊ အင်တာဘဲလ် ပြီးလို့ ပြန်မပြခင် သူတို့ ထုရေလာကို ပြပေးပါလို့ ဖလင်တစ်လိပ် ပို့လာတယ်'

'အင်တာဘဲလ် ပြီးမှ ထရေလာပြရတယ်လို့ မင်း ဘယ်တုန်းက တွေ့ဖူးလဲ'

'ကျွန်တော်လဲ ပြောပါတယ်၊ ဆရာနဲ့ ပြောပြီးပြီ၊ ဆရာက လွှတ်လိုက်လို့တဲ့'

'ပြပါတော့ဗျို့၊ ဘာလုပ်တာလဲလို့'

ရုံအတွင်းမှ ဆူညံသံများဖြစ်သည်။ ဦးကွန်းစင်လည်း ဆလိုက် မှန်ပေါ် စာရေးတတ်သူ တစ်ဦးအား ခေါ်ကာ အောက်ပါအတိုင်း ရေးစေ၍ ဆလိုက်ထိုးပြ၏။

'ပြခန်းထဲမှ ဖလင် သုံးလိပ်ကို လူဝင်ခိုးသွားပါ၍ ဆက်လက်မပြနိုင်တော့ပါ၊ ကြည့်သူများ ကျေနပ်အောင် ရုံဝင်ခကို ပြန်၍ပေးပါမည်'

ရုပ်ရှင်ကြည့်ပရိသတ်များလည်း လှုပ်လှုပ်ရွရွနေရာမှ ထကြကာ ကိုယ့်အစုနှင့်ကိုယ် အပြင်သို့ထွက်ရန် အသင့်ပြင်နေကြသည်။ လက်မှတ်ဖြတ်ပိုင်း စနစ်တကျ မရှိသဖြင့် လေးပဲ၊ ရှစ်ပဲ၊ တစ်ကျပ် အတန်းများ ငွေပြန်အမ်းသောအခါ အချောင်ဝင်သူများကပါ လက်ဖြန့်ခံနေသဖြင့် ဦးကွန်းစင်မှာ ငွေတစ်ရာနီးပါး စိုက်ထုတ်၍ အပိုပေးလိုက်ရသည်။

* * *



ရုပ်ရှင်ဆက်၍ မပြနိုင်တော့ပြီဖြစ်၍ ဦးကွန်းစင်နှင့် မကြည်ခင်တို့သည် အိုပယ်ကားကလေးဖြင့် သူတို့နေထိုင်ရာ ၅၁ လမ်းသို့ ပြန်၍ လာကြ၏။ အချိန်ကား ည ရှစ်နာရီခွဲခန့် ရှိသေးသည်။ သူတို့နေသော နှစ်ထပ်တိုက်ခံ အိမ်ကြီးကား မြင်းပွဲကြောင့် ဆင်းရဲသွားသူတစ်ဦးထံမှ အပိုင်ဝယ်ထားသည်မှာ ခြောက်လခန့် ကြာခဲ့ပြီဖြစ်၏။

လင်မယားနှစ်ယောက် အိမ်ဘေးလှေကားမှ အပေါ်ထပ်သို့ တက်ခဲ့ကြရာ အိမ်စောင့်များက ဖိနပ်ချွတ်ဘက်ဓာတ်မီးကို ဖွင့်ပေးလိုက်သဖြင့် လင်းထိန်လာ၏။ ဦးကွန်းစင် ဖိနပ်ချွတ်သို့ရောက်သောအခါ ဝမ်းသာအားရ အမူအရာနှင့်

ဟယ်၊ ခွေးမသားတွေ၊ ဒင်းတို့သယ်ယူတုန်းက ဒီမှာ ကျန်ရစ်နေတာကိုး'

'မဟုတ်နိုင်ပါဘူး ကိုကွန်းရယ်၊ ကျန်ရစ်နေရင် သုံးနာရီခွဲပွဲ ပြနိုင်ပါ့မလား'

မကြည်ခင်က ဖျတ်လတ်သော မိန်းမ အတွေးနှင့် ပြောလိုက်၏။ ဖိနပ်ချွတ်ကြမ်းပြင်တွင် ပျောက်ဆုံးသွားသော ဖလင်ကော်ပြားလိပ် သေတ္တာငယ်များကို တွေ့ရသောကြောင့် ဖြစ်၏။ နံပါတ် ၇၊ ၈၊ ၉ ရုံထဲက ဖလင်သုံးလိပ် ပျောက်သွားသည်မှာ ထိုနံပါတ်များ ဖြစ်သည်။ ဦးကွန်းစင်သည် သေတ္တာငယ်တစ်ခုကို ကုန်းကောက်ယူကာ ဖွင့်ကြည့် လိုက်၏။ ဖလင်လိပ်ထည့်သည့် သံဘီးတွင် ဖလင်ပေ ၈၀၀၊ ၁၀၀၀ ခန့် ရှိရမည့်အစား မီးလောင်စနှင့် ၁၀ ပေခန့်သာတွေ့ရ၏။ ဓာတ်မီးရောင်တွင် ထောင်၍ကြည့်သောအခါ 'ပြင်း

www.burmeseclassic.com



တော်ခံ မောင်ပြည့်' ဇာတ်ထုပ်မှ အပိုင်းအစဖြစ်နေသည်။ သေတ္တာငယ်သုံးခုစလုံး ထိုနည်းနှင်နှင်ဖြစ်နေ၍ သေတ္တာနံပါတ် ၉ အတွင်းမှ စာတစ်စောင်ထွက်လာသည်။

ဦးကွန်းစင်

ဖလင်သုံးလိပ်ကို အရယူ၍ မီးရှို့ဖျက်ဆီးလိုက်သည်မှာ အစသာ ရှိသေးသည်။ ခင်ဗျား သည်ကားကို မြန်မာပြည်တွင် အနှံ့အပြား မပြနိုင်အောင် ဆက်လက်ဆောင်ရွက်ဦးမည် ဖြစ်ပါသည်။ ခင်ဗျားကတော့ ဖလင်သုံးထုပ်ပျက်စီးလျှင် နက်ဂတစ် ရှိနေသဖြင့် အချိန်မရွေးပြန်ကူးနိုင်သည်ဟု ရယ်၍နေလိမ့်မည်။ ခင်ဗျား၏ လူယုံ ဖလင်ကော်ပြား ဆေးစိမ် ဆေးကူးဘက်ဆိုင်ရာ မောင်စံသိန်းကို ကျွန်တော်တို့ စောစော ခြောက်နာရီခွဲလောက်ကပဲ ဝီစကီထဲ ဆေးထည့်တိုက်လို့ ဝမ်းတွေသွားနေလေရဲ့၊ အနည်းဆုံး ခုနစ်ရက်လောက်ကြာမှ အလုပ်လုပ်နိုင်မည်။ မယုံသွားကြည့်ပါလေ။

စောရသက်ပြင်း

ဦးကွန်းစင်သည် သက်ပြင်း၏စာကို ဖတ်ရှုပြီးသောအခါ မျက်နှာ ညိုသွားကာ တောက်တစ်ချက် ခေါက်လိုက်၏။ ရုပ်ရှင်ဇာတ်ကားကောင်း ဖြစ်ဖို့ရာ၌ သူ့ဆိုင်ရာဌာနတိုင်း အရေးကြီး၏။ ဒါရိုက်တာ ဇာတ်လိုက် ဇာတ်ရဲ့ အမူအရာကောင်း၊ ဓာတ်ပုံကင်မရာ အလင်းအမှောင်ကောင်း ဖြစ်စေကာမူ ဆေးစိမ်ဘက်ကညံ့လျှင် ပျက်စီးတတ်သည်။ စံသိန်းမှာ



လူတော်တစ်ယောက်ဖြစ်သည်။ စံသိန်းမရှိက အခြား ဆေးစိမ်ဘက်ဆိုင်ရာ လူငယ်များချည်း စိတ်မချရပေ။

'ကဲ မကြည်၊ မင်း နေရစ်၊ သူ့စာအတိုင်း ဟုတ်မဟုတ် မောင်စံသိန်းကို သွားကြည့်ဦးမယ်'

ဦးကွန်းစင်သည် ထိုသို့ပြောပြီးလျှင် လှေကားမှ ပြန်ဆင်းလာကာ စံသိန်းနေရာ ၃၆ လမ်းသို့ ရောက်လျှင် ကားကလေးသည် တိုက်တန်းလျားတစ်ခု၏ဘေးတွင် ရပ်လိုက်၏။ ဦးကွန်းစင်သည် နှစ်ထပ်သို့တက်၍သွားကာ အပြင်မှ တံခါးခေါက်လိုက်၏။ အထဲမှ မိန်းမသံဖြင့် 'ဘယ်သူလဲ' ဟု မေး၏။ 'ငါပါဟ လှမေရ' ဟု ပြန်ပြောစဉ် အသံကို မှတ်မိဟန်နှင့် တံခါးဖွင့်ပေးလိုက်သည်။

'မောင်စံသိန်းကော လှမေ၊ ဟင်'

ဦးကွန်းစင်သည် အသက် ၂၅ နှစ်ခန့် ရုပ်ရည်သနားကမား မိန်းမငယ်အား ပျာပျာသလဲ မေးလိုက်၏။ မိန်းမငယ်က

'အိပ်ရာပေါ်မှာ ဆရာ၊ ဆရာ့တပည့် အတော်ကြီးချိနေတယ်'

'အေး ဒါဖြင့် တကယ်ဟုတ်နေတာကိုး' ဟု ပြောပြီး ဦးကွန်းစင်သည် အခန်းထဲ ဝင်လာသည်။ မလှမေက ဦးကွန်းစင် ထိုင်ရန် အပြင်ဧည့်ခန်းမှ ကုလားထိုင်တစ်လုံးယူခဲ့၏။ နှစ်ယောက်အိပ်ခုတင်ပေါ်တွင် အသက် ၃၀ ခန့် လူရွယ်တစ်ယောက်မှာ ခပ်ကွေးကွေး မှိန်းနေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟင် ဆရာ၊ ဘယ်လိုသိလာသလဲ'

အလွန်ချည့်နဲ့သော အသံနှင့် ဦးကွန်းစင်အား မျက်လုံးဖွင့်ကြည့်ကာ မေးလိုက်၏။

'လူဆိုး လူညစ်ဆီက စာရလို့ပေါ့ကွာ'

လူမမာလည်း သူ၏ ခေါင်းအုံးအောက်တွင် လက်နှိုက် စမ်းကာ စာတစ်စောင်ကို ထုတ်၍ပြ၏။ ဦးကွန်းစင် ဖတ်ရှုကြည့်သောအခါ

ကိုစံသိန်း

မိတ်ဆွေအား မုန်းထား၍ မဟုတ်ပါ။ ဦးကွန်းစင်၏ မြင်းတော်စံမောင်ပြည့် မြန်မာပြည်အနှံ့အပြား မပြနိုင်အောင် မိတ်ဆွေအား ခုနစ်ရက်ခန့် အနားပေးရခြင်း ဖြစ်ပါသည်။ အသက်အတွက်မစိုးရိမ်ပါနှင့်။ ဝမ်းဆယ်ခါလောက် သွားပြီးလျှင် ရပ်သွားပါလိမ့်မည်။

စောရသက်ပြင်း

'ဖြစ်ပုံ ပြောစမ်းပါဦး မောင်စံသိန်းရယ်၊ ငါဖြင့် မနက်ဖြန် အားချင်း အကူးခိုင်းမယ်လို့ စိတ်ကူးနေတုန်း ဒီလိုဖြစ်ရတော့ လဲ သေလိုက်ချင်တယ်'

လူမမာသည် အားယူလျက်

'ကျွန်တော် တစ်ယောက်တည်း ပျင်းပျင်းရှိတာနဲ့ ဘုံဆောဟိုတယ်မှာ ငါးနာရီခွဲလောက်က ဘီယာတစ်လုံးမှာပြီး သောက်နေတယ်၊ ခြောက်နာရီလောက်ကျတော့ သားသား



နားနား ဝတ်ဆင်လာတဲ့ လူရွယ်နှစ်ယောက် ကျွန်တော့် စားပွဲမှာပဲ လာ လာ လာ'

မောင်စံသိန်းသည် အားနည်း၍ အနည်းငယ် မောသဖြင့် စကားပြတ်သွား၏။

'မောနေရင် ဖြည်းဖြည်းပြောပေါ့ ကိုသိန်းရဲ့'

ဇနီးသည် လှမေက စိုးရိမ်သံနှင့် သတိပေးနေသည်။ ဦးကွန်းစင်လည်း နားစွင့်နေ၏။

'ကျွန်တော့် စားပွဲ လာထိုင်ပြီး ဘလက်ကင်ဗိုက် ဝီစကီတစ်ခွက်စီ မှာကြတယ်၊ ကျွန်တော်လဲ ဘီယာကုန်လို့ ပြန်လာမယ်အလုပ် သူတို့က မိတ်ဆွေဖြစ် ဝီစကီတိုက်ပါရစေလို့၊ တစ်ခွက် မှာတိုက်ကြတယ်'

'ကိုယ်မသိဘဲနဲ့ ဘာလို့ သူ တိုက်တာ သောက်ရသလဲကွယ်'

'သူတို့က အားနာအောင်ပြောကြတော့ သောက်မိတာပဲ၊ နှစ်ခွက် ကုန်တဲ့အခါ သူတို့က မိတ်ဆွေ မူးနေပြီ၊ မြန်မြန်ပြန်ဆိုပြီး နှုတ်ဆက်ထွက်ခွာသွားကြတယ်၊ ကျွန်တော်လဲ လန်ချားတစ်စီးနဲ့ ပြန်ခဲ့တာပဲ ခင်ဗျာ'

'ဒီစာက ဘယ်လိုရတာလဲ'

'အိမ်မှာ လှမေကို လူတစ်ယောက်က ပေးသွားတာတဲ့၊ ကျွန်တော်လဲ နာရီဝက်လောက်ကြာရော ဝမ်းတွေ ဒရဟော သွားတာပါပဲ'

'အေးကွာ မြန်မြန်ပျောက်အောင် ဆရာဝန် ခေါ်ကု၊ ဘုန်စရိတ် ဆရာပေးမယ်'

www.burmeseclassic.com

www.burmeseclassic.com



ဦးကွန်းစင်သည် မောင်စံသိန်းအား အားပေးစကား ပြောကြားပြီးလျှင် ပြန်ခဲ့လေသည်။ သူသည် ကားအသစ်ကူး ရန်အတွက် မောင်စံသိန်းကလွဲ၍ မည်သူ့မျှ စိတ်မချချေ။ အခြားကုမ္ပဏီက တတ်ကျွမ်းသူများအား ငွေကြေးပေး၍ အခေါ်ခိုင်းလျှင် ရနိုင်၏။ ထိုလူများက စီးကရက်တိုမီးမှ မတော်တဆဟု နက်ဂ်တစ်တစ်လိပ်စာလောက် မီးရှို့ပစ်လိုက် လျှင် အခက်ဟု မဟားဝံ့ချေ။ မောင်စံသိန်းလက်အောက်တွင် လူငယ်နှစ်ယောက် ရှိသော်လည်း မောင်စံသိန်းလောက် မတတ်ကျွမ်းသဖြင့် ဖလင်များပျက်စီးမည်ကို စိုးရိမ်ရသည်။

ရုပ်ရှင်ရုံမှာ နှစ်ပတ်တွက်ဟုထားခြင်းဖြစ်ရာ ဆဋ္ဌမ မြောက်နေ့ကတည်းက ကားမပြနိုင်တော့သဖြင့် စရံငွေဆုံးရှုံး ရုံသာမက နောက်တစ်ပတ်အတွက် အပြည့်မပေးဘဲ တစ်ဝက် လောက်နှင့် ကျေနပ်အောင် ရှိစိုးဦးတင် တောင်းပန်ရသည်။ သတင်းစာ ကြော်ငြာများမှာ ကြော်ငြာမြဲ ကြော်ငြာနေရာ နောက်တစ်နေ့မှ ကြော်ငြာ ရပ်လိုက်ရ၏။ ဦးကွန်းစင်ကား တခေါက်ခေါက် အံတကြိတ်ကြိတ် ဖြစ်နေသည်။ သူ၏ အလုပ်ကို နှောင့်ယှက်သော စောရသက်ပြင်းအား အစိမ်းလိုက် ဝါးစားချင်နေ၏။

* * *

'ခင်မောင်ကြည်ရဲ့၊ လူကလေးရဲ့၊ မေမေ ဘယ်လိုနေရပါ့ မလဲကွယ် သားရဲ့'



'ဟော့ မကြည်၊ ငိုမနေစမ်းပါနဲ့ကွာ၊ သေသေးတာမှ မဟုတ်ဘဲ၊ မင်းက ငိုတော့ ငါ ခေါင်းမီးတောက်ပြီး ဘာလုပ် ရမှန်း မသိတော့ဘူး'

မကြည်ခင်သည် ကုလားထိုင်တစ်လုံးတွင်ထိုင်ကာ ချုံးချ ငိုကြွေးနေ၍ ဦးကွန်းစင်မှာမကြည်ခင်၏အနီး ကုလား ထိုင်များလွတ်ရာ ကြမ်းပြင်တွင် လူးလာတုံ့ခေါက် လမ်း လျှောက်နေသည်။ အခိုင်းအစေများနှင့် ရုပ်ရှင်လုပ်သားများ လည်း မျက်စိမျက်နှာမကောင်းကြဘဲ ဆရာနှင့် ဆရာကတော် တို့အား ကြည့်ရှုနေကြသည်။

မောင်စံသိန်း ဆေးမိပြီး နောက်တစ်နေ့ည ရှစ်နာရီ ခန့်အချိန်ဖြစ်၏။ မကြည်ခင် အသက် ၂၄ နှစ်အရွယ် ကိုကွန်းစင် အသက် ၃၄ နှစ်အရွယ် လူပျိုကြီးဘဝမှ အကြောင်းပါခဲ့ကြ၍ နောက်တစ်နှစ်တွင် သားကလေး 'အပါ' ကို မွေးခဲ့၏။ ကြီးပြင်းလာသောအခါ ခင်မောင်ကြည်ဟု နာမည်ပြောင်းထား၏။ သားဦးကလေးအား အရိပ်တကြည့် ကြည့်နှင့် ချစ်ခင်ခဲ့ကြသည်။ ခင်မောင်ကြည် ၁၀ နှစ်အရွယ် ရောက်မှ ယနေ့ညနေတွင် ထူးဆန်းစွာ ပျောက်ဆုံးသွားသော ကြောင့် အသည်းကြွေမတတ်ပူဆွေးကာ ငိုကြွေးနေရှာခြင်း ဖြစ်သည်။

ခင်မောင်ကြည် ညနေ ငါးနာရီခန့်အချိန်၌ ကလေး များနှင့်အတူ ဘောလုံးကစားနေ၏။ ထိုသို့ ကစားနေကြခိုက် သပ်ရပ်ခန့်ညားသော ကားကြီးတစ်စီး ကလေးများအလယ် တွင် ရပ်လိုက်ပြီး ကားထဲက လူရွယ်တစ်ယောက် ခင်မောင်

www.burmeseclassic.com

www.burmeseclassic.com



ကြည်အား ဆရာကြီး ခေါ်နေလို့ ခဏလိုက်ခဲ့ဟု ဆိုကာ တင်၍သွားသည်။ ဘောလုံးပွဲပြီးသောအခါ ခင်မောင်ကြည်ကို မမြင်ရမှ လူကြီးများသိရှိ၍ ကစားဖော်များက အထက်ပါအတိုင်း သူတို့ မြင်လိုက်ပုံကို ပြောပြခြင်း ဖြစ်သည်။

ဆရာကြီး ခေါ်သွားရိုးမှန်လျှင် အချိန်တန်က ပြန်လာလိမ့်မည်ဟု ထင်မှတ်နေကြ၏။ အတော်မှောင်မှ ဆရာကြီးထံ တယ်လီဖုန်းဆက်၍ မေးသောအခါ ဆရာကြီးက အခေါ်မခိုင်းရကြောင်းနှင့် ပြန်၍ပြော၏။ မိဘနှစ်ဦးစလုံး စိုးရိမ်စပြုလာပြီဖြစ်၏။ ခုနစ်နာရီခန့်တွင် ဗိုလ်တထောင်ဌာနာသို့ လူပျောက်မှုဖြင့် တိုင်ကြားထားသည်။ ခုနစ်နာရီခွဲခန့်တွင် လူငယ်ကလေးတစ်ယောက် စာလာပေး၏။ ထိုစာကို ဖတ်ရှုကြရတော့မှ မကြည်ခင် ကြုံကြုံပါအောင် ငို၍နေခြင်း ဖြစ်သည်။

စာမှာ ခင်မောင်ကြည်အား လူပြန်ပေး ခြိမ်းခြောက်စာဖြစ်၏။ လူပြန်ပေးလုပ်သူက သူလိုသောပစ္စည်းကို ငါးရက်အတွင်း မပေးအပ်က ကလေးကို သတ်ပစ်မည်ဆိုသည်။ ခေါင်းမာလှသော ကိုကွန်းစင်က သူ နှမြောနေသောပစ္စည်းကို မပေးအပ်ဘူးနေပါက ကလေးဆုံးရတော့မည်ကို စိုးရိမ်ကာ မကြည်ခင် ငိုကြွေးရှာတော့ရာ ဦးကွန်းစင်သည် ချီတုံချတုံ ဖြစ်နေသည်။

ဦးကွန်းစင်သည် တယ်လီဖုန်းစားပွဲရှိရာသို့ သွားပြီးလျှင် တစ်စုံတစ်ဦးနှင့် တယ်လီဖုန်းဆက်ကာ စကားပြောနေသည်။



'ဟုတ်ကဲ့၊ အခုပြောနေတာ ကိုးနဝင်း ရုပ်ရှင်ကုမ္ပဏီပိုင်ရှင် ကွန်းစင်ပါ၊ ဗိုလ်တထောင်ဌာနာအုပ်က ဦးအောင်မြင့်နဲ့ တိုင်ပင်ကြည့်ဖို့ အကြံပေးလို့ပါပဲ၊ ဘယ်မှာ တွေ့နိုင်မလဲခင်ဗျာ၊ ဟာ ကျွန်တော့်အိမ်ကို တမင်မလာပါနဲ့ မာတနီလား၊ ဟုတ်ကဲ့၊ အခုပဲ လာခဲ့ပါ့မယ်'

ဦးကွန်းစင်သည် အိမ်အပေါ်ထပ်မှ ဆင်းခဲ့ပြီးလျှင် ပန်းဆိုးတန်း မာတနီ ဟိုတယ်ရှိရာသို့ အိုပယ် ကားနက်ကလေးနှင့် ထွက်လာခဲ့သည်။

(ထိုစဉ်က မာတနီခေါ် မျက်နှာဖြူဟိုတယ်မှာ ယခု ဆန်းရှိုး ကဖီးနေရာ တိုက်အမှတ် ၉၂၊ ယခင်က ရဲသတင်းစာတိုက် အောက်ထပ်တွင် ရှိသည်။)

မာတနီ တိုက်ရှေ့တွင် အော်စတင် ကားကလေးတစ်စီး ရပ်ထား၏။ ကားဘောင်တွင် ထားဝယ်ကျူထရံကွက်ဝါညိုရောင်လုံချည်၊ သင်္ကလပ်နက်အင်္ကျီနှင့် လူတစ်ယောက်ကို ခတ်မှိုးရောင်နှင့် မြင်ရမည်ဖြစ်၏။ အိုပယ် ကားကလေးလည်း အော်စတင်ကားကလေး၏နောက်တွင် ထိုးရပ်လိုက်ကာ ကားထဲမှ အရပ် ၅ ပေ ၈ လက်မခန့် ထွားထွားကျိုင်းကျိုင်း လူတစ်ယောက် ခေါင်းငုံ့ ထွက်ဆင်းလာသည်။

'ကဲ ဦးကွန်းစင် လာဗျို့၊ အောက်ထပ်ဝင်ရအောင်'

ဦးကွန်းစင်သည် ဦးအောင်မြင်နှင့် လူချင်းတစ်ခါမျှ တွေ့ဆုံ စကား မပြောဘူးချေ။ ဦးအောင်မြင်က နာမည်ကို ခေါ်လိုက်သောအခါ အတော် အံ့အားသင့်သွားသည်။

'ဦးအောင်မြင် ဘာသုံးဆောင်မလဲ'

www.burmeseclassic.com

www.burmeseclassic.com



အခန်းတစ်ခန်းထဲသို့ ဝင်ထိုင်မိတြ၍ ဘိုင်ကုလား ရောက်ရှိ၍လာသောအခါ ဦးကွန်းစင်က မေးလိုက်ခြင်း ဖြစ်၏။

'ဘီယာလောက် တော်ပါပြီဗျာ'

'အော်လဆော့ဘီယာ ဒိုးထိုးလောင်း'

ဘိုင်ကုလား ထွက်သွားပြီး ချက်ချင်းလိုပင် အော်လဆော့ဘီယာ နှစ်လုံးနှင့် ဖန်ခွက်ကြီးနှစ်လုံးယူ၍လာသည်။ ဦးကွန်းစင်က သားကလေး ပျောက်ဆုံးပုံကို အကျဉ်းချုံး ပြောပြနေသည်။

'ဒီကောင်ဟာ ဗွဲအတော်ကြီးတယ်၊ မနေ့က သုံးနာရီခွဲ ပွဲမှာ ပေထုပ်သုံးခုနဲ့ ဖျက်တယ်၊ ခြောက်နာရီခွဲပွဲမှာ ဖလင်သုံးလိပ် ခိုးသွားတယ် မဟုတ်လား'

'ဟင် ဒါတွေ ဦးအောင်မြင် သိနေပြီလား'

'ဒါတင်ဘာကမလဲ၊ ကားကူးတဲ့ မောင်စံသိန်းကို ချာပီးအောင် လုပ်လိုက်တဲ့အထိ သိပြီးပါပြီ'

ဦးကွန်းစင်သည် ဦးအောင်မြင်၏ မျက်နှာကို ဘီယာ သောက်ရင်းက မသက်သလို ကြည့်နေသည်။ ဦးအောင်မြင် ကလည်း ရိပ်မိသည့် လက္ခဏာနှင့်

'ကျွန်တော် အောင်မြင် အစစ်ပါ၊ စာရသက်ပြင်း မဟုတ်ပါဘူး၊ စာရသက်ပြင်းက ကျွန်တော့်ထက် အရပ် လေးလက်မလောက် မြင့်ပါတယ်၊ အသက်လဲ ငယ်တယ်'

'ဆောရီး ဦးအောင်မြင်၊ ကာယကံရှင်ဖြစ်တဲ့ ကျွန်တော်တို့က လွဲရင် ဘယ်သူမှ မသိသေးတဲ့ စံသိန်းကိစ္စ ပါနေလို့ပါ'



'စာရသက်ပြင်းက ပေးတဲ့စာကော ယူခဲ့တယ် မဟုတ်လား'

'ဟော ဒါလဲ သိနေပြန်ပါပြီ'

'ဒီကောင်က ဆင်ခြေ ဆင်လက်အလွန်များတာ၊ အလုပ်တစ်ခု လုပ်ရင် စာအရှည်ကြီး ရှင်းလင်းပြတတ်လို့ မေးမိတာပါပဲ'

'ဟုတ်ပါတယ်၊ ဒီမှာ သူ့စာပေါ့'

ဦးကွန်းစင်သည် ရှပ်အင်္ကျီ အိတ်ထဲက စာခေါက် တစ်ခုကို ဆွဲထုတ်ကာ ဦးအောင်မြင်အား လက်လှမ်းလိုက်၏။ ဦးအောင်မြင်ယူ၍ ဆန့်ဖြန့် ဖတ်ရှုသောအခါ

ဦးကွန်းစင်

မိတ်ဆွေကြီးအား ကျွန်တော် လိုက်လံနှောက်ယှက်နေခြင်းမှာ မိတ်ဆွေအား မုန်း၍မဟုတ်၊ မိတ်ဆွေအကျိုးကို ပျက်စီးစေလိုသော ဆန္ဒလည်း မရှိပါ။ ကျွန်တော် ရှုမှန်းတာကတော့ စုန်း နတ် ကဝေ တစ္ဆေ သူရဲရှိသည်ဟု မြန်မာ လူမျိုးတို့ အယူသည်းစွာ စွဲလမ်းမှုဖြစ်ပါသည်။ နတ်အားကိုး ဝိဇ္ဇာအားကိုးနှင့် မြန်မာတို့စိတ်ဓာတ် ပျော့ညံ့ ပျက်ပြားသည်ကိုကား လုံးဝ မလိုလားပါ။ တောင်ပြိုး မင်းညီနောင်ဆိုတာ အစကတည်းက မရှိခဲ့တာ အမှန်ပဲ၊ ပုပ္ပားတောရ ဟန်းမင်းလက်ထက်က နတ်နဂါးကိုးကွယ်မှုကို အနော်ရထာမင်းစော အာဏာနှင့် တိုက်ဖျက်ရာ၌ အောင်မြင်သလောက် အောင်မြင်သော်လည်း နတ်

www.burmeseclassic.com

www.burmeseclassic.com



ကိုးကွယ်ယုံကြည်မှု စိတ်ဓာတ်တွေဟာ ခိုင်မြဲတုန်းရှိကြသေးသည်။ မင်းပြစ်သင့်၍ သတ်ပစ်လိုက်သည့် ရွှေဖျဉ်းကြီး ရွှေဖျဉ်းငယ်ကို နတ်ဖြစ်သွားလေဟန်၊ မှူးမတ်ပညာရှိတွေက စတန့်လုပ်ခဲ့ခြင်းသာ ဖြစ်သည်။ စစ်တိုက်ရာ၌ ထိုနတ်ညီနောင်ကပါ ကူညီတိုက်သည်ဟု ပြောတော့ လူစစ်သားတွေကလည်း နတ်ကို ယုံကြည်နေကြခိုက်၊ အားတက်သရော နတ်အားကိုးနှင့် စွန့်စားခဲ့ကြခြင်းသာ ဖြစ်သည်။ မရှိခဲ့တာကို ရှိလေသယောင် နတ်ကတော် နတ်ထိန်းတို့ စားပေါက်ထွင်ကြသည်ကို ယခုခေတ်တွင် အားမပေးသင့်ဘူးလို့ ယူဆသည့်အတိုင်း၊ ခင်ဗျား၏ နတ်စုတ်နတ်ပဲ့ ဓာတ်ကားများကို နှောင့်ယှက်နေခြင်း ဖြစ်သည်။ သို့ရာတွင် ခင်ဗျားက ခေါင်းမာနေသဖြင့် ခင်ဗျား၏သားကလေးကို လူပြန်ပေးလိုက်ရခြင်းဖြစ်၏။ ခင်ဗျား၏ သားကလေးကို အသက်နှင့် ပြန်လည်ရရှိလိုပါက မြင်းတော်ခံမောင်ပြည့် ဓာတ်ထုပ်ဖလင်နက်ဂတစ် (Negative) ကို ကျွန်တော့်အား ပေးအပ်ရန်ဖြစ်ပါသည်။ ငါးရက်အတွင်း မပေးအပ်ပါက ခင်ဗျား၏သားကလေး အလောင်းကိုသာ တွေ့ရှိရပါ လိမ့်မည်။

စောရသက်ပြင်း

ဦးအောင်မြင်သည် စာရွက်ကို ဖတ်ရှုပြီးနောက် ဦးကွန်းစင်အားပြန်ပေးကာ ဦးကွန်းစင်၏ မျက်နှာကို အကဲခတ်သလို ကြည့်ရှုနေ၏။ နှာခေါင်း မပွတပွ၊ အသားလတ်လတ်၊ မျက်လုံးပြူး နဖူးကျဉ်းနှင့် ရက်စက်မည့်အသွင်ဟု မှတ်ချက်ချလိုက်၏။



'ကျွန်တော့်သားလဲ မသေရအောင်၊ ဖလင်နက်ဂတစ်လဲ မပေးရအောင် ဘယ်လိုလုပ်ရမယ်ဆိုတာ ဦးအောင်မြင်နဲ့ တိုင်ပင်တာပဲ'

'ဒီကောင်လုပ်ရင် ပိပိရိရိ လုပ်တတ်တော့ အကြံပေးဖို့ မလွယ်ဘူးဗျာ၊ ကလေးကလဲ သူ့လက်ထဲ ရောက်နေပြီကိုး'

'ငွေတစ်သောင်းလောက် တောင်းရင် ကျွန်တော် အလွယ်တကူ ပေးလိုက်မှာပဲ၊ ခုဖလင်ကားပဲ နယ်တွေကို ပို့ရရင် လေးငါးသောင်းအနည်းဆုံးရမှာ၊ ပြီးတော့ ကျွန်တော့်ကို နှောင့်ယှက်တဲ့အကောင်မို့ တစ်စက်ကလေးမှ အလျှော့ မပေးချင်ဘူး'

ဦးအောင်မြင်က ထင်မြင်ချက် မပြောသေးဘဲ ဆေးပြင်းလိပ်ကို မီးညှိ၍ဖွာရှုကာ ဦးကွန်းစင်၏ မျက်နှာကို ကြည့်နေသည်။

'ဒီကောင်နဲ့ လူချင်းသာတွေ့ပြီး ဒူးယဲဖိုက်တင်း လုပ်ချင်တော့တာပဲ၊ ဓား ကြိုက်သလား၊ သေနတ် ကြိုက်သလား'

ထိုကိစ္စမှာလည်း ပုလိပ်စုံထောက် အရာရှိတစ်ယောက်၏ အလုပ်မဟုတ်သဖြင့် ဦးအောင်မြင် ငြိမ်နေသည်။ ထိုအတွင်း ဟား ဟား ဟားဟု ရင်းတို့အခန်း၏ အပြင်ဘက်နားက ပြတင်းပေါက်သို့သွားကာကြည့်လိုက်၏။ လူတစ်ယောက် ခပ်တည်တည် စီတီး ဘွတ်ကလပ်ဆောင်မှ လျှောက်သွား

www.burmeseclassic.com

www.burmeseclassic.com



သည်ကို မြင်ရသဖြင့် ခါးက ခြောက်လုံးပြူး ဆွဲနုတ်စဉ် ဦးအောင်မြင်က တားထားရသည်။

'တောက်၊ သိပ်ခံပြင်းစရာ ကောင်းတာပဲဗျာ'

'အနို့ ဦးကွန်းစင်၊ ဘယ်လိုလုပ်မလို့ စိတ်ကူးသလဲ'

'ကျွန်တော်တို့ မောင်ရံ နှမရံမွေးထားတဲ့ သား၊ ဒါပေမယ့် သေပေ့စေ၊ ဇစ်စက်မှ အလျှော့မပေးဘူး၊ ကျွန်တော့် ဇနီးက နှစ်နှစ်တစ်ယောက် မှန်မှန် မွေးနေတာပဲ၊ ခင်မောင်ကြည်အောက် သုံးယောက်ရှိသေးတာပဲ'

အလောင်းဘုရား လက်ထက် ခင်ဦးစား၏ မိခင်သဘောမျိုး ပြောပြလိုက်သဖြင့် ဦးအောင်မြင်သည် ဦးကွန်းစင်၏ ရက်စက်ပုံကို အံ့အားသင့်နေသည်။

'ကျွန်တော်တို့ကလေးကို ပြန်တွေ့အောင် တတ်နိုင်သလောက် ကြိုးစားပါ့မယ်' ဦးအောင်မြင်သည် ထို့ထက်ပိုမို မပြောနိုင်တော့ပေ။ စောရသက်ပြင်းနှင့် အတွေ့အကြုံများခဲ့ပြီဖြစ်သဖြင့် ဦးကွန်းစင်သာ နစ်နာတော့မည်ကို အတပ်တွေးမိသောကြောင့်ပင် ဖြစ်သည်။

'ဦးကွန်းစင်က ယောကျ်ားမို့တင်းခံနိုင်ပေမယ့် မိခင်တော့ အတော်ပူဆွေးနေရှာမှာပဲ'

'ပူဆွေးတာတော့ မပြောနဲ့၊ ချုံးပွဲချ ငိုနေတာပဲ၊ ဒါပေမယ့် ဘယ်နည်းနဲ့မှ ကျွန်တော် အလျှော့မပေးဘူးဆိုတာ ယုံပါတော့ ခင်ဗျာ'

နှစ်ဦးစလုံး ဆယ်နာရီတွင် ဟိုတယ်က ခွဲခွာခဲ့ကြသည်။

* * *



ဒေါ်ကြည်ခင်

ကျွန်တော်ဟာ စောရသက်ပြင်း၏ လူယုံ တပည့်တစ်ယောက် ဖြစ်ပါသည်။ ခင်မောင်ကြည်ကလေးကို ကျွန်တော်ပင် ထိန်းသိမ်းစောင့်ရှောက်နေရသဖြင့် ကလေးအားချစ်သနားနေပါသည်။ ရုပ်ရည်ကလည်း ဒေါ်ကြည်ခင်နှင့် ပို၍တူသဖြင့် ကလေးချောကလေး ဖြစ်နေပါသည်။ အပြောအဆိုကလည်း လိမ္မာလှသည်။ 'ကျွန်တော့် မေမေဆီ ပြန်ပို့ပေးပါခင်ဗျာ၊ ဖေဖေလဲ လွမ်းတယ်၊ ဒါပေမယ့် မေမေ့ကို ပိုပြီး လွမ်းတယ်၊ မေမေ့ကို ကျွန်တော် သိပ်ချစ်တယ်၊ မေမေ့ရင်လဲ ခေါ်ပေးပါလား ခင်ဗျာနှင့် မျက်ရည်ကလေးလည်ကာ ပြောရှာသောအခါ ကျွန်တော်ကိုယ်တိုင် ယူကျုံးမရဖြစ်မိသည်။ ကျွန်တော်တို့ ဆရာကတော့ သူလိုသည့်ပစ္စည်းမရလျှင် ကလေး၏ အသက်ကို ချမ်းသာပေးမည်မဟုတ်ပါ။ သည်တော့ ဒေါ်ကြည်ခင် ဘယ်လိုများ အကြံထုတ်နိုင်ပါသေးသလဲ၊ အကြံထုတ်နိုင်ပါက အကျိုးအကြောင်းကို သူရိက မဂ္ဂဇင်းမှတစ်ဆင့် မောင်သာကျော်သို့ဟု လိပ်တပ်ပြီးပို့ပေးပါ၊ ကျွန်တော်တို့လည်း တတ်အားသမျှ ကြိုးစားပါမည်။

သာကျော်

ခင်မောင်ကြည်အား လူပြန်ပေးလုပ်ထားပြီးနောက် သုံးရက်မြောက်နေ့တွင် မကြည်ခင် ဖတ်ရှုရခြင်းဖြစ်သည်။ သား‌ချစ်ကလေးအတွက် ပူဆွေးနေခိုက် စိတ်ကို အထူးထိုက်

www.burmeseclassic.com

www.burmeseclassic.com



လော့က်အောင် ရေးသားထားသော သာကျော်၏စာကို ဖတ်ရှုရသောအခါ မျက်ရည်တွေတွေစီးဆင်း၍ နေရှာသည်။

ဦးကွန်းစင်ကား ခေါင်းမာနေဆဲပင်ဖြစ်၏။ ငါးရက်မြောက်လျှင် စံသိန်းရောဂါပျောက်မည်၊ ထိုအခါက ပေါ့ဖစ်တစ် ဖလှင်တွေမှာလည်း ယခုအခါကဲ့သို့ ပေတာစ်ထောင်၇ဝိ၊ ၈ဝိ နှုန်း မပေးရဆဲ ပေါလှသဖြင့် လေးငါးထုပ်ကူးပြီး နယ်အသီးသီးသို့ပို့မည်ဟု စိတ်ကူးထားသည်။ ဇနီးဖြစ်သူကလည်း သားကလေးအား ချစ်ခင်စွာ လွမ်းနေသဖြင့် မတော်တဆ နက်ဂတစ်ဖလင်များကို စောရသက်ပြင်းအား ပေးအပ်လိုက်ပါက အခက်ပဲဟု အိမ်ကြီး၏ အောက်ထပ် ဖလင်များထားသောအခန်းကို သော့ခလောက်ကြီးများ ခတ်လျက် ကိုယ်တိုင်စောင့်ကြပ်နေသည်။ အိပ်အပေါ်ထပ်သို့ပင် မတက်ဘဲ စားစရာ သောက်စရာကို အောက်ထပ်က မှာ၍ စားသောက်၏။ အိပ်လျှင်လည်း တံခါးမပေါက်တွင်ပင် အိပ်စင်နှင့် ပိတ်ဆို့ကာ အိပ်လေ့ရှိသည်။ ငါးရက်တာမျှ အဆင်းရဲအပင်ပန်းခံလိုက်လျှင် သူ့အကြံအောင်မြင် မည်ဟု သေချာပေါက် တွက်ချက်ထားလေသည်။

အပေါ်ထပ်ကား ပျဉ်နံ့ရံကာမျှဖြစ်၍ စိတ်မချ။ အောက်ထပ်မှာ အုတ်နံ့ရံကာဖြစ်၍ ပိုမိုစိတ်ချကာ ဖလင်များကို အပေါ်ထပ်သို့ မရွှေ့ဘဲထားခြင်းဖြစ်၏။

စောရသက်ပြင်းတွင် တပည့်များ သစ္စာဖောက်ဝံ့သည်ဟု မရှိချေ။ တစ်ဦးရှိခဲ့တုန်းက မည်ကဲ့သို့ ဆုံးမခဲ့ဖူးသည်ကို တပည့်အဆက်ဆက် နားလည်ကြကာ နောက်ထပ် သစ္စာ



မဖောက်ဝံ့ကြခြင်း ဖြစ်၏။ သာကျော်ဆိုသူက မကြည်ခင်ထံ ရေးသောစာမှာ စောရသက်ပြင်း၏ သဘောအတိုင်း ရေးသားရခြင်းဖြစ်သည်။ မဟောသဓောတ်တွင် စူဠနီ ဗြဟ္မဒတ်မင်း မဟောသဓအား သတ်ချင်စိတ် ပေါ်လာစေကာ မသတ်ရဲအောင် ဝိဒေဟရာဇ် မင်းကြီး၏ လက်ထဲသို့ ပါသွားသော ဗြဟ္မဒတ်မင်း၏ အချစ်သဲများ၏ ဂုဏ်ကို ချီးကျူးသော သဘောမျိုးဖြစ်သည်။

ကလေးပြန်ပေး လေးရက်မြောက် ည ခုနစ်နာရီခန့်၊

ကန်တော်ကြီးစောင်း အိုပယ်ဆလွန်းကားနက်ဈေး၏ နောက်ပိုင်းတွင် အသက် ၄၅ နှစ်ခန့် လူကြီးတစ်ယောက် ကူရှင်ကိုမှီကာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေရာမှ အသက် ၁၀ နှစ်ခန့် ကလေးတစ်ယောက်က 'ဖေဖေ ထထ' ဟု ခန္ဓာကိုယ်ကြီးကို လှုပ်ကာ လှုပ်ကာ နှိုး၍နေသည်။ လူကြီး၏ မျက်နှာကား တစ်ရုံတစ်ဦးက ရေခဲရေနှင့် ပက်ဖျန်းသွားသဖြင့် အေးစက်နေ၏။ လူကြီးသည် မျက်လုံးကို ဖြည်းဖြည်းဖွင့် ကြည့်ကာ

'ဟင် ခင်မောင်ကြည်၊ မင်း အိမ်ကို ဘယ်တုန်းက ရောက်လာသလဲ'

'အိမ်မဟုတ်ပါဘူးဖျား၊ ကျွန်တော်တို့ ကားကလေး ပေါ်မှာ၊ လူကြီးတွေက ကျွန်တော့်ကိုဒီလာပို့ပြီး အဲဒါ မင်း ဖေဖေ အိပ်ပျော်နေတယ်လို့ ပြောသွားတယ်'

ဦးကွန်းစင်သည် နေရာမှ လူးလဲထကာ ကြည့်လိုက်သောအခါ တစ်ဖက်က ကန်တော်ကြီးရေပြင်၊ တစ်ဖက်က

www.burmeseclassic.com

www.burmeseclassic.com



လမ်းမနှင့်ကုန်းစောင်းကိုမြင်ရ၏။ ညနေ ငါးနာရီခွဲ ခြောက်နာရီနီးပါးခန့်က ညနေစာ ထမင်းစား၏။ ထမင်းစားပြီး ငါးမိနစ်အတွင်းမှာပင် အလွန်အမင်း အိပ်ချင်သဖြင့် ဖလင်တခါးပေါက်တွင် အိပ်ချလိုက်ကြောင်းသာ အမှတ်ရတော့သည်။

ဦးကွန်းစင်သည် ကားရှေ့ပိုင်းသို့ပြောင်း၍ ထိုင်ကာ ၅၁ လမ်းသို့ ခပ်မြန်မြန် သူကိုယ်တိုင် မောင်းနှင်၍ ပြန်လာခဲ့၏။ ၇ နာရီ မိနစ် ၂၀ ခန့်တွင် ရောက်ရှိလာသည်။ အခြားအိမ်များမှာ လှုပ်လှုပ်ရှားရှား စကားပြောသူပြော၊ ရေဒီယိုဖွင့်သူ ဖွင့်နေကြသော်လည်း သူ၏အိမ်ကား ဆိတ်ငြိမ်၍နေ၏။ ရှေ့ဦးစွာ အောက်ထပ်သို့ဝင်၍ ကြည့်သောအခါ ဖလင်ထားသော အခန်းတံခါး ဟပွင့်နေသည်။ လျင်မြန်စွာ ဖလင် သေတ္တာငယ်များကို စစ်ဆေးကြည့်ရှုသောအခါ မြင်းတော်ခံမောင်ပြည့် ဇာတ်ထုပ်မှာ နံပါတ် ၁ မှ ၁၄ အထိ သေတ္တာငယ် ၁၄ ခုစလုံး မရှိတော့ချေ။ သတိမေ့ မသွားရန် မနည်းစိတ်ကိုတင်းကာ ဟင်းဟု သက်ပြင်းချရာမှ စာရွက်ခေါက် တစ်ခုကို မြင်ပြန်သဖြင့် ကောက်ယူဖတ်ရှုရာ

ဦးကွန်းစင်

ကျွန်တော်ဟာ ဂုဏ်သရေရှိ သူခိုးကြီးတစ်ယောက်၊ ပင်ကိုငွေကြေးချမ်းသာသူဆိုတာ မသိချင်လျှင် ရှိပါစေတော့၊ ဘီလပ်ပြန် ဆေးဆရာဝန် တစ်ယောက်ဆိုတာတော့ သိစေချင်ပါသည်။ ဒီလိုလူ တစ်ယောက်က ခင်ဗျား



တို့ စားဖိုချောင်ကို တစ်နည်းနည်းဝင်ကပ်၍ ခိုးမိလျှင် ငါးမိနစ် ၁၀ မိနစ်အတွင်း အိပ်ပျော်ဆေးခပ်ထားခဲ့ရန် မခဲယဉ်းတော့ပါ။ တစ်အိမ်လုံး အိပ်ပျော်နေသည့်အခါ ကျွန်တော် လိုချင်သည့်ပစ္စည်းကို ခင်ဗျား၏ခါးက သော့နှင့် ဖွင့်ယူရန် မခဲယဉ်းတော့ပါ။

စောရသက်ပြင်း

'တောက်၊ ဒီတစ်ချီနာတယ်ကွာ'

ခင်မောင်ကြည်ကား ဖခင်ကြီးနှင့် အတူမလိုက်လာဘဲ အိမ်အပေါ်ထပ်သို့ တက်ရောက်ကာ မိခင်ကြီး၏ အခန်းသို့ ပြေးဝင်သွား၏။ မိခင်ကြီးမှာ ခုတင်ပေါ်တွင် အိပ်ပျော်နေသည်။ ညီငယ် ညီမငယ်များလည်း အသီးသီး အိပ်ပျော်နေကြ၏။

'အစောကြီးရှိသေးတယ်၊ အားလုံး အိပ်ပျော်ကုန်ကြပြီ ဖေဖေ'

ဦးကွန်းစင် တက်ရောက်လာသောအခါ ကလေးငယ်က ဆီး၍ ပြောလိုက်ခြင်း ဖြစ်၏။ ကိုသက်ပြင်းသည် ဦးကွန်းစင်၏ နတ်စုတ်ဇာတ်ထုပ် ဖျက်ဆီးခဲ့ပုံအကြောင်းကို ကျွန်တော့်အား ပြန်ပြောစဉ် ကိုသက်ပြင်းက

'ဒီတစ်ခါ အိပ်မွေ့ချရတာက ခင်ဗျားကို တစ်ခါပြောဖူးတဲ့ မျက်နှာဖြူစစ်သားတွေ လုပ်တုန်းကလို မလွယ်ဘူး၊ မကြည်ခင်က သူ့သားကလေးသာ အသက်ရှင်မယ်ဆိုရင် ဖလင်မကလို့အိမ်ကြီးကိုပါ မီးနဲ့တိုက်ပါ၊ သူက ကူညီပါ့မယ်

www.burmeseclassic.com



လို့ သာကျော့်ဆီ စာပြန်လို့ ဟင်းအိုးထဲ အိပ်ပျော်ဆေးကို သူကိုယ်တိုင် အခပ်ခိုင်းရတာ၊ ခပ်ရုံနဲ့မပြီးသေးဘူး၊ ဟင်းကို မစားသေးတဲ့လူ ရှိက ဒီပြင်စားတဲ့ဟင်းထဲပါ ခပ်ရန်၊ စား မစား အကဲခတ်ဖို့ပါ စီစဉ်ပေးရတယ်၊ အချုပ်မတော့ ဒီကိစ္စ ဟာ မကြည်ခင် မကူညီရင် မအောင်မြင်နိုင်ဘူး ကိုဘဆွေ'

''တကာယ်မရှရင် ကလေးကို ခင်ဗျား အဟုတ် သတ် ပစ်ပါ့မလား'

'ကိုဘဆွေကလဲ ကျွန်တော့် အကြောင်း သိသားနဲ့၊ ချောက်တာပေါ့ဗျာ၊ မရတော့လဲ အသက်နဲ့ ပြန်လွှတ်ပေး မှာပါ၊ ခုတော့ ကျွန်တော့် တွက်ကိန်း မမှန်လား၊ ပြီးတော့လဲ လူမှန်းလို့လုပ်တာ မဟုတ်တဲ့အကြောင်း ရှင်းလင်းပြီး ငွေ တစ်သောင်း လျော်ပေးလိုက်ပါသေးတယ်'

ကိုသက်ပြင်းသည် ထိုသို့ပြောပြီးလျှင် စီးကရက် တစ်လိပ်ကို မီးညှိ ဖွာရှိုက်နေသဖြင့် ကျွန်တော်လည်း ကိုသက်ပြင်း၏ စိတ်ဗညာ အယူအဆကို စိတ်တွင်းက ချီးမွမ်းနေမိပါသတည်း။

□ □



၂

လွန်ခဲ့သည့် နှစ်လက

ကျွန်တော့် မိတ်ဆွေကြီး

ကိုသက်ပြင်း၏ ကိုယ်ရည်သွေးကို အတော်ကလေး ရေးသား ဖော်ပြခဲ့ပါသည်။ ကျွန်တော့် ရည်ရွယ်ချက်မှာ အသက် ၂၀ ပတ်ဝန်းကျင်ရှိ စာဖတ်ပရိသတ်များ ပိုမို နားလည်စေချင်သောကြောင့် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ယောကျာ်းတစ်ယောက်၏ ကိုယ်ရည်ပြည့် ကိုယ်ရည်သွေး ရှိရန်ကား တစ်သောင်းမှတစ်ယောက် အလွန်ရှိခဲ့သည်ဟု ကျွန်တော် ဆိုချင်ပါသည်။ ၁။ ကာယဗလ တောင့်တင်း အချိုးကျသော ခန္ဓာကိုယ်၊ ၂။ လူလေးစား ချစ်ခင်ကြည်ညိုဖွယ် ကောင်းသော ဥပတိရုပ်၊ ၃။ အထက်တန်းခေတ်ပညာ၊ ၄။ သိုင်း ဗန်တို ဗန်ရှည်စသော ကိုယ်ခံကာကွယ်ရေးပညာ၊ ၅။ ပကတိ ရဲရင့်တည်ကြည်သော သူရသတ္တိ၊ ၆။ အကင်းပါး ဖျတ်လတ်ခြင်း၊ ကွက်ကျော်မြင်တတ်ခြင်း။

ကျွန်တော်၏ မိတ်ဆွေမို့ အမွှန်းတင်နေခြင်း မဟုတ်၊ ကိုသက်ပြင်းမှာ အထက်ပါအရည်ပြည့်နှင့် ပြည့်စုံသူဖြစ်ပါသည်။

လူအချို့ဟာ ဉာဏ်ကောင်းသော်လည်း အကင်းမပါးကရှုးပေါပေါအကြောင်ကြောင်ဖြစ်တတ်သည်။ ကိုသက်ပြင်းကား တန်ဖုပ္ပတ္တိဉာဏ်ရှိ၍ အရေးပေါ်ကိစ္စဟူသမျှ ချက်ချင်းဆုံးဖြတ် ပြီးမြောက်အောင် လုပ်တတ်ပါသည်။

ဥပမာ လူနှစ်ယောက် သတ်ပုတ်နေကြသည်အနက် ၁၀ ပေခန့် အကွာတွင် ခြောက်လုံးပြူး လွတ်ကျနေသည်ကို မြင်ရ၏။ နှစ်ဦးသား သူ့ထက်ငါ အလျင်ရအောင် ပြေးကောက်ကြမည်ဖြစ်ရာ အပြေးမြန်သူချည်းဖြစ်၍ ခြောက်လုံးပြူး အနီးသို့ ပြိုင်တူရောက်ကြ၏။ အကင်းပါးသူကမူ ခြောက်လုံးပြူးကို အလျင်မကောက်ဘဲ တခြားတစ်ယောက်က ခြောက်လုံးပြူး ကောက်ယူမည့်လက်ကို ခြေနှင့်ခတ်ဖယ်ပြီးမှ အေးအေးဆေးဆေး ကောက်နိုင်၏။ ကိုသက်ပြင်းသည်



ဤနည်းဖြင့် တစ်ကြိမ်က ကိုအောင်မြင်အား အနိုင်ယူဖူးပါသည်။

တစ်ကြိမ်ကလည်း မိတ်ဆွေ တရားသူကြီးတစ်ဦးအား ဆင်းရဲသားတစ်ဦးအပေါ် ထောင်မချဘဲ ဒဏ်ငွေလော်က်တပ်ရန် ထိုဒဏ်ငွေကိုလည်း မိမိက ပေးဆောင်ပါရမည်ဟု တောင်းပန်ဖူး၏။ တရားသူကြီးသည် အဆိုပါ တရားခံအား ထောင်ချပစ်လိုက်သဖြင့် ကျန်ရစ်သော သားမယားများ၊ စားရမဲ့ဘဝသို့ ရောက်ရှိသွားရာ ကိုသက်ပြင်းက ကျွေးမွေး၏သည်။

တစ်နေ့သ၌ ထိုတရားသူကြီးသည် ပုလိပ်ရုံးကြီးလှေကားမှအဆင်း ချော်လဲသဖြင့် ဦးခေါင်းကွဲကာ ဆေးရုံကြီးတွင် တနင်္ဂနွေနှစ်ပတ်ကျော်တက်ရောက်ကုသရ၏။ သတင်းစာများကလည်း ခြေချော်လဲသည်ဟုသာ ရေးကြ၏။ မိတ်ဆွေ သင်္ဂဟများနှင့် တရားသူကြီးကိုယ်တိုင်လည်း မတော်တဆဖြစ်ရတာပဲဟု အောက်မေ့ကြသည်။

ကိုသက်ပြင်းက အကျိုးအကြောင်း ပြန်ပြောင်းပြောဆိုမှ ရယ်မောမှတ်သားပါတော့သည်။ သူပြောပုံက

'ဒီလို ကိုဘဆွေရေ့၊ တရားခံ ကိုဘတိုးဟာ လူအေးလူကောင်း၊ အရိုက်ခံရတဲ့ ဘထိုက်က လူမိုက်၊ အကြိမ်ကြိမ်စော်ကားတာ မခံနိုင်လို့ နီးရာတုတ်နဲ့ ဆွဲရိုက်မိလိုက်တာပဲ၊ ပုဒ်မ ၃၂၄ နဲ့ စွဲချက်တင်တယ်၊ ကိုဘတိုးမှာ မယားနဲ့သားသမီးက ငါးယောက်ရှိတယ်၊ ဒါကြောင့် တစ်ခါတစ်ရံ ကျူးလွန်တဲ့အတွက်ဆိုပြီး ဒဏ်ငွေလော်က် အတပ်ခိုင်းတာ

www.burmeseclassic.com

www.burmeseclassic.com



ကိုအောင်ခင် (တရားသူကြီး)က ထောင်ချပစ်လိုက်ပါရော၊ ဒီတော့ ကျွန်တော့် စိတ်ဟာ ညစ်ပတ်ချင်လာတယ်၊ သူနဲ့ ရယ်မောပြောဆိုဆက်ဆံနေတော့ သူ ဘယ်ရိပ်မိမလဲ၊ တစ်နေ့ ရုံးကအဆင်း ကျွန်တော်နဲ့အတူမာတ်လှေကားနဲ့ မဟုတ်ဘဲ၊ လှေကားမကြီးကဆင်းခဲ့ကြတာပေါ့၊ သူက ရှေ့က ကျွန်တော်က နောက်က၊ ဖြစ်ချင်တော့ ကျွန်တော် ချော်လဲပါရော၊ ကျွန်တော့်ခြေထောက် က သူ့ခြေထောက်ကို ခတ်မိပြန်တော့ သူလဲကိုင်ရိုက်သလို ပက်လက်လဲပြီး ခေါင်းကွဲသွားတာပဲ၊ ကျွန်တော် မွေ့ထားသည်တိုင်အောင် သတိမရသေးဘူး၊ ဆေးရုံရောက်လို့ အတော်ကြာမှ သတိရတယ်'

'ဒါဖြင့် ခင်ဗျားက လဲချင်ယောင်ဆောင်ပြီး တမင် ကန်လိုက်တာပေါ့'

'အစစ်ပေါ့ ကိုဘဆွေ၊ ဒါပေမယ့် သူနဲ့ ကျွန်တော် ရယ်ရယ်မောမော စကားတပြောပြောနဲ့ ဆင်းသွားကြတာ ကျွန်တော် တကယ်လဲတာကို မြင်တဲ့လူတွေရှိတော့ ဘယ်မှာ ညစ်ပတ်တယ်လို့ ထင်ကြမလဲဗျာ'

ကျွန်တော့်ရှေ့ဆက်ရေးမည့် အကြောင်းများမှာလည်း ကိုသက်ပြင်း၏ ကိုယ်ရည်သွေး ဝတ္ထုဇာတ်ကြောင်းဖြစ်သဖြင့် သူ့အကင်းပါးပုံ ကွက်ကျော် မြင်ပုံကို ဥဏ်မြူနှင့် ရပ်ပြီးလျှင် ကိုအောင်မြင်နှင့် ဥာဏ်ကစားကြပုံကို ဆက်လက် ဖော်ပြပါ ရစေ။

* * *



'ဟဲလို ဟဲလို၊ ဘယ်သူလဲ ဘယ်က ပြောနေတာလဲ၊ ဟုတ် တယ် ကျုပ် အောင်မြင်လေ၊ ဆိပ်ကမ်းသာလမ်းက ဟုတ် လား၊ လူသေနေတယ်၊ မိန်းမလား၊ ယောကျ်ားလား၊ ယောကျ်ား၊ ဘယ်အချိန်က သေတာလဲ၊ အင်း ခု လာခဲ့ပါ့မယ်'

စုံထောက်ကျော် ဦးအောင်မြင်သည် ဆိပ်ကမ်းသာ လမ်း၊ ယောကျ်ားတစ်ယောက် သေဆုံးသဖြင့် အရေးတကြီး လာရောက်ကြည့်ရှုရန် တယ်လီဖုန်းနှင့် ဆက်ခေါ်လိုက်သဖြင့် ရေးကြီးသုတ်ပြာနှင့် ရုံးခန်းအပြင်သို့ ထွက်ကာ သူ၏ အော်စတင်ကားလေးဖြင့် ဆူးလေဘုရားလမ်းမှ ဆိပ်ကမ်း သာလမ်းသို့ ခပ်သွက်သွက် မောင်းနှင်ထွက်ခွာသွားလေသည်။

လမ်းပြဂေါ်ရာ စာသင်များသည် ကားများကို သူ့ အလှည့်သူ လွှတ်ပေးနေသဖြင့် ဦးအောင်မြင်မှာ ငါးမိနစ်နှင့် ရောက်ရမည့် နေရာကို ၁၅ မိနစ်ကြာမှ ဆိပ်ကမ်းသာလမ်းသို့ ရောက်ရှိလာလေသည်။

တယ်လီဖုန်းနှင့် ဆက်ခေါ်သူ၏ ညွှန်ကြားချက် တိုက်နံပါတ်အေးသို့ ရောက်သောအခါ ကားကလေးကိုရပ်ပြီး လျှင် ကားပေါ်က လျင်မြန်စွာဆင်းလိုက်၏။ တိုက်နှစ်ထပ်မှ

'အမယ်လေး ကိုအောင်ဘော်ရဲ့၊ ဘယ်သူ့ယုံလို့ ပုံခဲ့ တာလဲ မောင်ရဲ့၊ အဲ့ ဟဲ့ ဟဲ့၊ ကျွန်မ ဘယ်လိုနေရစ်ရမှာလဲ ကျေးဇူးရှင်ကြီးရဲ့'

မိန်းမတစ်ယောက်၏ ငိုသံကို ပီသစွာကြားနေရ၏။ ဦးအောင်မြင်သည် နှစ်ထပ်သို့ လျင်မြန်စွာ ပြေးတက်သွား၏။ တံခါး ဖွင့်ထားသဖြင့် တစ်ယောက်အိပ် ခုတင်ပေါ်တွင်

www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားတစ်ယောက် အလောင်းပြင်ထားသည်ကို မြင်ရ၏။ ဖော်ထားသောအလောင်း၏ မျက်နှာကို မြင်ရခြင်းဖြင့် လောလောလတ်လတ် သေဆုံးသူမဟုတ်ကြောင်း ဦးအောင်မြင် ချက်ချင်းအကဲခတ်မိ၏။ အိမ်ရှေ့ခန်းတွင်လည်း အသုဘမေးလာသော ပရိသတ် ၁၄–၅ ယောက် ကြမ်းပြင် သင်ဖြူးပေါ်တွင် ထိုင်၍နေကြသည်။

'အထဲကြွပါ ခင်ဗျာ၊ ကြွပါ'

သေသူ၏ မိတ်ဆွေတစ်ယောက်အနေနှင့် ဖိတ်ခေါ်မြန်သဖြင့် ဦးအောင်မြင် ချက်ချင်းမဆင်းသာဘဲ အထဲသို့ဝင်၍ ထိုင်ရပြန်၏။ သူ့စိတ်တွင်ကား တစ်ပတ်ရိုက် ခံရပြီကို ကောင်းစွာသိနေပြီဖြစ်၏။ သို့ရာတွင် အသုဘမေးလာသူတို့ထုံးစံအတိုင်း ခဏလောက်တော့ ထိုင်မှဟု အောင့်အင်းထိုင်နေရပြန်သည်။

ညှော်ခံ အမျိုးသမီးတစ်ယောက်က ကွမ်းအစ်၊ ဆေးလိပ် ပန်းကန်ပြားကို ဦးအောင်မြင်၏ ရှေ့သို့လာချသည်။ ရန်ကုန်မသာထုံးစံအတိုင်း ကော်ဖီတစ်ခွက် ရောက်လာပြန်သဖြင့် သောက်နေရပြန်၏။

'ခုထက်ထိ တီဘီရောဂါကုတဲ့ ဆေးရုံ မရှိသေးဘူး၊ ဆရာဝန်က ကိုအောင်ဘော်ကို မဒရပ်သွားကုဖို့ အကြံပေးသတဲ့၊ လခကလေး ဓာတ်ရာကျော်နဲ့ ဘယ်သွားနိုင်မလဲဗျာ'

'ကျွန်တော် အပြောသား၊ စီးကရက်နဲ့ အရက်လျှော့သောက်လို့'



ရင်းနှီးသော ပရိသတ်များ၏ ထင်မြင်ချက်ကို ဦးအောင်မြင် ကြားနေရပြန်သည်။ သေသူမှာ တီဘီရောဂါခေါ် မြစ်ခြောက်နာနှင့် ကွယ်လွန်ကြောင်း ထပ်မံသိရသောအခါ လူရင်းတစ်ယောက်အနေနှင့်

'ဘယ်တော့ သင်္ဂြိုဟ်မလဲ'

'နက်ဖြန်ခါ တစ်နာရီတိတိ'

'ကျွန်တော် ကိစ္စရှိလို့ ခွင့်ပြုပါဦး'

ဦးအောင်မြင်သည် ထိုသို့နှုတ်ဆက်ပြီး ထ၍လာခဲ့ကာ ကားကလေးပေါ် ရောက်သည်နှင့်တစ်ပြိုင်နက် စုံထောက်ရုံးသို့ ဒုန်းစိုင်းမောင်းခဲ့လေသည်။ သူသည် ကားကလေးကို ရပ်ပြီးလျှင် သူ၏ ရုံးခန်းထဲသို့ ခပ်သွက်သွက် ဝင်၍လာ၏။ ခေါင်းလောင်းကလေးကို နှိပ်လိုက်သောအခါ ရုံးစေ တစ်ယောက် ရှေ့သို့ရပ်လာသည်။

'အောင်ဖေ ဘယ်သွားလဲ'

'ဟိုဘက်ခန်းမှာ ရှိတယ် ခင်ဗျာ'

'ငါက ခေါ်တယ်ပြောလိုက်'

ရုံးစေကလေး ထွက်သွားပြီးနောက် အသက် ၂၅ နှစ်ခန့် ကာကီရှပ် ကာကီဘောင်းဘီ ရှူးဖိနပ်ညိုနှင့် လူရွယ်တစ်ယောက် ဝင်၍လာသည်။

'ငါအပြင်ထွက်နေတုန်း၊ ဒီအခန်းထဲက မင်း ဘယ်သွားနေသလဲ'

'ဆရာက စကောဈေးကြီး လိုက်ခဲ့ဆို၊ ဟိုကျတော့ ဆရာ့လဲ မတွေ့ဘူး'

www.burmeseclassic.com

www.burmeseclassic.com



'ဒါဖြင့် ဒီအခန်း ဒီအတိုင်း ပစ်ထားခဲ့တာပေါ့၊ ငါ မင့်ကို မခေါ်ဘူးကွ'

ဦးအောင်မြင်သည် စားပွဲအံတွေကို တစ်ခုပြီးတစ်ခု ဖွင့်ကြည့်ပြီး နောက် နှုတ်မှ 'ဟိုက်' ဟု အသံထွက်သွား၏။

'ပါသွားပြီ၊ ပါသွားပြီ'

'ဘာပါသွားလဲ ဆရာ'

'ဟိုအကောင်ရဲ့ လက်ပုံစံပေါ့၊ အလွန်ရခဲတဲ့ဟာ ဒီပုံစံသာ ငါ့လက်ထဲရှိရင် ဟိုဒေါက်တာကို ငါ ပြောင်ပြောင် ဖမ်းနိုင်ပြီကွ၊ ခုတော့ ခဲလေသမျှ သဲရေကျဖြစ်တော့တာပဲ'

ဦးအောင်မြင်သည် ထိုသို့ပြောရင်း စက္ကူဖိ ဖန်တုံးကလေးအောက်၌ စာရွက်ခေါက် တစ်ခုကို မြင်ရပြန်ရာ လျှင်မြန်စွာ ဆွဲယူဖတ်ရှုသောအခါ

ကိုအောင်မြင့်

ကျွန်တော် အင်းစိန်ကိုလှဘော်ကြီးဆီအထိ လိုက်ပြီးပြီ၊ ခင်ဗျား လက်ထဲမှာပဲ ရှိကြောင်း အတတ်သိရတယ်။ ပြီးတော့ ဒီလက်ပုံစံ အခြေခံထားပြီး ယနေ့ပဲ စုံထောက်မင်းကြီးနှင့် တိုင်ပင်ဖမ်းဆီးတော့မယ်ဆိုတာလဲသိရလို့ ခင်ဗျားကိုဆိပ်ကမ်းသာလမ်းပို့၊ ခင်ဗျားတပည့် အောင်ဖေကို စကော့ဈေးပို့ပြီး အလစ်ဝင်သုတ်ရတာပဲဗျို့'

စောရသက်ပြင်း

'တောက်၊ နာတယ်ကွာ၊ ငါ ဘယ်လောက် ခဲခဲကပ်ကပ် ကြိုးစားရတယ်မှတ်လဲ၊ နောက် သတိထားစမ်းကွာ'



စုံထောက်ရာဇဝတ်အုပ် အောင်ဖေလည်း မျက်စိမျက်နှာ မကောင်းဘဲ ဦးအောင်မြင်နှင့် ငါးပေခန့်ကွာ၍ အခြားစားပွဲတွင်ထိုင်ကာ အလုပ်လုပ်နေရာ ဦးအောင်မြင်မှာ သူ့ သေချာပေါက်ရေးထားသော အစီရင်ခံစာကို အစိပ်စိပ် အမွှာမွှာ ဆုတ်လိုက်ပြီး စက္ကူခြင်းထဲသို့ ပစ်သွင်းလိုက်လေသည်။

## မဟာရာဇာ မြန်မာပြည်သို့ ရောက်ရှိခြင်း

အိန္ဒိယပြည်နယ်စား မဟာရာဇာကြီးသည် ယမန်နေ့က သင်္ဘောနှင့် ရောက်ရှိ လာကြောင်း၊ အခြွေအရံများနှင့်တကွ စထရင်းဟိုတယ်တွင် တည်းခိုနေကြောင်း၊ ကျွန်ုပ်တို့ သတင်းထောက်နှင့် တွေ့ဆုံမေးမြန်းသောအခါ အလည် သက်သက်လာခြင်းဖြစ်သည်။ အခြားကိစ္စမရှိဟု ပြောပြလိုက်ကြောင်း။

ထိုသတင်းမှာ အခြားသူများအဖို့ သာမန်သတင်းမျှ ဖြစ်သော်လည်း စောရသက်ပြင်းနှင့် စုံထောက်ကျော် ဦးအောင်မြင့်တို့အဖို့မှာ အတော်အရေးကြီးသော သတင်း ဖြစ်၏။

စောရသက်ပြင်းအဖို့မှာ တစ်ကြိမ်သောအခါက ထို မဟာရာဇာကြီး မင်တိုမင်ရှင်တွင် တည်းခိုစဉ်က နန်းတွင်း ပစ္စည်းများကို မရအရ ကလိမ်ဉာဏ်ဆင်၍ ယူလိုက်ဖူး၏။ ထို့ကြောင့် ယခုတစ်ကြိမ် ထောင်ချောက်လုပ်ရန် လာရောက်ခြင်းလော။ အကယ်ပင် ရိုးရိုးသားသား လာခြင်းလောဟု တွေးတောဖွယ်ရာ ဖြစ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်မြင်၏အဖိုမှာကား မဟာရာဇာများလာလျှင် အဖိုးတန် အနည်းနှင့်အများ ပါလာတတ်သဖြင့် ယခင် မင်တိုမင်ရှင်တွင် ဖြစ်ပွားသကဲ့သို့ ယခုတစ်ကြိမ်ဖြစ်ပွားက စုံထောက်အဖွဲ့ကြီး နာမည်ပျက်မည်ကို အထူးစိုးရိမ်နေ၏။

မဟာရာဇာနှင့် ရှေးဦးစွာ တွေ့ဆုံသူမှာ ဦးအောင်မြင်ပင် ဖြစ်သည်။ ဦးအောင်မြင်သည် ဟိုတယ် အပေါ်ထပ်သို့ တက်ရောက်လာကာ သူ့၏နာမည် ကတ်ပြားကလေးကို အပေါက်စောင့်အား ပေးလိုက်ရာ အပေါက်စောင့် အတွင်းသို့ ဝင်ရောက်သွား၏။ ချက်ချင်းလိုပင် ပြန်ထွက်လာပြီးလျှင် ဦးအောင်မြင်အား ခေါင်းညိတ်ခေါ်သွားသည်။ ဦးအောင်မြင် အတွင်းခန်းသို့ရောက်လျှင် မဟာရာဇာကြီးသည် မှတ်မိဟန်နှင့် ဆီးကြိုနှုတ်ဆက်ကာ နေရာထိုင်ခင်းပေး၏။

'အလည်သက်သက် လာတယ်ဆိုတာ ဟုတ်ပါ သလား ခင်ဗျာ'

'သတင်းထောက်တွေကမေးလို့ ဒီလိုပဲပြောလိုက် ရတာပဲ'

'အနို့ အရေးကြီးတဲ့ကိစ္စများ ရှိပါသလား'

'ဦးအောင်မြင့်မို့ ဖွင့်ပြောရတော့မယ်၊ ဟောဒီစာ ကြောင့် လာရတာပဲ'

မဟာရာဇာသည် ရှပ်အင်္ကျီအဖြူ အိတ်ထဲက စာ တစ်စောင်ကို ဦးအောင်မြင်အားထုတ်၍ပြလိုက်၏။ ဦးအောင် မြင်သည် စာကိုဖတ်ရှုပြီးနောက် စာရွက်နှင့် စာများကိုသေသေ ချာချာ ကြည့်ရှုနေသည်။



နန်းရင်းဝန်ကြီး
အတွင်းဝန်များရုံး၊ ရန်ကုန်
မြန်မာနိုင်ငံတော်မှ၊

အိန္ဒိယနိုင်ငံ
.......... နယ်စား
မဟာရာဇာကြီးသို့

အကြည်တော်

ကျွန်ုပ် အထွတ်အထိပ်ရောက်စဉ် ကျွန်ုပ်၏ ချစ်ဇနီးအား ဘယက် ကောင်းကောင်းတစ်ခု ဆင်ပေးချင်ပါသည်။ အကြည်တော်၏ နယ်တွင်စိန်ကောင်း ကျောက်ကောင်း ရှိကြောင်း သိရှိရသဖြင့် ဘယက်လုပ်ကောင်းမည့် ကျောက် မျက်ရွဲ တစ်စုံလောက်ကို ထိုက်သင့်သော ဈေးနှုန်းနှင့် ရောင်းချကူညီပါရန် မေတ္တာရပ်ခံပါသည်။

စာမှာ အင်္ဂလိပ်ဘာသာ လက်နှိပ်စက်နှင့် ရိုက်နှိပ် ထား၍ ထိုးမြဲလက်မှတ်ကိုသာ ဦးအောင်မြင် ဂရုစိုက်နေခြင်း ဖြစ်၏။ ဦးအောင်မြင်သည် ဦးခေါင်းကို အသာအယာ ရမ်းလျက်

'ဒီဟာ နန်းရင်းဝန်ကြီးရဲ့ လက်မှတ်မဟုတ်ဘူး'

'ဒါဖြင့်ရင် ဘယ်သူက ဒီလိုနှောင့်ယှက်တယ် ထင် သလဲ'

'ကျွန်တော် ရုတ်တရက် မပြောနိုင်သေးပါ'

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်ုပ်ကို မင်တိုမင်ရှင်မှာ လိမ်ယူလိုက်တဲ့သူခိုးက ထောင်ချောက် ဆင်ပြန်တာလား'

'ကျွန်တော် ဒါကိုပဲ စဉ်းစားနေပါတယ်၊ အဲဒီသူခိုးက စာရေးသက်ပြင်းလို့ သူ့ကိုယ်သူ နာမည်ပေးထားပါတယ်'

'အို အိုင်ဆီး၊ ကျွန်ုပ် မှတ်မိပြီ'

'သူဆိုရင် နန်းရင်းဝန်ရဲ့ လက်မှတ်ကို တူအောင် ထိုးနိုင်ပါတယ်၊ ကျွန်တော်လို သာမန်စုံထောက်ခွဲခြားလို့ မရနိုင်ပါ၊ လက်ရေး ဝိဇ္ဇာတွေမှ ခွဲခြားနိုင်ပါမယ်'

'ဘယ်လိုလူက ကျွန်ုပ်ကို ဒုက္ခပေးပြန်တာလဲ'

'စာရေးသက်ပြင်း ဖြစ်ချင်ဖြစ်နိုင်ပါတယ်၊ ကျွန်တော်က သူ့ကို အကဲခတ်နိုင်တဲ့လူဆိုတော့ ထင်ယောင်ထင်မှား ဖြစ်အောင် လုပ်လိုက်တာနဲ့တူပါတယ်'

မဟာရာဇာကြီးသည် ငေးငိုင်နေသည်။ ဦးအောင်မြင် ဆိုလိုချက်မှာ လက်မှတ်သည် နန်းရင်းဝန်လက်မှတ်နှင့် တူအံ့။ သည်အချိုးမျိုးကို စာရေးသက်ပြင်းသာ လုပ်တတ်သည်။ ထို့ကြောင့် လက်မှတ်ကို တမင် မတူအောင် ထိုးလွှတ်လိုက်ကြောင်း တွေးမိပုံကို ပြောပြလိုက်ခြင်း ဖြစ်သည်။

'အဖိုးတန် ပစ္စည်းများ ပါ ပါသလား'

'ပါခဲ့တယ် ဦးအောင်မြင်'

'ပစ္စည်းကို ကျွန်တော် မသိရဘူးလား ခင်ဗျာ၊ ကူညီ စောင့်ရှောက်ပေးဖို့ပါ'

'စောင့်ရှောက်မယ် ဆိုတဲ့အတွက် ကျေးဇူးတင်ပါတယ်'



'ဒါပေမယ့် ကျုပ် ဒီတစ်ခါ သတိနဲ့ လက်ရွေးစင် ငယ်ကျွန်တွေ ခေါ်လာပါတယ်၊ ဟိုမယ်ကြည့်ပါ'

တစ်နေရာတွင် မေးငေါ့ပြလိုက်ရာ ဦးအောင်မြင်မှာ ဝင်စကတည်းက မြင်ပြီးဖြစ်သော်လည်း ယခုမှ မြင်ရသကဲ့သို့ လှမ်းကြည့်လိုက်သည်။ အရပ် ခြောက်ပေထက်မနိမ့်သော သန်မာထွားကျိုင်းလှသည့် ကုလားသုံးယောက် ခါးတွင် ဓားမြှောင်ကိုယ်စီ ထိုးလျက် ခပ်တည်တည် ပြန်ကြည့်နေကြသည်။

'သူတို့ဟာ လူကိုလူချင်း မဆိုထားနဲ့၊ ကျားကိုတောင် လက်နက်မပါဘဲ အနိုင်တိုက်နိုင်တဲ့ သူရဲကောင်းတွေပဲ'

'လူပုံပန်းကြည့်ရတာ ခြင်္သေ့နဲ့တောင် တိုက်ရဲမယ့် သဏ္ဌာန်ပဲ'

'သူတို့ခါးက ဓားမြှောင်ကြီးတွေဟာ ပေ ၅၀ အတွင်း နားနေတဲ့ ယင်ကောင်တောင် မလွဲတမ်း ပစ်နိုင်ကြတယ်'

'အားကိုးလောက်တဲ့ သူရဲကောင်းတွေပါပဲ ခင်ဗျာ'

'ကျွန်ုပ်မှာ စိန်တစ်လုံးပါတယ်၊ အများကတော့ ဒုတိယ 'ကိုဟီး နူး'လို့ ပြောကြတယ်၊ နို့ပေမယ့် ကိုဟီးနူးနှင့် ဆိုရင် မပြောပလောက်ပါဘူး'

'နန်းရင်းဝန်ကြီးကို မိတ်ဆွေဖြစ် ကူညီချင်လို့ ဆိုပါတော့'

'မှန်တာ ပြောရရင်တော့ ငွေလိုချင်လို့ပဲ၊ ကျုပ်နယ်မှာ အိန္ဒိယ နေရှုးတို့ ကွန်ဂရက်ကမြှောက်ပေးလို့ နယ်သူနယ်သားတွေ လှုပ်လှုပ်ရွရွ ဖြစ်နေတယ်၊ အခွန်အကောက်တောင်

www.burmeseclassic.com

www.burmeseclassic.com



လို့ မရဘူး၊ ကျွန်ုပ်ရဲ့ အသုံးစရိတ်ကို တစ်လကို တစ်သောင်းအထိ လျှော့ချလိုက်ရတယ်၊ အခုပါလာတဲ့ စိန်ကို ဈေးတည့်လို့ ရောင်းရရင် ကျုပ်ရဲ့တစ်နှစ်စာ အသုံးစရိတ် ရနိုင်ပါတယ်'

ဦးအောင်မြင်သည် မပြုံးရယ်မိရန် မနည်းသတိထားလိုက်ရသည်။ အကြောင်းမူကား နန်းရင်းဝန်၏ လစာမှာ ၃၅၀၀ မျှရှိ၍ အိမ်စရိတ်၊ အခြွေအရံအသင်းအပင်း၊ ဧည့်စရိတ်နှင့် မလောက်မင စားသောက်နေရရာ မဟာရာဇာ၏ သိန်းကျော်စိန်တုံးကြီးကို ဝယ်နိုင်မည်မဟုတ်သောကြောင့် ဖြစ်သည်။ မဟာရာဇာကပင်

'နန်းရင်းဝန်ကြီးက စာရေးမခေါ်တာတော့ အမှန်ပဲနော်'

'နန်းရင်းဝန်ကြီး လက်မှတ်မဟုတ်တဲ့အတွက် အမှန်လို့ ယူဆရပါမယ်၊ ဒါပေမယ့် ဒီအကြောင်းနဲ့ပတ်သက်ပြီး ကျွန်တော် သွားကြည့်ပါဦးမယ်'

'ဒီလိုဆိုရင် ကျွန်ုပ်မှာ စိန်ကြီးတစ်လုံးပါတာကိုလဲ ပြောပြပေးပါ'

'ဟုတ်ကဲ့ ကောင်းပါပြီ၊ ကျွန်တော် တစ်ခုသတိပေးလိုတာက စာရေးသက်ပြင်းပါပဲ၊ သူဟာ အလွန်ဉာဏ်များပါတယ်၊ သူဟာ ဥရောပတိုက်သားယောင်ယောင်၊ ကုလားယောင်ယောင် ဆောင်တတ်ပါတယ်၊ ပြီးတော့ အင်္ဂလိပ်စကားနဲ့ ဟိန္ဒူစတန်နီစကားကို အင်္ဂလိပ်အစစ်၊ ကုလားအစစ်လောက် ပြောတတ်ပါတယ်'

'ကျွန်ုပ် ကျွန်ယုံတွေကြည့်ပါ၊ မစိုးရိမ်ပါနဲ့ ဦးအောင်မြင်'



'ကျွန်တော့်ကို ခွင့်ပြုပါဦး'

ဦးအောင်မြင်သည် နေရာမှထကာ အရိုအသေပေးပြီးလျှင် မဟာရာဇာ၏ အခန်းထဲမှ ထွက်ခွာခဲ့လေသည်။

* * *

ဦးအောင်မြင်၏ လက်ထဲတွင် နန်းရင်းဝန်ကြီးက မဟာရာဇာအား ပေးမည်ဆိုသော စာမူပါ၍လာရာ သူသည် နန်းရင်းဝန်နှင့် ရုတ်တရက် မတွေ့ဝံ့သေးချေ။ နန်းရင်းဝန်သည် စေ့စပ်သေချာသူဖြစ်၏။ ဦးအောင်မြင်ကဲ့သို့ စုံထောက်အရာရှိကို ရာထူးမှလည်းချနိုင်၏။ ရာထူးတိုးတက်ပေးနိုင်သော တန်ခိုးအာဏာလည်းရှိ၏။ ထို့ကြောင့် နန်းရင်းဝန်မေးလျှင် လျှင်မြန်စွာ အဖြေပေးနိုင်ရန် ကြိုးစားရပေမည်။

သူသည် မဟာရာဇာနှင့်တွေ့ပြီးနောက် စုံထောက်ရုံးသို့ပြန်လာသည်။ ပစ္စည်းအမျိုးမျိုး သိမ်းဆည်းထားသော ဗီဒိုကြီးတစ်ခုထဲမှ စာတမ်းကိုကြည့်ကာ အံဆွဲတစ်ခုကို ဖွင့်လိုက်၏။ ထိုအံဆွဲကြီးအတွင်း၌ကား အင်္ဂလိပ် မြန်မာ လက်နှိပ်စက်အမျိုးမျိုး၏ 'မှု' များကို သိမ်းဆည်းထား၏။ မဟာရာဇာ၏ စာမှာ အင်္ဂလိပ်စာလုံးဖြစ်သဖြင့် A က Z အထိ အကြီးတစ်မျိုး အသေးတစ်မျိုး ကူးယူထားခြင်းကြောင့် တိုက်ဆိုင်ကြည့်ရုံနှင့် မည်သည့်ရုံး မည်သည့်တိုက်ကဟု ပြောနိုင်သည်။

စုံထောက်အလုပ်ကား အသေးအဖွဲဖြစ်စေကာ သေချာစေငှာ အလုပ်လုပ်ရာ၌ မလွယ်ကူချေ။ အင်္ဂလိပ်လက်နှိပ်

www.burmeseclassic.com

www.burmeseclassic.com



စက် အမျိုးပေါင်း ၃၀၀၀ ကျော်၏။ 'မှု' များကို တစ်ခုပြီး တစ်ခု တိုက်ဆိုင်စစ်ဆေးရာ၌ အချိန်မည်မျှ ကြာမည်ကို ခန့်မှန်းနိုင်၏။

စုံထောက်ရုံးတွင်ရှိသော မည်သည့်မှုနှင့်မျှ မတူသည်ကို တွေ့ရသောအခါ စောရသက်ပြင်းနှင့် မြေအောက်တော်လှန်ရေးသမားတို့ လျှို့ဝှက်စွာ အသုံးချနေသော ရီမင်တန် အင်္ဂလိပ်လက်နှိပ်စက်မျိုးမှအပ ထို့ထက်ပို၍ မပြောနိုင်တော့ပေ။

ရုံးဆင်းချိန်သို့တိုင် ရောက်လာသဖြင့် ဦးအောင်မြင်သည် နန်းရင်းဝန်ကြီး ကလပ်သို့မသွားမီ တွေ့ဆုံရန်ဟု အိမ်သို့ကားကလေးနှင့် အပြေးလာခဲ့၏။

နန်းရင်းဝန်၏ အိမ်ဝင်းခြံထဲသို့ ဝင်မိလျှင် ချာပရာစီအား စာရွက်ကတ်ပြားတစ်ခု ပေးလိုက်ရာ ကံအားလျော်စွာ တွေ့ဆုံခွင့်ရလေသည်။ ဦးအောင်မြင်က မဟာရာဇာနှင့် နံနက်ခင်းက တွေ့ဆုံပုံများကို ပြောပြသည်။ မဟာရာဇာ၏ စာကိုလည်း ထုတ်ပြရာ

'စာရွက်ပုံစံကတော့ ကျုပ်ရုံးက ပုံစံပဲ၊ အင်္ဂလိပ်စာလုံးတွေကော ကျုပ်ရုံးက လက်နှိပ်စက်နဲ့ ရိုက်ထားတာလား'

'အတွင်းဝန်ရုံး တစ်ရုံးလုံး၊ ဟိုက်ကုတ် ပုလိပ်ရုံး၊ မြူနီစီပါယ်ကုန်တိုက်ကြီးတွေ ရန်ကုန်ရှိသမျှ လက်ရှိသုံးနေတဲ့ ဘယ်စာလုံးနဲ့မှ မတူကြောင်းပါ'

လက်အောက် အမှုထမ်းတစ်ယောက်၏ ခဲယဉ်းပင်ပန်းစွာ ကြိုးပမ်းမှုကို အစီရင်ခံလိုက်ရသဖြင့် ဦးအောင်မြင် ရင်ချောင်သွားဟန်တူပေသည်။



'မောင်အောင်မြင် ဆိုလိုတာက မြေအောက် လျှို့ဝှက် သုံးတဲ့ လက်နှိပ်စက်လို့ ဆိုလိုပါသလား'

'မှန်လှပါ၊ ဒီအတိုင်းဖြစ်ပါတယ်၊ သခင်ဗဟိန်းတို့ မြေအောက် ဂျာနယ်ထုတ်တဲ့ စာလုံးလဲ အပြင်မသုံးတဲ့ မြန်မာ လက်နှိပ်စက်ဖြစ်ပါတယ်'

'ကျုပ်တို့ မဝယ်နိုင်ဘူးဆိုရင် တိုင်းပြည် ဂုဏ်ငယ်မယ်၊ ဒါကြောင့် ဝယ်နိုင်တဲ့လူတွေ စုပြီး နက်ဖြန်ပြသဖို့ မစီမံနိုင်ဘူးလား'

'မဟာရာဇာက မာနကြီးကြီးမို့ ကျောက်ကုန်သည်လို့ လိုက်လံပြမယ် မထင်ကြောင်းပါ'

'ဟုတ်ပါပြီလေ၊ သူ့ စထရင်း ဟိုတယ်မှာပဲ ကျုပ် လာပြီး ကြည့်မပေါ့'

'ဒီလိုဆိုရင် ဖြစ်နိုင်စရာ အကြောင်းရှိပါတယ်'

''ကောင်းပြီ မောင်အောင်မြင်၊ ဒီအတိုင်းစီမံပေတော့'

နန်းရင်းဝန်က စကားလက်စသတ်လျှင် ဦးအောင်မြင် နေရာမှရပ်ကာ ဦးညွှတ် အရိုအသေပြုပြီးလျှင် ထွက်ခွာခဲ့လေသည်။

* * *

နောက်တစ်နေ့ ညနေ ငါးနာရီခန့်တွင် စထရင်းဟိုတယ် အထူးခန်းတွင် မဟာရာဇာက နန်းရင်းဝန်နှင့်တကွ လူကုံထံ သူဌေးများပါ လူပေါင်း ၂၀ ခန့်ကို ညစာထမင်းဖိတ်ကျွေးသည်။

www.burmeseclassic.com

www.burmeseclassic.com



နန်းရင်းဝန်ကြီး ကိုယ်တိုင် ကြွရောက်လာသည် တစ်ကြောင်း၊ သိန်းကျော်စိန်ကြီးကို အရောင်းအဝယ်စကားပြောကြမည်တစ်ကြောင်းများကြောင့် ဟိုတယ်၏ အပြင်ဘက်တွင် လက်နက်ကိုင်ပုလိပ်များ၊ အရပ်ဝတ် အရပ်စားနှင့် စုံထောက်များ ချထား၏။ ဦးအောင်မြင်ကား တစ်ခုခုဖြစ်လေမလားဟု သတိကြီးစွာနှင့် နားမျက်စိရှင်၍နေသည်။ လူဝင်လူထွက်ကိုလည်း အထူးအကဲခတ် ကြည့်ရှုနေ၏။

အထူးခန်း၏ အပေါက်တိုင်းတွင် အရပ်ဝတ်အရပ်စားနှင့် စုံထောက်များ တစ်ဆင့်ချထားသေး၏။ ညှိသည်များအနက် မဟာရာဇာကြီး နန်းရင်းဝန်၊ နန်းရင်းဝန်၏ လူယုံစိန်ကျော် အကဲဖြတ်ပုဂ္ဂိုလ်တစ်ဦး၊ ဘာဘူလူမျိုး ခုနစ်ယောက်၊ မွတ်စလင်ဘာသာဝင်လူမျိုး ငါးယောက်၊ တရုတ်လူမျိုးနှစ်ယောက်နှင့် ဥရောပတိုက်သား သုံးယောက်ဖြစ်၏။ ပုဂ္ဂိုလ်အားလုံး နှစ်ဦးသုံးဦးမှအပ၊ ကျန်အားလုံး အရပ်မြင့်ထွားထွားကျိုင်းကျိုင်း ဖြစ်ကြသည်။ မဟာရာဇာ၏ ကျွန်ယုံများမှာ အထူးခန်းအတွင်း မဟာရာဇာနှင့် ငါးပေ ခြောက်လက်မခန့် အကွာတွင် ဓားမြှောင်ကိုယ်စီနှင့် သုံးပွင့်ဆိုင်မတ်တတ်ရပ်နေကြသည်။

ရှေးဦးစွာ မိတ်ဆက်စကားပြောကြပြီးနောက် ညစာစတင် ကျွေးမွေး၏။ ဥရောပသားတို့ ညစာထုံးစံအတိုင်း အစားအစာကို တစ်မျိုးပြီးတစ်မျိုး စုစုပေါင်း ၁၅ မျိုးလောက်ဖြစ်၏။ စကားလည်းပြော အစားလည်းစားနှင့် နောက်ဆုံးနို့အေးတိုက်ပြန်သည်။ ထိုအချိန်၌ပင် အချင်း သုံးလက်မခန့်ရှိ



နံ့သာကြုတ်တစ်ခုကို မဟာရာဇာသည် အိတ်ထဲက ထုတ်လိုက်၏။ ကြုတ်အတွင်း၌ ကတ္တီပါအနက်ခံထား၏။ ကတ္တီပါနက်ပေါ်တွင် တလက်လက်ဖြစ်နေသော စိန်တုံးကြီး။

မဟာရာဇာသည် ရှေးဦးစွာ နန်းရင်းဝန်အား ပြ၏။ ထို့နောက် ဆင့်ကဲ ဆင့်ကဲ ကြုတ်နှင့်တကွ တစ်လက်မှ တစ်လက်သို့ ကိုင်တွယ် ကြည့်ရှုနိုင်ကြောင်းပြောကာ လက်ဆင့်ကမ်း၍ ပြပြန်သည်။ မဟာရာဇာ၏ စိတ်တွင်ကား တစ်စုံတစ်ဦးသည် ဖောက်ပြား၍ မရိုးမဖြောင့်ပြုမူအံ့၊ သူ့ ကျွန်ယုံ၏ ဓားမြှောင်လက်ချက်ဖြင့် အသက်ထွက်လိမ့်မည်ဟု ယုံကြည်နေသည်။

ဦးအောင်မြင်ကား; တစ်ကြိမ်သောအခါက စောရသက်ပြင်းသည် စိန်တုံးတစ်ခုကို ဥသျှစ် ရှလပတ်ရည်ထဲထည့်ထားကာ ဘုန်းပြေးဖူးသည်ကိုသတိရသဖြင့် ယခုလည်းနို့အေးခွက်ထဲ ပဥ္စလက်ပြသလို ချောက်ချိုက်ကာ ဘုန်း၍သွားလေမည်လားဟု အထူးစိုးရိမ်နေ၏။ မြန်မာရည်လည်သော တရုတ်တစ်ယောက်က

'မြန်မာစကားပုံမှာ 'စိန်အမှောင် ကြောင်အလင်း' လို့ အဆိုရှိပါတယ်၊ စိန်ကိုကြည့်ရင် မှောင်ထဲမှာကြည့်၊ ကြောင်ကို ကြည့်ရင် အလင်းရောင်ထဲမှာ ကြည့်ဆိုတဲ့ သဘောပါပဲ၊ ဒါကြောင့် ခွင့်ပြုမယ်ဆိုလျှင် မာတ်မီးများ ပိတ်ပြီး ကြည့်ပါရစေလား'

ဦးအောင်မြင်က မဟာရာဇာအား အင်္ဂလိပ်ဘာသာနှင့် ပြန်ပြောရာ

www.burmeseclassic.com

www.burmeseclassic.com



'ကြည့်ပါစေ ကြည့်ပါစေ' ဟု ခွင့်ပြုလိုက်၏။ အချိန်မှာ ခြောက်နာရီ သာသာ ရှိပြီဖြစ်ရာ ဓာတ်မီးပိတ်လိုက်လျှင် တစ်ခန်းလုံးမှောင်၍သွားမည် ဖြစ်၏။ ထိုသို့ မှောင်သည်နှင့်တစ်ပြိုင်နက် စောရသက်ပြင်း ဘုန်းပြေးမည်ကို ဦးအောင်မြင် သာလွန်၍ စိုးရိမ်နေသည်။ ကြည့်ချင်သော တရုတ်ကား စောရသက်ပြင်းမဟုတ်ကြောင်း သူ သိ၏။

အခြားပုဂ္ဂိုလ်သဏ္ဌာန်မှာ မည်သူ စောရသက်ပြင်း ဖြစ်မည်ကိုလည်း ရုပ်ဖမ်း၍ မရအောင် ဖြစ်နေသည်။ ပုဂ္ဂိုလ်အသီးသီး မည်သူမည်ဝါဟု မိတ်ဆက်ပေးသည်ကား မှန်၏။ ထိုပုဂ္ဂိုလ်ထဲမှ တစ်ဦးဦး၏ အယောင်ဆောင်ကာ စောရသက်ပြင်း ရုပ်ဖျက်လာတတ်သောကြောင့် ဖြစ်သည်။

မီးများ အကုန်ပိတ်သောအခါ တစ်ခန်းလုံးမှောင်သွားသည်။ စိန်မှာ မဟာရာဇာ၏လက်ထဲတွင် လက်ဝါးပေါ်တင်ပြထား၏။ တစ်ခန်းလုံးမှောင်သွားသဖြင့် တစ်ယောက်နှင့်တစ်ယောက် မမြင်ရချေ။ တောင်းပန်သော ပေါက်ဖော်က 'ခပ်ဝေးဝေးက မီးတစ်ပွင့်ဖွင့်ပါစေ' ဟု ပြောသဖြင့် ခပ်လှမ်းလှမ်းက မီးတစ်ပွင့် ဖွင့်လိုက်၏။ ထိုမီးရောင်သည် စိန်ရှိရာသို့ ခပ်မှိန်မှိန် အရောင်ဟပ်လျက်ရှိရာ ထိုအခါကျမှ တဖျတ်ဖျတ် တလက်လက် အရောင်ထွက်နေသည်ကို မြင်ကြရသည်။ မီးများပြန်ဖွင့်ပြီးနောက် တစ်ယောက်တစ်ပေါက်၊ အချို့က မဝယ်နိုင်ကြောင်း၊ အချို့ကလည်း စိန်ဝယ်သည်ထက် ထိုငွေနှင့် ကူးသန်းရောင်းဝယ်ရေးလုပ်က တစ်နှစ်ဝင်ငွေ မည်မျှတိုးနိုင်သည်ကို ပြောဆိုနေကြသည်။



နန်းရင်းဝန်ကား ရတီချိန် အဘယ်မျှရှိသည်၊ တစ်ရတီလျှင် ဘယ်လောက်နှင့် ရောင်းမည်ကို မေးမြန်းနေသည်။ မဟာရာဇာက ရတီ ၂၅၀ ရှိ၍ တစ်ရတီလျှင် ၅၅၀ ကျပ်လောက်ရမှ ရောင်းနိုင်ကြောင်း ပြောပြ၏။ နန်းရင်းဝန်၏ စိန်ကျောက်အကဲဖြတ်ပုဂ္ဂိုလ်က ၄၅၀ နှင့်ရောင်းလျှင် နန်းရင်းဝန်သည် သူ့ဇနီးအတွက် ဝယ်ယူမည်ဖြစ်ကြောင်းပြောပြရာ မဟာရာဇာက ၅၀၀ နှင့်တောင် မရောင်းနိုင်ကြောင်းနှင့် ငြင်းဆန်နေလေသည်။

အကယ်၍ ၄၅၀ နှင့်ရောင်းပါမည်ဟု ဈေးတည့်သွားပါက နန်းရင်းဝန် ကျောက်ကျမည်ဖြစ်၏။ ငွေတစ်သိန်းနီးပါး ပေးစရာမရှိသောကြောင့် ဖြစ်သည်။ ထို့ကြောင့် အလွန် ကျွမ်းကျင်သော စိန်ကျောက် အကဲဖြတ်ပုဂ္ဂိုလ်ကို တစ်ပါတည်း ခေါ်ခဲ့ခြင်းဖြစ်၏။

ဈေးမတည့်လို့သာ ဈေးတည့်လျှင် မြန်မာနန်းရင်းဝန်ကြီးက ဝယ်မှာပဲဟူသော မြန်မာ့အသရေကို ဆယ်လိုက်ခြင်း ဖြစ်သည်။ ထိုစဉ်က မဂိုလမ်း စိန်ဘာဘူများထဲတွင် လက်ဟောင်းစိန်စစ်မှ တစ်ရတီလျှင် ၄၀၀ ထက်မပို သောကြောင့် ဧည့်သည်ဘာဘူ ကုလားများ၏ ထောက်ခံစကားများကိုလည်း မဟာရာဇာ ကြားသိသွားပေသည်။

ညစာနှင့် စိန်တုံးပြပွဲကား ချောချောရှည်ရှည်နှင့် ပြီးစီးသွား၏။ ဦးအောင်မြင်ထင်သလို တစ်စုံတစ်ရာမဖြစ်ဘဲ မဟာရာဇာသည် သူ့စိန်တုံး ထည့်ထားသောကြုတ်ကြီးကို အင်္ကျီအိတ်ကပ်ထဲထည့်ပြီးလျှင် ကျေးဇူးတင် စကားပြောကာ ဧည့်ခံပွဲကို ရုပ်သိမ်းလိုက်လေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



နောက်နှစ်ရက်ကြာသောအခါ မဟာရာဇာ၏ အခန်းပေါက်သို့ ဒိုတီဖြူ ရှပ်ဖြူအင်္ကျီ တစ်ကိုယ်လုံး ဝတ်ဖြူစင်ကြယ်နှင့် နှုတ်ခမ်းမွှေးကောင်းကောင်း အရပ်မြင့်မြင့် ကုလားတစ်ယောက် ရောက်ရှိလာကာ အပေါက်စောင့်အား မဟာရာဇာနှင့် တွေ့လိုကြောင်း ပြောပြ၏။ သူသည် မဂိုလမ်း သမင်တိုက်က စိန်ဘာဘူဖြစ်ကြောင်းလည်း သူ၏ ကတ်ပြားကလေးကို ပေးလိုက်သည်။

မကြာမီပင် အပေါက်စောင့် ပြန်ထွက်လာပြီးလျှင် စိန်ဘာဘူဆိုသူအား အခန်းထဲသို့ ခေါ်ဆောင်သွား၏။ မဟာရာဇာ၏ သူရဲကောင်း သုံးယောက်သည် ဝင်လာသော စိန်ဘာဘူအား အကဲခတ်ကြည့်ရှုနေကြသည်။ စိန်ဘာဘူသည် လက်နှစ်ဖက်ယှက်ကာ ရှိခိုးသလို အရိုအသေပေးပြီးလျှင် နှုတ်ဆက်လိုက်၏။ မဟာရာဇာကလည်း ပြန်လှန်နှုတ်ဆက်ကာ ထိုင်ရန် ညွှန်ပြလိုက်၏။

သူတို့နှစ်ဦးသည် ဟိန္ဒူစတန်နီဘာသာဖြင့် စကားပြောဆိုကြရာ စိန်ဘာဘူ၏ စကားအပြောအဆို အသုံးအနှုန်း ယဉ်ကျေးဖွယ်ရာများကိုပါ မဟာရာဇာ မြင်တွေ့နေရရာ အတော်အံ့အားသင့်နေပုံရ၏။

'ကျွန်တော်မျိုး အရှင်ဘုရားဆီက ပေးစာကိုလဲ မနေ့ကပဲ ကောင်းစွာ ရရှိပါသည်၊ ချက်ချင်းမလာနိုင်သည့်အတွက် ခွင့်လွှတ်တော်မူပါ'

'ကျွန်ုပ်ဆီက စာရတယ် ဟုတ်လား'



'မှန်လှပါ၊ မနေ့က ရရှိကြောင်းပါ ဘုရား၊ ဒီမှာ ရှုစားတော်မူပါ'

မဟာရာဇာခွဲယူကာ ကြည့်ရှုလိုက်သောအခါ မဟာရာဇာ၏ အလွန် ကောင်းမွန်လှသော စာရေးစက္ကူ ဖြစ်၍ တံဆိပ်တော်များလည်း မဟာရာဇာ၏ ရုံးသုံးတံဆိပ်တော်များ ဖြစ်နေသည်။

'ဟာ ဒါ ကျွန်ုပ်ရဲ့ စာရေးစက္ကူနဲ့ တံဆိပ်တော် အစစ်ပဲ'

'အရှင့်ဆီကပေးတဲ့စာ အရှင့်တံဆိပ်တော်ပဲ ဖြစ်ရမှာပေါ့'

မဟာရာဇာသည် ဘာမျှမပြောသေးဘဲ မျက်လုံးပြူးကြီးနှင့် အင်္ဂလိပ်ဘာသာ လက်နှိပ်စက်နှင့် ရိုက်ထားသော စာများကို ဖတ်ရှုနေပြန်သည်။

ဘာဘူ
သမင်တိုက်၊ မဂိုလမ်း ရန်ကုန်။
ကျွန်ုပ်၏ စိန်တုံးကြီးနှင့်ပတ်သက်၍ သင်နှင့်တိုင်ပင်လို၍ ကျွန်ုပ်၏ထံသို့ လာရောက်တွေ့ဆုံရန် ဖိတ်ခေါ်ပါသည်။ ကျွန်ုပ်၏ ဖိတ်ကြားချက်ကို လက်ခံကာ လာရောက်တွေ့ဆုံပါက သင်နှင့် ကျွန်ုပ် နှစ်ဦးစလုံးအတွက် အကျိုးရှိပါလိမ့်မည်။

မဟာရာဇာ

'အို ဒါလဲ ကျွန်ုပ်ရဲ့ လက်မှတ်ပါလား'

www.burmeseclassic.com

www.burmeseclassic.com



စိန်ဘာဘူသည် အူကြောင်ကြောင် ဖြစ်နေသည်။ ဒါဟာ ကျွန်ုပ်၏ စက္ကူ၊ ဒါဟာ ကျွန်ုပ်၏ လက်မှတ်၊ သူ ရေးသားပေးပို့ခြင်းဖြစ်လျှင် သူ့ စက္ကူ၊ သူ့တံဆိပ်တော်၊ သူ့လက်မှတ်ပင် ဖြစ်ရမည် မဟုတ်ပါလော၊ မဟာရာဇာသည် သူ့ကျွန်ယုံများအား တစ်ချက်မျှလှမ်းကြည့်ပြီးနောက်

'ကောင်းပါပြီ၊ ကျွန်ုပ်၏ စိန်တုံးကို သင် ဝယ်ယူပါ မည်လား'

လွန်ခဲ့သော နှစ်ရက်က ညစာ ထမင်းစားပွဲ တက်ရောက်တဲ့ မိတ်ဆွေများရဲ့ ပြောပြချက်အရဆိုလျှင် ဝယ်ယူနိုင်ပါမည်၊ ထပ်မံကြည့်ရှုပါရစေ'

'ကောင်းပါပြီ၊ ကျွန်ုပ် သင့်အား ကြည့်ရှုခွင့်ပြုပါမည်'

မဟာရာဇာသည် ကျွန်ယုံတစ်ယောက်အား သူ့နံ့သာကြုတ် ယူခဲ့ရန် အမိန့်ပေးလိုက်၏။ သွက်လက်ဖျတ်လတ်ပုံရသော အရပ် ခြောက်ပေနှစ်လက်မခန့်ရှိ ကျွန်ယုံသည် နံရံတွင် ချိတ်ထားသော မဟာရာဇာ၏ အပေါ်ဝတ် အင်္ကျီအိတ်ထဲမှ စိန်တုံးကြီးထည့်ထားသော နံ့သာကြုတ်ကို ဆွဲထုတ်ကာ မဟာရာဇာသို့ ခြေစုံရပ်၍ ဦးညွှတ်အရိုအသေပြုကာ လက်နှစ်ဘက်ဖြင့် ပေးအပ်လိုက်၏။

'အို အရှင်၊ ဤမျှအဖိုးတန်သော စိန်တုံးကြီးကို သည်လို အလွယ်တကူထားရင် လူဆိုးခါးပြလက်ထဲပါသွားမှာ မစိုးရိမ်ရဘူးလား'

'ကျွန်ုပ် အခန်းထဲတွင် နတ်ဘီလူး သုံးယောက်ရှိ၍ မစိုးရိမ်ရပါ၊ ထိုသုံးယောက်၏ အစွမ်းကိုလည်း သင် မကြာခင် မြင်ရစေအံ့'



မဟာရာဇာသည် နံ့သာကြုတ်ထဲက စိန်တုံးကြီးကို ထုတ်၍ပြ၏။ စိန်ဘာဘူသည် စိန်တုံးကြီးကို လက်ညှိုး လက်မနှင့် ညှပ်ကိုင်ထားကာ သူ၏ ရှပ်အင်္ကျီ ဘေးအိတ်ကျယ်ကြီးထဲမှ တစ်စုံတစ်ရာကို ထုတ်ယူနေသည်။ မဟာရာဇာနှင့် သူ့ရဲကောင်းသုံးယောက်သည် စိန်ဘာဘူ၏ အပြုအမူကို မမှိတ်မသုန် အကဲခတ်ကြည့်ရှုနေကြသည်။

စိန်ဘာဘူ၏ အိတ်ထဲမှ အချင်း သုံးလက်မခန့်ရှိ မှန်ဘီလူးဝိုင်းတစ်ခု ပါလာ၏။ စိန်တုံးကို မှန်ဘီလူးဖြင့် အလင်းရောင်တွင်ထောင်ကာ ကြည့်ရှုနေသည်။

ဓာတုဗေဒစိန်နှင့် စိန်စစ် ကွာခြားပုံမှာ အလင်းရောင်တွင် မှန်ဘီလူးနှင့် ကြည့်သောအခါ ဓာတုဗေဒ စိန်တွင် အစင်းအရေးအကြောင်းများ ရှိသည်။ စိန်စစ်မှာကား စိန်သားတစ်ပြေးရှိ၍ အစင်းအရေး လုံးဝမရှိချေ။

'အလွန် အမျိုးကောင်းတဲ့ စိန်တုံးဖြစ်ပါတယ် သခင်၊ တစ်ရတီ ၅၅၀ လို့ ဆိုတာကော မှန်ပါသလား'

'ဟုတ်တယ်၊ ၅၅၀ နဲ့ ဝယ်နိုင်ရင် ရောင်းချဖို့ပဲ'

'၅၀၀ လောက် မလုပ်နိုင်ဘူးလား သခင်'

'ကျွန်ုပ် စိန်ကုန်သည် မဟုတ်တဲ့အတွက် သင် ဈေးဆစ်ရန် ချန်၍ မပြောပါ'

'ဒါဖြင့် ကောင်းပါပြီ အရှင်၊ အရှင်ပြောသောဈေးနှင့် ယူပါမည်'

စိန်ဘာဘူသည် စိန်တုံးကို မဟာရာဇာ၏လက်ထဲ မအပ်သေးဘဲ ရေ့စားပွဲပေါ်ရှိ နံ့သာကြုတ်ကိုယူကာ စိန်တုံးကို ထည့်သွင်းလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'ချိန်တွယ်စရာမပါခဲ့လို့ ခေတ္တ ယူသွားပါရစေ၊ အရှင့် ကျွန်ယုံ တစ်ဦးဦးကို ထည့်လိုက်ပါ'

မဟာရာဇာက ကောင်းပြီကောင်း ရဲ့ဟု ခွင့်မပြုခင် စိန်ကြုတ်ကို အိတ်တွင်းသို့ ထည့်လိုက်၏။ စိန်ဘာဘူ၏ အမှားပင်။ သူရဲကောင်းသုံးယောက်သည် လျှပ်စစ်၏ လျင်မြန်ခြင်းကဲ့သို့ ပြေးချဉ်းလာကာ စိန်ဘာဘူအား ဖမ်းချုပ်ကြရာ

'အား အား အား လား လား လက်ကျိုးပါတော့မယ်'

'ဟေး ဟေး ချိုးမပစ်လိုက်နဲ့ဦး'

မဟာရာဇာက အမိန့်ပေးလိုက်မှ စိန်ဘာဘူ၏ လက်တစ်ဖက်စီ ကိုင်ချိုးဟန် ပြင်နေသော လူထွားကုလား နှစ်ယောက်က အနည်းငယ်လျှော့၍ ပေးလိုက်ကြသည်။ တခြားတစ်ယောက်ကမူ စိန်ဘာဘူ၏ အိတ်ထဲမှ စိန်ကြုတ်ကို ဆွဲထုတ်လိုက်ကာ မဟာရာဇာအား အပ်နေသည်။ မဟာရာဇာသည် နေရာမှထကာ တယ်လီဖုန်းရှိရာသို့ သွားပြီးလျှင် ဦးအောင်မြင်အား အမြန်ဆုံးလာရန်နှင့် သူခိုးကျော် စောရသက်ပြင်းအား ဖမ်းဆီးထားမိပြီဖြစ်ကြောင်းပါ ပြောလိုက်သည်။ စိန်ဘာဘူကား သူရဲကောင်းနှစ်ယောက်၏ လက်ထဲတွင် မလှုပ်မယှက်နိုင်အောင် ဖြစ်နေသည်။ မဟာရာဇာက

'သင် ဗန်တိုဗန်ရှည် ကောင်းကောင်းတတ်တယ်လို့ ပြောကြတယ်၊ ရန်းကြလော့၊ သင်၏ လက်မောင်းတစ်ဖက်စီး ခန္ဓာကိုယ်က ပြုတ်ထွက်သွားအောင် သူတို့ ဖဲ့၍ပြစေအံ့'



'မတတ်ပါသခင်၊ ကျွန်တော်မျိုး လူကြီး လူကောင်းပါ၊ အရှင်၏ စိန်ကြီးကို ခိုးယူရန်လာခြင်းမဟုတ်၊ တကယ်ဝယ်နိုင်တဲ့ စိန်ဘာဘူပါ'

'သို့ဖြစ်လျှင် ကျွန်ုပ်၏ အခွင့်အမိန့်မရဘဲ အဘယ်ကြောင့် စိန်ကြုတ်ကို သင့်အိတ်ထဲ ထည့်လိုက်ရသလဲ'

'ချက်ချင်း အရှင့်ကို ကျွန်ယုံထည့်လိုက်ရန် ပြောပြပါတယ်'

၁၀ မိနစ်ခန့်အတွင်းမှာပင် ဦးအောင်မြင် ရောက်ရှိလာသည်။ မဟာရာဇာက

'ဘယ့်နှယ်လဲ ဦးအောင်မြင်၊ စောရသက်ပြင်းကို ကျုပ်လူနှစ်ယောက်က အလွယ်တကူ ဖမ်းနိုင်နေပြီကော'

ဦးအောင်မြင်သည် သူရဲကောင်းနှစ်ယောက် ချုပ်ထားသော စိန်ဘာဘူဆိုသူ၏ မျက်နှာကို သေချာစွာကြည့်ရှုပြီးနောက် မြန်မာဘာသာဖြင့်

'ဟင် ဘာဘူကြီး၊ ဘာဖြစ်တာလဲ'

'ကယ်ပါဦး ဦးအောင်မြင်၊ ကျွန်တော့်ကို အထင်လွဲနေပုံ ရပါတယ်'

စိန်ဘာဘူကလည်း မြန်မာလိုပင် ပီသစွာပြောဆိုနေရာ မြန်မာစကားနားမလည်သော မဟာရာဇာမှာ စောရသက်ပြင်းအစစ်မို့ မြန်မာလိုပြောနေကြသည်ဟု တပြုံးပြုံးဖြစ်နေရာက အင်္ဂလိပ်ဘာသာဖြင့်

www.burmeseclassic.com

www.burmeseclassic.com



'ဦးအောင်မြင်ပြောသလိုပဲ သူ ဟိန္ဒူစုတန်နီဘာသာ ကောင်းကောင်း ပြောတတ်ပါတယ်'

ဦးအောင်မြင်ကား မဟာရာဇာအား ပြုံးကြည့်ရင်း စိန်ဘာဘူ၏ဘက်သို့ လှည့်ပြန်ကာ

'ဖြစ်ပုံပြောပါဦး ဘာဘူကြီးရဲ့'

'ဒီလိုဗျာ၊ တမြန်နေ့က မဟာရာဇာဆီက စာရတယ်၊ ဒါပေမယ့် ဒီကိုလာဖို့ စိတ်မကူးဘူး၊ မနေ့က အသက် ၃၀ လောက် ရွှေကိုင်းမျက်မှန်နဲ့ အကောင်းဆုံး ကားကြီးစီးပြီး ကျွန်တော့်တိုက်ကိုလာတယ်'

'မျက်လုံးကောင်းကောင်း၊ နှာတံပေါ်ပေါ်၊ အရပ်မြင့်မြင့် မဟုတ်လား'

'ဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ သူက သူ့ဇနီးအတွက် စိန်ဘယက် ဆင်ယင်ပေးချင်တဲ့အကြောင်း ဘယက်သဏ္ဌာန်ကို သူက ရေးပြတယ်၊ အလယ်စိန်ကြီးက ရတီ ၅၀၊ ဘေးက ရတီ ၂၀ စီရှိတဲ့ စိန်ရဲ ငါးလုံး၊ အဲဒီ ငါးလုံးအပြင်က ဘေးရတီမျှရှိဘဲ့ စိန် ၁၀ လုံး ရမယ်တဲ့၊ အကုန်ပေါင်းလိုက်ရင် ရတီ ၂၀၀ ရှိတာပေါ့၊ ဈေးကလဲ တစ်ရတီ ၇၀၀ အထိ ပေးပါ့မယ်တဲ့'

'တကယ့် သူဌေးပါလား၊ တစ်သိန်း လေးသောင်းကျော်တန် စိန်ဘယက် ဆင်မှာပေါ့'

'ပဲခူးက သူဌေးဦးထွန်းဝင်းရဲ့ တူအရင်းတဲ့၊ ဦးထွန်းဝင်းကို ကျွန်တော်ကောင်းကောင်း သိတယ်ဆပ်၊ သိန်းပေါင်း ၅၀ လောက် ချမ်းသာတယ်'



'ဒါနဲ့ ခင်ဗျားကလဲ တစ်ရတီ ၁၅၀ လောက် အမြတ်ရမယ်၊ ရတီ ၂၀၀ ဆိုရင် ငွေသုံးသောင်းလောက်မြတ်မယ် ဆိုပြီး ဒီကို လာခဲ့တာပေါ့'

'ဟုတ်ပါတယ်ဆပ်၊ ကျွန်တော့်ကို သူခိုး လူဆိုးထင်ပြီး ဖမ်းတာပဲ ထင်တယ် ဆပ်'

ဦးအောင်မြင် မဟာရာဇာအားကြည့်ကာ ယခု ဖမ်းထားသူသည် မဂိုလမ်းက စိန်ဘာဘူ သူဌေးအစစ်ဖြစ်ကြောင်း သူ့အား လွှတ်ပစ်လိုက်ရန် ရှင်းလင်းပြောဆိုမှ စိန်ဘာဘူအား တောင်းပန်ကာ သူ့ရဲ့ကောင်းနှစ်ယောက်လက်မှ လွှတ်စေသည်။

'ဦးအောင်မြင်၊ စိန်အရောင်းအဝယ် ပြောပါရစေဦး'

'မလိုဘူး ဘာဘူ၊ ခင်ဗျားဆီလာတဲ့ သူဌေးဆိုတာ စောရသက်ပြင်းဗျာ၊ ခင်ဗျားကို တစ်ပတ်ရိုက်ခိုင်းတာ ဖြစ်ရမယ်၊ အေးအေးပဲပြန်ပေတော့'

စိန်ဘာဘူလည်း ထိုအခါမှ မဟာရာဇာနှင့် ဦးအောင်မြင်အား အရိုအသေပြုကာ အခန်းထဲမှ ထွက်ခွာသွား၏။

မဟာရာဇာသည် ဦးအောင်မြင်အား ကြည့်ရှုကာ

'ကျွန်ုပ် ဒီစာမြင်ကတည်းက မသင်္ကာနေတာ၊ ဒီစာကို ဘယ်သူ ယူနိုင်သလဲ'

မဟာရာဇာ တံဆိပ်တော်နှင့် စာရေးစက္ကူ၊ မဟာရာဇာ၏ လက်မှတ်ပါသော စိန်ဘာဘူ့ထံ ပေးစာကို ထုတ်ပြသည်။

www.burmeseclassic.com



'ဟို မှင်တိုမင်ရှည် တည်းတုန်းက မဟာရာဇာ့ရဲ့ စာရေးစက္ကူ လေးငါးရွက်ကို စောရသက်ပြင်း ခိုးယူထားလိုက်တာ ဖြစ်ပါလိမ့်မယ်'

'အို ကြာပြီကော၊ သူ ဒီလိုလုပ်တတ်သလား'

အရေးရှိသုံးဖို့ဆိုပြီး နာမည်ကြီးတွေရဲ့ ပေးစာစက္ကူ၊ လက်မှတ်ပုံစံတွေ စုဆောင်းထားတတ်ပါတယ်၊ ဟိုတုန်းက သူ ရထားရုံသာမကဘူး၊ ထမင်းစားဖိတ်တုန်းက လက်မှတ်တောင် သူ ရထားတဲ့ လက္ခဏာပဲ'

'တယ်တော်ပါလား၊ ဘာဖြစ်လို့ သူကိုယ်တိုင် မလာရဲသလဲ'

'အရှင့်ရဲ့ ကျွန်ယုံတွေအကြောင်း သူ စုံစမ်းပြီးဟန်တူတယ်၊ ဒါကြောင့် စိန်ဘာဘူကို ချောက်တွန်းတာ၊ စိန်ဘာဘူရဲ့ လက်ထဲရောက်မှ တစ်နည်းတစ်ဖုံကြံပြီး ယူမယ့်လက္ခဏာပဲ'

'ဒါဖြင့် ကျုပ် ကံကောင်းတာပေါ့'

'မှန်ပါတယ် အရှင်'

ဦးအောင်မြင်သည် မဟာရာဇာအား ဘယ်နှစ်ရက်နေဦးမလဲ မေးရာ နောက်တစ်နေ့ သင်္ဘောနှင့် ပြန်တော့မည်ပြောသဖြင့် သူ့တွင် တာဝန်ပေါ့သွားကာ မဟာရာဇာအား နှုတ်ဆက်၍ ပြန်သွားသည်။

မဟာရာဇာကား နောက်တစ်နေ့တွင် သင်္ဘောနှင့် ဘေးကင်းစွာ ပြန်၍သွားလေသည်။

* * *



အထက်ပါ အဖြစ်အပျက်မှာ ကိုသက်ပြင်း ပြန်ပြောသည်ကို ကျွန်တော်က ဖတ်ကောင်းအောင် ဝတ္ထုဇာတ်လမ်းသဖွယ် ရေးသားဖော်ပြရခြင်း ဖြစ်ပါသည်။ ထိုစိန်တုံးကြီးကိစ္စနှင့် ပတ်သက်၍ ကိုသက်ပြင်းအား ကျွန်တော်က

'နောက် ဘယ်လိုနည်းနဲ့ စိန်တုံးကြီးကို ရအောင် ယူလိုက်သလဲ'

'မရလိုက်ပါဘူး ကိုသဆွေ'

'ဒီတစ်ခါ ခင်ဗျား အလျှော့ပေးလိုက်ရတာပေါ့'

'ဩော် ကျွန်တော်လဲ နတ်သိကြားမှ မဟုတ်ဘဲ၊ တကယ် သိတ္တိရှိပြီး အရှင့်အတွက် အသက်ပေးကြတဲ့ သူရဲကောင်းသုံးယောက်ကို ကျွန်တော် ဘယ်မှာနိုင်အောင် တိုက်နိုင်မလဲဗျာ၊ ဒီလို လွတ်တဲ့အခါ လွတ်ပေါ့'

'ဒါဖြင့် ရှိန်းဆာရာ ပိုမောက်ပြီး ကိုယ်ပျောက်တဲ့ဆေး ယူဦးမလား'

'တော်စမ်းပါဗျာ' ဟု ဆိုကာ စီးကရက်တစ်လိပ်ကို မီးညှိရှူဖွာကာ မီးခိုးများကို မှုတ်ထုတ်နေပါသတည်း။

□□

www.burmeseclassic.com



## ၃

'မိရယ်၊ မိလောက်ချောတဲ့ ကညာစစ် တစ်ယောက်ကိုမှ မချစ်ဘူးဆိုရင် ကိုအောင်တင်ဟာ နွားနဲ့ ကမ္ဘာ့နှာ့ကန်းသမား တစ်ခုခုဖြစ်ရတော့မှာပေါ့'

'ချောတာ တစ်ခုတည်းနဲ့ ချစ်တယ်ဆိုပါတော့'

'ဒီလိုလဲဘယ်ဟုတ်မလဲ၊ မိဘမျိုးရိုး၊ အရည်အချင်း၊ အလိမ္မာ ရှိတယ် ဆိုတာလဲ ကိုအောင်တင် သိပြီးမို့ ချစ်တယ်လို့ ပြောတာပေါ့'



အသက် ၂၅ နှစ်ခန့် အသားလတ်လတ်၊ ရုပ်ရည်သန့်သန့် လုလင် တစ်ယောက်နှင့် အသက် ၂၀ ခန့် ဝါဝင်းသော အသား၊ စိမ်းနေသော မျက်ခုံး၊ ကော့နေသော မျက်တောင်အတွင်းက ကြည်လင်လှပသောမျက်လုံးအစုံနှင့် လုံမပျိုတို့ အချီအချ စကားပြောဆိုနေကြခြင်း ဖြစ်သည်။

မိ ဆိုသူ၏ နာမည်အပြည့်အစုံမှာ ခင်မိမိ ဖြစ်၏။ နာမည်ကြီးဝတ်လုံ ဦးဘဖြူ၏သမီးဖြစ်၍ ခေတ်ပညာ ဘီအေအောင်ပြီး ဖြစ်သည်။ မောင်အောင်တင်မှာ စက်ရှင်တရားသူကြီး ဦးဘသက်၏သားဖြစ်၍ ဘီအေ အောင်ပြီးကာ သစ်တောရေးဌာနတွင် ရုံးဝန်ထောက်လုပ်နေသူ ဖြစ်၏။ ပညာအရည်အချင်း ကောင်းသဖြင့် မကြာမီ အတွင်းဝန်ကလေး ရာထူးအထိ တိုးတက်ခန့်ထားခြင်း ခံရမည်ဟု လုပ်ဖော်ကိုင်ဘက်များက တစ်ပေးထားကြ၏။

ဦးဘသက်နှင့် ဦးဘဖြူမှာ ကျောင်းနေဘက် သူငယ်ချင်းများဖြစ်ကြ၍ အချိန်အရွယ်ရောက်လာကြသော သားနှင့်သမီးတို့အား အိမ်တစ်ဆောင် မီးတစ်ပြောင် သဘောတူကြပြီးဖြစ်၏။ သို့ရာတွင် လူကြီးချင်း သဘောတူကြရုံနှင့်မပြီး၊ လူငယ်ချင်းလည်း မေတ္တာမျှဦးမှဟု လူငယ်ချင်း တွေ့ဆုံပေးရာမှ ပြောဆိုနေကြခြင်းဖြစ်သည်။

ရန်ကုန်မြို့ လန်ကက်စတာလမ်း ဝတ်လုံဦးဘဖြူ၏ နှစ်ထပ်တိုက် အောက်ထပ်ညှော်ခန်း၌ လုလင်နှင့် လုံမပျိုသာ ရှိ၏။ လူကြီးများအပေါ်ထပ်တွင် နေကြကာ လွတ်လပ်စွာ ဆွေးနွေးခွင့်ပြုထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ခင်မိမိမှာ အဝါနုရောင် ပိုးပျော့လုံချည်၊ နုံ့သာရောင်ပိုးအင်္ကျီ၊ စိန်ကြယ်သီးတပ်ကို ဝတ်ဆင်ထားရာ သွယ်လျသော မျက်နှာတစ်ခုလုံး ကြည့်ရှုမငြီး ဖြစ်နေသည်မဟုတ်ပါ။၊ တင်ပါ။၊ ရင်သားမို့မောက်ပုံကလည်း အချိုးကျလှသည်။ သာမန် လှရုံ ချောရုံသာမက ဆက်ကက်စ်အပီးလ် ခေါ် ယောက်ျားတို့အား ဆွဲဆောင်နိုင်သော သတ္တိလည်း ရှိသည်။

မောင်အောင်တင်မှာလည်း စူးရှကြည်လင်သော မျက်လုံး၊ နှာတံပေါ်၊ နားရွက်ကားနှင့် သားနားသော လူချောတစ်ယောက်ဖြစ်၏။ ပုဆိုးနန်ဆီရောင် ဗန်ကောက်လုံချည်၊ အကောင်းဆုံးရှပ်ဖြူအင်္ကျီ၊ ကျစ်ပိုးအပေါ်ဝတ်အင်္ကျီ ဝတ်ဆင်ထား၍ မိန်းမပျိုများ တျလောက်သည်။

အောင်တင်က ခင်မိမိအား ကြည့်မဝ ရှုမငြီးနိုင်သော အမူရာနှင့် ရွှန်းရွှန်းစားစားကြည့်ရှုနေရာ ခင်မိမိ၏ထူးခြားသော တစ်ချက်မှာ ရှက်သလို ခေါင်းငုံ့မသွားဘဲ အောင်တင်အား မမိုတ်မသုန် ပြန်လှန်ကြည့်ရှုနေခြင်းပင် ဖြစ်သည်။ စကြွရှုပေန သံဝါသမှာ သူတို့ နှစ်ယောက်အဖို့ ပိုမိုမှန်ကန်သည်ဟု ပြောစရာပင်။

'ကိုအောင်တင် မိကို ချစ်တာကတော့ ဓာတ်ပုံရကတည်းကဆိုပါတော့၊ ဓာတ်ပုံကို တစ်နေ့ ဘယ်နှစ်ခါလောက် ကြည့်တယ်ထင်သလဲ'

'မိ မမြင်ရတော့ကော'

ခင်မိမိက ဖြူဖွေးညီညာ ပုလဲရောင်ပမာ ဖြစ်နေသောသွားများပေါ်အောင် ပြုံးရယ်ကာပြောလိုက်ရာ၊ အောင်တင်က



'အားလပ်တဲ့အချိန်တိုင်း အကြိမ်ပေါင်း မရေမတွက်နိုင်အောင် ကြည့်မိတယ်လို့ ပြောမလို့ပါ၊ ဒီတော့ ကိုအောင်တင် ချစ်သလို မိက ချစ် မချစ် သိပါရစေလား'

'မိလဲ ကိုအောင်တင် ဓာတ်ပုံကို ရသားပဲ'

'ရတော့'

'ကိုအောင်တင် ဘယ်လိုထင်သလဲ'

'အရုပ်ဆိုးကြီးဆိုပြီး တော်ရာ ချောင်ထိုးထားရောမဟုတ်လား'

'အံမာလေး၊ သို့ ကိုယ်သူ အရုပ်ဆိုးကြီးတဲ့၊ ချောဖါတယ်ရှင်၊ တကယ် ချောပါတယ်၊ မိက ခြင်ချော်လဲလို့တောင်နာမည်ပေးလိုက်ချင်ပါသေးတယ်'

'ဒါဖြင့် မိကလဲ ကိုအောင်တင်ကို ချစ်ခင်တယ်ပေါ့'

ခင်မိမိက အဖြေမပေးပေ။ လှပသော မျက်လုံးအစုံဖြင့် ကြည့်နေသည်။ အိမ်ကြီးမှာ တိတ်ဆိတ်လှ၏။ အချိန်ကားည ခုနစ်နာရီခန့်ဖြစ်ရာ တစ်ချီ တစ်ချီ တိုက်အပြင်ဘက်မှ မာလီကုလား၊ ဒရဝမ်ကုလားများ တမာဂူရှရင်း လေပန်းနေကြသော အသံများကိုကြားရသည်။

နှစ်ဦးသားထိုင်နေကြသော ဆိုဖာနှစ်ခုမှာ ယှဉ်လျက်နေသော်လည်း တစ်ခုနှင့်တစ်ခု တစ်ပေခန့် ကွာခြားနေရာ အောင်တင်မှာ ခင်မိမိ၏ ဆိုဖာလက်တင်ပေါ်သို့ သွားထိုင်၍ မဖြစ်သဖြင့် ဖင်ကြွကာ သူထိုင်သောဆိုဖာကို ခင်မိမိဆိုဖာနှင့်လက်တင်ချင်းထိအောင် ပွတ်၍ရွှေ့လိုက်ရာ ခင်မိမိက ရှေ့ရော

www.burmeseclassic.com

www.burmeseclassic.com



မှ ထပြီးလျှင် နှစ်ယောက်ထိုင်ဆိုဖာပေါ်သို့ ပြောင်းရွှေ့ထိုင်လိုက်၏။

ခေတ်ပညာတတ် ရုံးဝန်ထောက်တစ်ယောက် ဖြစ်သဖြင့် အောင်တင်၏ စဉ်းစားဉာဏ်ကား မခေလှ။ ခင်မိမိ နှစ်ယောက်ထိုင် ဆိုဖာပေါ်သို့ပြောင်းရွှေ့ထိုင်ရာ၌ အလယ်တွင်မထိုင် လက်တင်တစ်ခုအနီး ကပ်ထိုင်သဖြင့် ခင်မိမိအားတွင် လူတစ်ယောက်ထိုင်သာသည်။ ခင်မိမိ မျက်နှာအမူအရာကလည်း ပြုံးတုန်းတုန်း၊ ဤအမြင်ကြောင့် မိမိအား ဖိတ်ခေါ်သည်ဟု အတတ်တွေးကာ နှစ်ယောက်ထိုင်ဆိုဖာသို့ ကူးပြောင်း ထိုင်လိုက်ပြန်သည်။ ခင်မိမိက 'အို ဘာလို့ ဒီလာထိုင်ရတာလဲ' ဟု ပြောလေမလားနှင့် တထင့်ထင့်ကား ဖြစ်မိသေး၏။ ခင်မိမိက ဘာမျှမပြော အောင်တင်၏ မျက်နှာကိုသာကြည့်နေသဖြင့် အောင်တင် အတင့်ရဲလာကာ ခင်မိမိ၏ ကိုယ်ကလေးကို ပွေ့ဖက်ပြန်သည်။

ထိုသို့ ပြုမူသည့်တိုင်အောင် ခင်မိမိက ရုန်းဖယ်ခြင်း မပြု၊ ဖောင့်ဖွံ့ အတွေ့ကြောင့် နှစ်ယောက်စလုံး ရင်ဖိုသလို အကြောအခြင်တွေ ထကြွသလိုဖြစ်၍ နေကြ၏။ လုံ့မပျိုက ထိမ့်ငြိမ်နေသဖြင့် အောင်တင် တစ်ဆင့်တက်ကာ ခင်မိမိ၏ ပါးနှစ်ပြင်ကို တအားတင်၍ မွှေးတော့၏။

'မိ၊ ကိုအောင်တင်ကို ချစ်တယ်နော်'

'ချစ်လို့ ခုလောက် လိုက်လျောနေတာ၊ ဘာကြောင့်ထင်သလဲ ပြောစမ်းပါဦး'



'ချစ်လို့ပေါ့၊ ဒါပေမယ့် မိ နှုတ်ဖျားက ချစ်ပါတယ်လို့ ပြောတာ နားထောင်ချင်သေးတယ်'

ခင်မိမိက ဘာမျှမပြော အောင်တင်၏ မျက်နှာကို ပြုံးကြည့်နေ၏။ အောင်တင်က အားမလိုအားမရဖြစ်ကာ ခင်မိမိ၏ ကိုယ်ကလေးကို ခပ်တင်းတင်း ဖျစ်ညှစ်လိုက်ရာ

'အီးအင်းအီး၊ အသက်ထွက်ရချည့် ကိုကိုရဲ့'

'ဒါဖြင့် ချစ်တယ်လို့ပြော'

'ချစ်ပါတယ်တဲ့ ဘုရား'

'တဲ့ဆိုတဲ့ သံသယသံ မပါဘဲ ထပ်ပြောဦး'

'အသက်နဲ့ထပ်တူ ချစ်တော်မူကြောင်းပါ ကိုကိုဖျာ'

ခင်မိမိမှာ ရုပ်ရည်ကလည်း နန်းမှူးအသွင်၊ လျှောက်တင် လိုက်ပုံက နန်းစကားမို့ ဆန်းပြားသည့်အောင်တင်က ပြောင်ထင်သည့် ပါးပြင်ကို တစ်သုတ်၊ နှုတ်ခမ်းချင်းတေ့၍ တကယ် ချစ်ရေလယ်ကြောတွင် မျောချင်တိုင်း မျော၍ နေကြသည်။

ကိုအောင်တင်ဟု ခေါ်ရာမှ ကိုကိုဟု ပြောင်းလဲခေါ်လိုက်ပုံကိုလည်း ကဏ္ဍသုခဖြစ်နေသည်။ ခင်မိမိ၏ နူးညံ့ပျော့ပြောင်းသော လက်မောင်းသားနှင့် အောင်တင်၏ လည်ပင်းကို ရစ်သိုင်းပွေ့ဖက်ထားကာ အသားချင်းထိသဖြင့် ယားကျိကျိ ဖြစ်နေ၏။

'ကိုကို ခဏလေးနော်'

ခင်မိမိသည် အောင်တင်၏ ရင်ခွင်မှ အသာကြွကာ နေရာမှ ထ လျှောက်သွားပြီး အခန်းတစ်ခန်းထဲသို့ ဝင်လိုက်

www.burmeseclassic.com

www.burmeseclassic.com



၏။ ခန်းဆီးမလိုက်စဉ် တစ်ယောက်အိပ်ခုတင်နှင့် မှန်တင်ခုံကို ရိပ်ခနဲ မြင်လိုက်သဖြင့် ပါးပြင်ကို ပေါင်ဒါမွှမ်းမံရန် သွားသည်ဟု ထင်မှတ်ကာ ထိုင်စောင့်နေ၏။ ငါးမိနစ်ကြာလည်း မထွက်လာ။ ၁၀ မိနစ်ခန့်ကြာလည်း မထွက်လာ။ လူကြီးတွေက တမင်လာ ရှောင်ပေးကြသည်ကိုလည်း အောင်တင် သိပြီးဖြစ်၏။

လူကြီးများက တိုက်ဆင်ဝင်အောက်တွင် ရပ်၍ထားသော သူ၏ကား ထွက်ခွာသံကြားမှ ဆင်း၍လာကြမည်။ ခင်မိမိနှင့် ဆိုဖာပေါ် နှစ်ကိုယ်ယှဉ်တွဲထိုင်ကြစဉ်က ချစ်မှုရာ ချစ်လိုလိုက်လှ၏။ ယခု ၁၀ မိနစ်ကြာ၍ ထွက်မလာခြင်းကား....

'အမယ်လေးတော်၊ ကျွန်မ သမီးအခန်းထဲ သူတို့နှစ်ယောက်'

'မင်းတွေးသလို အလွန်အကျွံ မဖြစ်နိုင်ပါဘူး၊ လက်မထပ်ခင်အတွင်း စောင့်စည်းကြမှာပေါ့ကွယ်'

အောက်ထပ်တွင်ကား ခင်မိမိအခန်းထဲမှ အောင်တင်က ခင်မိမိ၏ လည်ပင်းကိုဖက်လျက် ခင်မိမိက အောင်တင်၏ ခါးကိုဖက်ကာ ထွက်၍လာကြရင်း

'ဒါပဲနော် ကိုကို၊ မိကလွဲရင် ဖွဲနဲ့ ဆန်ကွဲဆိုပြီး တော်တော်ကြာ အချစ်သစ်ရှာရင်လား'

'စိတ်ချပါ မိရယ်၊ ဘယ်နှခါ ကျိန်ပြောရဦးမလဲ'

'မိဟာ ကိုကို့ကို အစွမ်းကုန် ချစ်လိုလိုက်တာဟာ ကိုကို့ကို စိတ်ချယုံကြည်လို့'



'ဟုတ်ပါတယ်ဗျာ၊ ကိုကိုလဲ ဒီကတောင် မပြန်ချင်ဘူး'

'ဒါဖြင့် မပြန်ဘဲ ဒီမှာအိပ်လေ'

'ဟာ လူကြီးတွေ အသိခံလို့ ဘယ်ဖြစ်မလဲ မိရဲ့'

ခင်မိမိသည် ချစ်သူအား တိုက်ပေါက်ဝံတံခါးအထိ လိုက်လာပြီးလျှင် လုလင်က မွေးသွားသည်ကို ကျေနပ်စွာ အလိုလိုက်ပြီးနောက် လုလင် ကားစက်နိုးသွားမှ သံခေါက်တံခါးပိတ်လိုက်ကာ အခန်းတွင်းသို့ ဝင်ရောက်လာသည်။

ထိုကဲ့သို့ လူငယ်ချင်း ချစ်ခင်ရင်းနှီးကြသောအခါ လူကြီးများသည် လက်ထပ်ပွဲဆင်နွဲကြရန် စီစဉ်ကြရ၏။ လက်မထပ်ခင်အတွင်းမှာလည်း တစ်ဦးနှင့်တစ်ဦး နေ့စဉ် မြင်တွေ့နေရသဖြင့် လက်ထပ်ပြီးသည်နှင့်မခြား စိတ်အားရှိသလိုနေထိုင်ကြရသည်။ လောက ဂုဏ်ပကာသနအတွက်သာ လက်ထပ်ပွဲစီစဉ်ကြရခြင်း ဖြစ်၏။

များမကြာမီ အောင်တင်နှင့် ခင်မိမိတို့ လက်ထပ်ပွဲကို ဂျူဗလီဟောခွဲ ဆင်နွဲကြ၏။ နှစ်ဖက်မိဘက မျက်နှာကြီးများ ဖြစ်ကြသဖြင့် မင်းစိုးရာဇာ၊ သူဌေးသူကြွယ်၊ ကုန်သည် ပွဲစား၊ စာရေးစာချီများပါ သစ်လွင်သော အဝတ်အဆင် ရောင်စုံတို့ဖြင့် စည်ကားလှသည်။

သတို့သမီးအားလည်း ဒေဝစ္ဆရာ နတ်ကညာတမျှ လှပချောမွေ့ပါသည်ဟု ချီးမွမ်းကြ၏။ သတို့သားမှာလည်း လူချောတစ်ယောက်ဖြစ်သဖြင့် နေနှင့်လ ရွှေနှင့်မြကဲ့သို့ ရှေ့သွားနောက်လိုက် ညီလှသည်ဟု ပြောကြသည်။

www.burmeseclassic.com

www.burmeseclassic.com



လက်ဖွဲ့ပစ္စည်းများလည်း မရေမတွက်နိုင်အောင်ဖြစ်ရာ လက်ဖွဲ့စာရင်း လက်ဖွဲ့သူ၏ အမည်များကို သတင်းစာများတွင် တစ်နေ့လေးကော်လံကျနှင့် ငါးရက်မျှ ထည့်သွင်းဖော်ပြကြရ၏။ ထိုအထဲတွင် ရွှေတစ်ဆယ်သားခန့်ကို ထုလုပ်ထားသော ရွှေစင်ရုပ်တစ်ရုပ်ပါ၏။ စည်းပုံ ဆောင်းထားသော မိန်းမရုပ်ဖြစ်၍ အလွန်သေသပ်ကျနစွာ ပြုလုပ်ထားခြင်းဖြစ်ရာ အောက်ခံ ငွေခုံကလေးတွင် 'ကိန္နရဒေဝီ' ဟူ၍လည်းကောင်း၊ 'ဒေါက်တာ သက်ပြင်း၏ လက်ဆောင်' ဟူ၍လည်းကောင်း ကမ္ဗည်းထိုးထား၏။

'ခင်ဗျား မင်္ဂလာလက်ဆောင်ကိုတော့ လူတိုင်းချီးမွမ်းကြတာပဲ ကိုသက်ပြင်းရာ၊ ဒါပေမယ့် ချီးမွမ်းပြီးမှ ပြုံးပြုံးသွားကြတယ်၊ ဘာလို့ ပြုံးကြသလဲမေးတော့ အရုပ်ကလေးက ချောလွန်းလို့တဲ့'

ကိုအောင်တင် အသက် ၃၀ ကျော်ကလေးက စူးရှကြည်လင်သော မျက်လုံး နှာတံပေါ် ရွှေကိုင်းမျက်မှန်နှင့် ဒေါက်တာ သက်ပြင်းအား ပြောလိုက်ခြင်း ဖြစ်သည်။ ဒေါက်တာသက်ပြင်းက

'နောက်တော့ မင့်ကို ရှင်းပြမယ်၊ တစ်ခုသတိပေးချင်တာက မင်းရဲ့ အခု ဒရိုင်ဘာက လူရေသန့်တယ်၊ အရွယ်ပျိုတယ်၊ ဒီတော့ ဒီကောင်ထက် အရုပ်ဆိုးတဲ့ ဒရိုင်ဘာ တစ်ယောက်နဲ့ လဲထား'

'ခင်ဗျား ပြောတာ ကျွန်တော် ရိပ်စားမိပါပြီ ကိုသက်ပြင်း'



ဤသည်တို့ကား ဓာရသက်ပြင်းနှင့် မောင်အောင်တင်တို့ မင်္ဂလာဆောင်ပြီး နောက်တစ်နေ့ ပြောကြသော စကားများဖြစ်သည်။

* * *

ငါးနှစ်ခန့်အကြာ

'ဟလို၊ အခုပြောတာ ကိုအောင်မြင်လား'

'ဟုတ်ကဲ့၊ ကျွန်တော် အောင်မြင်ပဲ၊ ဝတ်လုံတော်ရ ဦးဘဖြူလား'

'ဟုတ်တယ် ဘဖြူ၊ အရေးတကြီးကိစ္စရှိလို့ အမြန်လာရောက်စေချင်ပါတယ်'

'ချက်ချင်းလာခဲ့ပါ့မယ် ခင်ဗျား'

အချိန်ကား နံနက် ခြောက်နာရီခန့် တစ်နေရာတွင် ဦးဘဖြူ၏ ဇနီးမှာ

'အမယ်လေး၊ ရက်စက်လှချည်ရဲ့လား သမီးရဲ့၊ သမီးကလေး အသေဆိုးလို့ အမေ ရင်ကျိုးရချည့်ရဲ့လေး'

ဝမ်းနည်းပက်လက် မျက်ရည်စက်လက်နှင့် ငိုကြွေးနေရှာသည်။ ဦးဘဖြူမှာလည်း မျက်ရည်ဝိုင်းလျက် ကြမ်းပြင်တွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသည်။ သူ၏မျက်နှာကား မကျေမချမ်းခြင်း၊ သက်ဘယန မကောင်းခြင်းများ ဖြစ်နေဟန်တူ၏။

'ခင်မိမိ ခင်မိမိ၊ ဆိုးလိုက်တဲ့ဖြစ်ချင်း သမီးရယ်'

အတွင်းဝန်လေးကိုတင်အောင်မှာလည်း ချစ်ဇနီးတစ်ယောက်လုံး ဆုံးသဖြင့် ယူကျုံးမရဖြစ်ကာ

www.burmeseclassic.com

www.burmeseclassic.com



'မိရေ မိရဲ့၊ ကိုကို့ကို ရက်စက်သွားပါပကောလား မိရဲ့'

ထိုကဲ့သို့ အသံထွက်၍ပင် ငိုကြွေးနေသည်။ အိမ်ထောင်သက် ငါးနှစ်ကြာခဲ့၍ အသက် ၂၅ နှစ်မျှ ရှိပြီဖြစ်သော်လည်း ၁၆ နှစ်ရွယ်လောက်သာထင်ရသည့် ဇနီးချော၊ ကျန်းမာ သန့်စွမ်း ပျော်ရွှင်စွာနေထိုင်ခဲ့ကြရာက ရုတ်တရက် ရှောင် တခင် ကွယ်လွန်သွားရှာပြီတကား။

'ဟော ကိုအောင်မြင် လာစမ်းပါဦးဗျာ၊ ကျုပ်တော့ ခေါင်းရှုပ်နေလို့ ကိုအောင်မြင်ရဲ့အကူအညီ တောင်းရတာပဲ'

စုံထောက်ကျော် ဦးအောင်မြင်မှာ တစ်စုံတစ်ရာမြင်၍ အံ့အားသင့် မျက်လုံးပြူးသွားပြီး ဣန္ဒြေဆည်လိုက်သည်။ ဦးဘဖြူက

'ကိုအောင်မြင် လာတဲ့အထိ အစခပ်သိမ်း မကိုင်မတွယ်ဘဲ နေကြတယ်'

ကိုအောင်တင်နှင့် ခင်မိမိ လက်ထပ်ကြပြီးနောက် ကိုအောင်တင်သည် ဦးဘဖြူ၏ အိမ်ရှိရာ လန်ကက်စတာလမ်းသို့ လိုက်၍ နေ၏။ နှစ်ထပ်တိုက်၏ အောက်ထပ်တွင် ဇနီးမောင်နှံအိပ်ကြရာ အခင်းဖြစ်ပွားသော ကိုးနာရီခန့်တွင် ဦးအောင်မြင်အား ခေါ်ယူလိုက်ခြင်း ဖြစ်၏။

ကိုအောင်မြင် မျက်လုံးပြူးသွားသော အရာကား ခင်မိမိ ကြိုးဆွဲချသေဆုံးနေခြင်းပင် ဖြစ်သည်။ ခင်မိမိမှာ အဝါရောင်ပိုးလုံချည်ကွင်းကို အတွင်းဇာနားတပ် စွတ်လုံချည် ခံလျက် ငွေခါးပတ်ကလေး ပတ်ထား၏။ အင်္ကျီမှာလည်း



နု့သာရောင်ရင်ဖုံးအင်္ကျီ စိန်ကြယ်သီးတပ်လျက် တံခါးမပေါက် အပေါ်တန်းတွင် လက်သန်းခန့်ထုတ်သော ပိုက်ဆံလျှော်ကြိုးနှင့် ကြိုးဆွဲချခြင်းဖြစ်၏။ ခြေဖျားမှာ ကြမ်းပြင်နှင့် ငါးလက်မခန့်သာ ကွာသည်။

အလောင်း၏ ခြေထောက်နားတွင် ကြိမ်ကုလားထိုင်တစ်လုံး လဲနေ၏။ အိမ်ခန်းနံရံမှာ ကိုးပေခန့်မြင့်၍ ပြောင်လက်နေအောင် ပေါလစ်ရှိ သုတ်ထားသည်။ တံခါးမပေါက်တွင် တံခါးအထက်ကတန်း၌ ကြိုးချည်၍ ကုလားထိုင်တစ်လုံးနှင့် မတ်တထွံ့ရပ်၊ လည်ပင်းကြိုးကွင်းစွပ်၊ ကုလားထိုင်ကို ကန်လှဲလိုက်သောအခါ ကြိုးတင်းပြီး လည်ပင်းအစ်သေဆုံးသည့် သဘောပင် ဖြစ်၏။

ဦးအောင်မြင်သည် အလောင်းအနေအထား၊ ကြိုးကွင်းစွပ်မိပုံ၊ အလောင်းတွင် အခြားဒဏ်ရာ ရှိ မရှိ စစ်ဆေးပြီးမှ

'စာကလေးတစ်စောင်မှ ရေးမထားခဲ့ဘူးလား'

'သြော် ရေးထားခဲ့တယ်'

ဦးဘဖြူသည် သူ၏ ရှပ်အင်္ကျီအိတ်ထဲမှ စာတစ်စောင်ကို ထုတ်၍ ပြ၏။ ဦးအောင်မြင် ဖတ်ရှုသောအခါ

ကျေးဇူးရှင် လင်ကိုကိုနှင့် ကျေးဇူးရှင် မိဘနှစ်ပါးတို့ရှင့် မိဟာ အပြုံးမပျက် ဘယ်သူမှ မရိပ်မိအောင် နေထိုင်ခဲ့သော်လည်း လူ့လောကကြီးတွင် မနေလိုသည်မှာ ကြ ပါပြီ၊ ကိုကို့မျက်နှာ မိဘမျက်နှာကို မြင်မြင်ပြီး မချင်

www.burmeseclassic.com

www.burmeseclassic.com



မခွာရတ်လို့ အောင့်အည်းနေခဲ့ရသော်လည်း ဝဋ်ကြွေး မလွတ်သာတော့သည့် အဆုံး၌ ယခုကဲ့သို့ မိမိ၏ အသက်ကို ကြိုးလည်ကွင်းစွပ် ဖြုတ်သွားရခြင်း ဖြစ်ပါသည်။ အသက်ရှိစဉ်အတွင်း မိ၏ အပြစ်များရှိပါက ခွင့်ပြုတော်မူကြပါ။ လင်ကိုကိုနှင့် မိဘနှစ်ပါးတို့အား ဝန္ဒနာ လက်စုံမိုး၍ ရှိခိုးကန်တော့ခဲ့ပါသည်ရှင်။

ခင်မိမိ

'သူ့ စာနဲ့ သူ့ ကွယ်လွန်ပုံက ရှင်းနေသားပဲ၊ ဝတ်လုံတော်ရမင်းရဲ့'

'ကျုပ်စိတ်ထဲမှာတော့ မရှင်းတဲ့အချက်တွေ ရှိနေပါတယ်၊ ကဲလေ အလောင်းကို ဂါတ်တိုင်၊ ဆေးရုံပို့ပြီး ကျုပ် အလုပ်ခန်းထဲ ဆွေးနွေးကြရအောင်'

ဦးအောင်မြင်လည်း တယ်လီဖုန်းဆက်၍ နီးရာပုလိပ်ဌာနမှ သူနာပြုကားနှင့် လာရောက်ကြကာ စစ်မေးစရာရှိသမျှ စစ်မေးမှတ်ယူပြီးနောက် အလောင်းကိုဆေးရုံကြီးသို့ ပို့လိုက်ကြသည်။

'ခင်မိမိ သူ့ကိုယ်သူ ရိုးရိုးသတ်သေတယ် မထင်ဘူးလား'

'မထင်ဘူးဗျာ၊ ကျုပ်သမီး သူ့ကိုယ်သူ သတ်မသေရဲပါဘူး'

ဦးဘဖြူ၏ အလုပ်ခန်းအတွင်း၌ နှစ်ယောက်သား ကျိတ်၍ ဆွေးနွေးနေကြခြင်း ဖြစ်သည်။



'ဒီလိုဖြင့် ဘယ်သူသတ်တယ်လို့ ထင်သလဲ'

'အောင်တင်လေ၊ သူသတ်တာ ဖြစ်ရမှာပဲ'

'သူ့ ဇနီးချောကို သူ သတ်ပစ်လောက်အောင် အကြောင်းရှိသလား'

'ရှိတယ်၊ ကျုပ်သမီးကို ဒရိုင်ဘာလူတစ်နဲ့ မသက်ာဘူး၊ ကျုပ်ကပြောရတယ်၊ ဒီလောက် အရုပ်ဆိုး အကျည်းတန်တဲ့ကောင်ကို အလွန်လှတဲ့ ကျုပ်သမီးက ကြိုက်ပါ့မလားလို့'

'အေး အေး ဒီလိုကိုး၊ အခု ရေးတဲ့စာက ဝတ်လုံတော်ရမင်းရဲ့ သမီးလက်ရေး ဟုတ်ရဲ့လား'

'လက်ရေးတော့ ကျုပ်သမီးလက်ရေးပဲ၊ ဒါပေမယ့် သူက အနိုင်ကျင့် အရေးခိုင်းရင် အားပျော့တဲ့ ကျုပ်သမီး ရေးပေးရမှာပဲ'

'ကိုအောင်တင်ရဲ့ ဒီပြင်ထူးခြားတဲ့ အမှုအရာများ ရှိသလား'

'အခုတလော ခါတိုင်းထက် အရက်ပိုသောက်တာ တွေ့ရတယ်'

'သူတို့ လင်မယားအချင်းချင်းကော ရန်ဖြစ်တတ်ကြသလား'

'ရန်ဖြစ်တာတော့ မတွေ့ရဘူး၊ သူ အရက်မူးရင် ကျုပ်သမီး ဖက် ဖက်ပြီး ငိုသတဲ့'

ဦးအောင်မြင်၏ စိတ်ထဲ၌ ကိုအောင်တင်နှင့် ခင်မိမိတို့၏ အချစ်သရုပ် ပေါ်လွင်နေဟန် တူ၏။ ကိုအောင်တင်သ

www.burmeseclassic.com

www.burmeseclassic.com



ခင်မိမိအား အသေအလဲ ချစ်သည်၊ ခင်မိမိက ဖောက်ပြားနေသည်။ ချစ်ဇနီး မိန်းမချောကိုလည်း မပစ်နိုင်၊ ဖောက်ပြားနေသည်ကိုလည်း မခံမရပ်နိုင်ဖြစ်နေရှာမည်။ ဦးဘဖြူကပင်

'လူက ပညာရှိဆိုတော့ လင်မယားမသင့်မတင့်တဲ့သဘော၊ ရန်ဖြစ်ခြင်း စတဲ့ဟာမျိုး ဘယ်ပြမလဲ၊ ဒါမှ သူ့အပေါ် အမှုမပတ်ဘဲနေမှာကိုး'

'ဦးသမီးသေရတာ၊ ကိုအောင်တင်ကို မသင်္ကာဘူးလို့ ဂါတ်တိုင် မလား'

'ဟာ ကျုပ်လဲဝတ်လုံတစ်ယောက်ပဲဟာ၊ ဘယ်မှာ သူ့နာမည်ကို မင်းရှင်း (ဖော်ပြော) လုပ် တိုင်မလဲ၊ မသင်္ကာဘူး ဆိုရုံ တိုင်မှာပေါ့'

'ဝတ်လုံတော်ရမင်းရဲ့ အယူအဆကို သိပါရစေဦး'

'ကျုပ်တို့ လင်မယားက အပေါ်ထပ်မှာ အိပ်ကြတယ်၊ ခြောက်နာရီ ဆယ်မိနစ်အလိုလောက်မှာ အောင်တင် အပေါ်ထပ် အပြေးတက်လာပြီး တံခါးကို ပုတ်နှိုးတယ်၊ ဟန်ဆောင်တဲ့ မျက်ရည်စက်လက်နဲ့ ကျုပ်သမီး မိ သေဆုံးတဲ့အကြောင်း ပြောလာတယ်'

ဦးအောင်မြင်က ပြောက်ကြားဖြူနေသော ဘူဒါကြီးဘိုကေနှင့် အဘိုးကြီးအားကြည့်ကာ မပြုံးမိရန် မနည်းသတိထားလျက်

'ဟန်ဆောင်တဲ့ မျက်ရည်ဆိုတာက ဘာကိုဆိုလိုပါသလဲ ခင်ဗျာ၊ မျက်ရည်အစစ်မဟုတ်ဘဲ ဂလီစာရင် လိမ်းလာတာလား'



'မျက်ရည်တော့ မျက်ရည်အစစ်ပါပဲ၊ သူက ဝမ်းနည်းဟန်ဆောင်လာတာလို့ ဆိုလိုတာပါ၊ ကျုပ်တို့လင်မယား အူလျားဖားလျားနဲ့ ဆင်းပြေးလာကြတော့ ကြိုးဆွဲချသေနေတဲ့ သမီးကို မြင်ရတာပဲ၊ အောင်တင်ကို ဘယ်အချိန်ကလဲဆိုတော့ မသိဘူးတဲ့၊ ပြီးတော့ ကုလားထိုင်တက်၊ ကြိုးကွင်းစွပ်၊ ကုလားထိုင်ကို ကန်ပစ်လိုက်တော့ ကြိုးတင်းပြီး လည်ပင်းအစ်သေ၊ ဒီလိုဖြစ်ရမယ်လို့ သူက ရှင်းပြတယ်'

'သူပြောတာ ယုတ္တိရှိသားပဲ'

'ဘယ်ရှိမလဲ၊ တံခါးအထက်က ဘောင်တန်းရှိတယ် မဟုတ်လား၊ အဲဒါ ကိုးပေနဲ့ ခြောက်လက်မမြင့်တယ်၊ ကုလားထိုင်က တစ်ပေနဲ့ ခြောက်လက်မ၊ မြင့်တယ်၊ ကျုပ်သမီး မိ အရပ်က ငါးပေနဲ့ နှစ်လက်မ၊ ကုလားထိုင်ပေါ် တက်ရပ်တာတောင် ကြမ်းပြင်ကနေပြီး ခြောက်ပေနဲ့ ရှစ်လက်မပဲ ရှိတယ်၊ မိရဲ့ လက်တစ်ဆန့်က ဆယ်လက်မထား၊ ပေါင်း ခုနစ်ပေခွဲဆိုတော့ ကိုးပေခွဲမီအောင် နှစ်ပေလိုနေသေးတယ် မဟုတ်လား၊ ဘောင်တန်းကို ဘယ့်နှယ်လုပ်ပြီး ကြိုးချည်နိုင်မလဲဗျာ'

ဝတ်လုံတော်ရက စုံထောက်ကျော်အား စုံထောက်အတတ်နှင့် တွက်ချက်ပြနေသည်။ ဦးအောင်မြင်က မပြုံးမိရန် သတိထားလျက်

'ဘောင်တန်းကြိုးချည်တာက ဝတ်လုံတော်ရ ပြောသလို အရပ်မြင့်ဖို့ မလိုပါဘူး၊ ကြမ်းပြင်ကနေပြီး ကြိုးတစ်စကို ဘောင်တန်းကျော်အောင်ပစ်၊ ကျလာတဲ့ တစ်ဘက်ကကြိုးအ

www.burmeseclassic.com

www.burmeseclassic.com



ကိုဆွဲ၊ တစ်စကိုကျလာတဲ့အစနဲ့ ကွင်းလျှောချည်၊ ပြန်ဆွဲတင်း လိုက်ရင် ဘောင်တန်းပေါ် ကြိုးချည်ပြီးဖြစ်တာပဲ'

'ကဲ ဒါထား၊ ကုလားထိုင် ခြေနဲ့ ကန်လှဲလိုက်မှ လည်ပင်းကြိုးကွင်းတင်းမယ် မဟုတ်လား၊ ကုလားထိုင်ကို ကလေးငယ်ပွေ့ချသလို အသာချလို့ ဖြစ်ပါလိမ့်မယ်'

'သူက အိပ်မောကျတယ်ထား၊ ဒီပြင် အောက်ထပ် အိပ်ကျတဲ့ဟာတွေလဲ ဘယ်သူမှ မကြားကြဘူးတဲ့'

'ပျဉ်အုတ်ကြွပ် ကြမ်းချောဆိုတော့ ကုလားထိုင် လဲသံတောင် မြည်ရမှာပဲ'

'အဲဒါကြောင့် မသက်သာတာပဲ၊ ကျုပ် အချစ်ဆုံးသမီးမို့ ယူကျုံးမရ ဖြစ်လှတယ်ဗျာ၊ ကျုပ်သမီး ကြိုးကွင်းစွပ်သလို သူလဲ အစွပ်ခံရမှ ကျေနပ်မယ်'

ဦးအောင်မြင်သည် အဘိုးကြီး၏ ထင်မြင်ချက်များကို မေးမြန်းပြီးနောက် သူ၏ ထင်မြင်ချက်ကို ပြောမပြသေးဘဲ ကိုအောင်တင်အား ခေါ်၍ စစ်မေးပြန်သည်။

'မဟုတ်တာဘဲ ကိုအောင်မြင်၊ ကျွန်တော်ချစ်တဲ့မယား ကျွန်တော် သတ်ရက်ပါ့မလားဗျာ'

'ဒရိုင်ဘာ လူတုတ်နဲ့ မသက်သာတာရော'

'ဒါလဲ ကျွန်တော်က မသက်ဘူးလို့ မပြောပါဘူး၊ မိဟာ အောက်တန်းစား ဒရိုင်ဘာနဲ့ ရောရောနှောနှောနေတာ မိဘဖြစ်တဲ့ ဖေဖေ မေမေတို့က တားမြစ်ပေးပါလို့ တိုင်ဖူး တာပါ'



'အနို့၊ ကိုအောင်တင်ရဲ့ စိတ်ထဲမှာတော့ သက်သာမကင်း မဖြစ်ဘူးလား'

'မဖြစ်ပါဘူးဗျာ၊ အမြင်မတော်လို့သာ ပြောရတာပါ'

'ညကျ အရက်မူးလွန်ရင် မိကို ဖက်ဖက်ပြီး ငိုတယ်ဆို'

'ဒါက ချစ်တာကိုးဗျ၊ ငိုမိတာပဲ'

ကိုအောင်တင်၏ အမူအရာမှာ ဟန်လုပ်နေခြင်း မဟုတ်၊ တကယ် ဝမ်းနည်းသည့်အသွင် ဖြစ်နေသည်ကို ဦးအောင်မြင် သတိထားမိ၏။ ဆက်လက်မေး၍ အကြောင်း မထူးသဖြင့် ဦးဘဖြူ၏ဇနီးကို ခေါ်၍ မေးပြန်သည်။

ဦးအောင်မြင်က ဦးဘဖြူ၏ ထင်မြင်ချက်များကို ပြောပြသည်။ အဒေါ်ကြီးက ခေါင်းတွင်တွင်ရမ်းလျက်

'မဖြစ်နိုင်ဘူး၊ မဟုတ်နိုင်ဘူး၊ ကိုဖြူ ရူးနေပြီထင် တယ်၊ အောင်တင်ဟာ ဒေါ်ဒေါ်သမီးကို အသေအလဲချစ်တာ၊ သူ့မယားကို သူဘယ်နည်းနဲ့မှ သတ်ပစ်မှာမယ် မထင်ဘူး'

'အနို့၊ ဒရိုင်ဘာလူတုတ်နဲ့ မသက်ဘူးဆိုတာကော'

'မသက်ဘူးလို့ မပြောပါဘူး၊ ကိုယ်ခိုင်းတဲ့ အောက် တန်းစား ဒရိုင်ဘာနဲ့ အရောမဝင်အောင် ဆုံးမပေးပါလို့ တိုင်ရှာတာပါ'

'အရောဝင်တာကို ဒေါ်ဒေါ်တို့ကော မြင်ရသလား'

'မြင်တာပေါ့၊ လူတုတ်က အသားညိုညို၊ ဂင်တိုတို၊ တုတ်တုတ်ခိုင်ခိုင်၊ ပါးစပ်ပြဲပြဲ၊ အရုပ်ကဆိုးပါဘိ၊ ဒေါ်ဒေါ့် သမီးလို မိန်းမချောလေးက ဗုတ်လား ခတ်လားလုပ်တာ ဒေါ်ဒေါ်တို့လဲ မကြည့်ချင်ပါဘူး'

www.burmeseclassic.com

www.burmeseclassic.com



"လူတုတ် ဒီမှာရှိသေးသလား'

'မရှိဘူး၊ သုံးရက်လောက်က ထုတ်ပစ်လိုက်ပြီ'

'ဒါပါပဲ ဒေါ်ဒေါ်၊ အမှုမှန်ဖြစ်အောင် ကျွန်တော် ကြိုးစားပါ့မယ်'

ဦးအောင်မြင်သည် ဦးဘဖြူ၏ အိမ်သားများအား နှုတ်ဆက်ကာပြန်၍သွားသည်။ သစ်တောဌာနအတွင်းဝန်ကလေး ဖြစ်သဖြင့် သက်သေ အခိုင်အမာမရဘဲ မဖမ်းဝံ့ချေ။

* * *

ခင်မိမိ ကြိုးဆွဲချသောနေ့မှာ စနေနေ့ နံနက်က ဖြစ်၏။ နောက်တစ်နေ့ တနင်္ဂနွေနေ့ နှစ်နာရီတွင် သင်္ဂြိုဟ်မည်ဟု သတင်းစာများ၌ ကြော်ငြာထားသဖြင့် အလောင်းထုတ်မည့် ဆေးရုံကြီး၌ ပရိသတ်များအချို့ ၁၂ နာရီက၊ အချို့ တစ်နာရီ၊ တစ်နာရီခွဲက ရောက်ရှိလာကြရာ ဆေးရုံဝင်းတစ်ခုလုံး ပြည့်ညျပ်နေသည်။

အလောင်းကိုထုတ်၍ အသုဘယာဉ်နှင့် ကြံတောသုသာန်သို့ ပို့ဆောင်သောအခါ ကိုအောင်တင်မှာ ယောကျ်ားတန်မဲ့ လှိုက်လှိုက်လှဲလှဲ ငိုကြွေးရှာတော့သည်။ အားပေးသူမှာ သူနှင့်အတူကပ်ပါလာသော ဒေါက်တာ သက်ပြင်း ဖြစ်၏။ ကြံတောဇရပ်အတွင်း သံဃာတော် ၂၅ ပါးနှင့် သရဏဂုံတင်ပြီး ဝှသွင်းရန် ထုတ်ဆောင်လာသောအခါ၌လည်း

'မိရေ၊ ကိုကို့အချစ် မိရဲ့၊ ကိုကို အသည်းကျွမ်းပြီကွယ်'



ကိုအောင်တင်၏ လှိုက်လှဲသော ငိုကြွေးသံကြားမြင်ရသော ပရိသတ်များလည်း စုတ်တသတ်သတ် ဖြစ်နေကြသည်။

'မိကို ဘာလို့သတ်ရတာလဲ မောင်အောင်တင်ရယ်၊ တကယ်ဆို ငါနဲ့ တိုင်ပင်ပါဦးလား'

အသုဘပို့ပြီး အပြန် ဒေါက်တာ သက်ပြင်းက ကိုအောင်တင်အား သူ၏ အလုပ်တိုက်သို့ခေါ်လာကာ စတင်မေးမြန်းလိုက်ခြင်း ဖြစ်၏။ ကိုအောင်တင် မျက်နှာအနည်းငယ် ပျက်သွားရာက သက်ပြင်းမှာ အစ်ကိုအရင်းလို ခင်မင်၍ ယုံကြည်စိတ်ချရသူ ဖြစ်သည့်အတိုင်း

'ဟင် ကိုသက်ပြင်း၊ ဘယ်လိုသိတာလဲ'

'ဖြစ်ပွားတဲ့နေ့က မင်း ငါ့ဆီ ဖုန်းဆက် အကြောင်းကြားတယ် မဟုတ်လား၊ ကိုအောင်မြင်ကိုလဲ ဦးဘဖြူက ခေါ်ယူစုံပါသိတော့ တကယ် သတ်သေတာလား၊ မင်းလက်ချက်လား တတ်အပ်သိဖို့လိုပြီ၊ ကိုအောင်မြင်ကလဲ သဲလွန်စရရင်လိုက်တော့မယ်ဆိုတာ ဗေဒင်မေးစရာမလိုဘူး'

'ကိုအောင်မြင်ကတော့ ကျွန်တော့်ကို မသင်္ကာစရာတစ်ခွန်းမှမပြောပါလား၊ ယောက္ခမကြီးတွေလဲ ပြောပြမသွားဘူးတဲ့'

'ဒါ အလိမ္မာဖက်တာ၊ သူက မသင်္ကာမှန်းသိရင်မင်းကအတွင်းဝန်မို့ အမှုလိုက်ဖျက်မှာစိုးလို့ မင်းကတော့မင်းကိုယ်မင်း ပိလုပြီထင်နေတာ၊ မင်းမှားတာတွေ ပြောပြ

www.burmeseclassic.com

www.burmeseclassic.com



မယ်၊ ပထမအချက်က မိ လည်ပင်းစွပ်တဲ့ ကြိုးကွင်းက တင်းအားကြီးနေတယ်၊ သူ့ဘာသာ ကွင်းလျှော့က ကျပ်သွားရင် ဒီလောက် မတင်းဘူး၊ မင်းက မသေမှာစိုးလို့ လက်နဲ့ ထပ်တင်းလိုက်တယ် မဟုတ်လား'

'ဟင်၊ ခင်ဗျား လာမကြည့်ဘဲနဲ့ ဒီလို အတတ်ပြောနိုင်သလား'

'တွေးပြီးပြောတာ၊ ကုလားထိုင်လဲပုံက မှားနေတယ်၊ နောက်မှီကန်တာ ကုလားထိုင်အနားကို ကန်သလို အသာလှဲချထားတာတစ်ချက်၊ ကုလားထိုင်အသံ မကြားတာက တစ်ချက်'

'အသံမကြားအောင် လုပ်တာကတော့ မသေမီ ကြားသွားကြမှာ စိုးလို့ဗျ'

'ဒီတော့ သေလောက်တဲ့ အချိန်ကျမှ ကုလားထိုင်ကို အသံမြည်အောင် လှဲပစ်လိုက်ပါလား၊ မင်း မိကို လေးနာရီလောက်မှာ သတ်ပစ်လိုက်တယ် မဟုတ်လား'

'ဟင် ခင်ဗျား သိနေပြန်ပြီ'

'ဒါကတော့ ဆရာဝန်ရဲ့စစ်ချက်၊ မိအလောင်း ဆေးရုံရောက်လို့ စစ်ဆေးကြည့်တဲ့အခါ သေဆုံးတာ နှစ်နာရီသာသာ ရှိသေးသတဲ့၊ အလောင်းဆေးရုံရောက်တာက ၆ နာရီ မိနစ် ၂၀၊ အလောင်းရဲ့ နှာခေါင်းရဲ့ ပါးစပ်မှာလဲ မေ့ဆေးနံ့ မပြယ်သေးဘူးတဲ့'

'ဟောဗျာ၊ ကျွန်တော် လုပ်တာတွေ အကုန်သိကြပါလား'



ကိုအောင်တင် မျက်နှာပျက်ကာ အတော်ကြီး တုန်လှုပ် ချောက်ချားသွား၏။

'မင်းက မိကို ပထမ မေ့ဆေးပေး၊ ဒီလိုလုပ်ရာမှာလဲ မမေ့မှာစိုးလို့ အတိုင်းအဆမရှိ မေ့ဆေးတွေများတယ်၊ ဒီတော့ မဂိုလမ်းဆေးတိုက်တွေ၊ ကိုအောင်မြင့် လိုက်စစ်တော့ မင့်ကိုယ်တိုင် တာဝန်ခံဝယ်သွားပုံ အစစ်ခံလိုက်ကြတယ်'

'ဟုတ်တယ်၊ ကုလားက ရောင်းခွင့် မရှိဘူးဆိုတာ ဒေါက်တာဖေခင်မှာလိုက်လို့ ဒေါက်တာဖေခင် ဘောက်ချာနဲ့ ယူပေးပါလို့ တာဝန်ခံဝယ်ခဲ့တာပဲ'

'နောက်ဆုံးအချက်က မိရဲ့ သေခါနီးရေးတဲ့စာ၊ သာမန်မျက်စိနဲ့ကြည့်ရင် သူ့အဖေ ဦးဘဖြူကတောင် သူ့သမီး လက်ရေးလို့ပြောတယ် မဟုတ်လား၊ အခု လက်ရေးပါရဂူရှိရာ ကာလကတ္တားကို မိရဲ့ လက်ရေးအစစ်နဲ့ တွဲပို့လိုက်ပြီ'

'ဟင် ဒါဖြင့် ကျွန်တော့်လည်ပင်း ကြိုးကွင်းစွပ်ရဖို့ သေချာနေပြီပေါ့၊ ဒီအသက်နဲ့ မသေချင်သေးဘူး၊ ကြံပါဦး ကိုသက်ပြင်းရာ'

'ဘာလို့ ဒီလို ရက်စက်ရတာလဲ၊ မနေ့ညက လူတုတ်ကို နှုတ်ပိတ် လိုက်တာကလဲ ပိုပြီး ဆိုးတယ်ကွ'

'ဩော် ခက်ကုန်ပါပြီ၊ မျက်မြင်သက်သေ တစ်ယောက်မှမရှိအောင် အင်းလျားစောင်းမှာကျည်ဆံတစ်တောင့်တည်းနဲ့ ကိစ္စချောပစ်ခဲ့တာဟာပဲ'

www.burmeseclassic.com

www.burmeseclassic.com



'ပထမ သဲလွန်စတွေရ၊ လူတုတ်ကိုစစ်ဆေးရင် ပိုမို ခိုင်လုံမှာမို့ မင်းပဲ ဖျောက်ဖျက် ပစ်တယ်လို့ ယူဆကြမှာ ပေါ့ကွယ့်'

ကိုအောင်တင်မှာ စကားတော်တော်နှင့် မပြောနိုင်၊ နဖူးမှ ချွေးသီးများပြန့်နေသည်။ ဒေါက်တာသက်ပြင့်း ပြော သမျှ သူလုပ်ခဲ့သည်။ စုံထောက်ကျော် ဦးအောင်မြင်မှာက လည်း ထိုအတိုင်း သက်သေအထောက်အထားနှင့် တရားစွဲ ရုံးတင်လျှင် ငြင်းဆန်နိုင်ဖို့ခက်သည်။

'ဖြစ်ပုံ ပြောစမ်းပါဦးကွယ့်'

'အမှန်ကတော့ မိကို ကျွန်တော် ချစ်လွန်းလို့ သတ်မိ တာဗျာ၊ ကျွန်တော် လိုက်လိုက်လှဲလှဲ ငိုကြွေးမိတာ ခင်ဗျားပဲ တရားချတယ် မဟုတ်လား'

'မိနဲ့ ကျွန်တော် လက်ထပ်ပြီး တစ်လလောက်အကြာ မှာ ကျွန်တော့် ဒရိုင်ဘာနဲ့ ရာဘက်တရားသူကြီး ဦးကျော်ရဲ့ ဒရိုင်ဘာလူတုတ်နဲ့ လဲလိုက် တာဘဲ၊ ဦးကျော်ကလဲဝမ်းသာ၊ ကျွန်တော်ကလဲ ခင်ဗျား အကြံပေးတဲ့အတိုင်း အရုပ်ဆိုးကြီး တစ်ယောက်ရပြီကိုး၊ အကောင်က ၂၅ နှစ်ဆိုပေမယ့် ၃၀ ကျော်လောက် ထင်ရတယ်'

ဒေါက်တာ ခေါင်းဆတ်၍ ပြုံးလိုက်ကာ။

'အေး အဲဒါ ငါ့အပြစ်ပါပဲကွာ၊ ဂင်တို တုတ်ခိုင်ခိုင်မျိုး မဖြစ်စေနဲ့လို့၊ မင့်ကို သတိမပေးမိဘူး၊ အရုပ်ဆိုးဆိုး ခပ်သေး သေး ကောင်မျိုးကွ၊ ကဲ ဆက်စမ်းပါဦး'



ကိုအောင်တင်မှာ ဒေါက်တာက ဂင်တို တုတ်တုတ် ခိုင်ခိုင်မျိုးဟူသော စကားကို စဉ်းစားမိဟန်နှင့် ဖြစ်ကြောင်း ကုန်စင် ဆက်ပြန်သည်။

'မိဟာ ကျွန်တော့်ကို သေတဲ့အထိ ချစ်ပါတယ်၊ ညားစတုန်းကများဆိုရင် ကျွန်တော် အိမ်သာတက်တာတောင် ကိုကိုရေ၊ အိမ်သာထဲကလား၊ ကြာလှချည်လားကွယ်နဲ့၊ ရုံးက ပြန်လာတယ်ဆိုရင် မိခင်ပြန်လာလို့ ကြိုဆိုတဲ့ ကလေးလိုပဲ၊ ဝမ်းသာအားရ ဟော ကိုကိုပြန်လာပြီနဲ့'

ကိုအောင်တင်သည် စကားရပ်ပြီးလျှင် ဒေါက်တာ တည်ထားသော လိမ္မော်ရည်ကို တစ်ကျိုက် နှစ်ကျိုက်မော့ပြီးမှ ဆက်ပြန်၏။

'မိဟာလူတုတ်ရောက်လာလို့ နှစ်ရက်လောက်အကြာ မှာ ဖောက်ပြားတာပဲ၊ ဒါကို အစက မသိဘူး၊ ကျွန်တော် မမြင်ဘူးထင်ရင် ပုတ်လား ခတ်လားနဲ့ နေကြတာ၊ ရိပ်ခနဲ တွေ့ရတယ်၊ ဒါနဲ့ စုံစမ်းတော့ မိဟာ သူ့ သွားစရာရှိလို့ ဒရိုင်ဘာခေါ်တော့ လူတုတ်က ကားရုံထဲအိပ်နေသတဲ့'

'ဒါပေမယ့် ကျွန်တော် မိကို မမုန်းဘူး၊ ပိုပြီးတောင် ချစ်သေးတယ်၊ မိကလဲ ကျွန်တော့်ကို ရှေးကထက် ယုယ တယ်၊ သူ့မှာအပြစ်ရှိနေတာကိုး၊ ယောကျ်ားတွေ ဒိန်းဒလိန်း နတ် ဖမ်းတယ်ဆိုတာ ဒါမျိုးဖြစ်မှာပေါ့'

'တစ်ညသန်းခေါင်ကျော်အချိန် မိ ကျွန်တော့် အိပ်ရာ ဘေးက ပျောက်သွားပါရော၊ လူတုတ်ဆီသွားမယ်လို့ ခြေသံ မကြားအောင် ကားရုံဆီ လိုက်သွားတော့ ထင်တဲ့အတိုင်း

www.burmeseclassic.com

www.burmeseclassic.com



တွေ့ရတာပဲ၊ မှောင်ထဲမို့ လူတွေတော့ မမြင်ရဘူးပေါ့၊ ခင်ဗျား ကတော့ လူပျိုကြီးမို့ ကိုယ်ချင်းစာတတ်မယ် မဟုတ်ဘူး၊ ဆံတစ်ပင်တင်း ချစ်ခြင်းမယားဆိုတာပေါ့ဗျာ'

'မိ၊ အောင်တင်နဲ့ မောင် ဘယ်သူ့ပိုချစ်သလဲ'

'မိ မလိမ်တတ်ပါဘူး၊ ကိုကိုဟာ မိဘပေးစားလို့ မိ ယူခဲ့တာ မဟုတ်ဘူး၊ သမီးရည်းစားဘဝက လွန်လွန် ကျူး ကျူး ချစ်ခင်ပြီး မြန်မြန်လက်ထပ်ခဲ့ကြတာ' တဲ့။

'ကြည့်စမ်း ကိုသက်ပြင်း၊ ကျွန်တော့်များ အောင်တင် တဲ့၊ ဟဲ့ လူတုတ်ဆို ဘုရားပါ၊ ဘုရားထူးတဲ့ ကောင်က ကျွန်တော့်မယား မုဒိန်းကျင့်၊ ကျွန်တော့်ကို မလေးမခန့် ပြောလို့၊ ကျွန်တော့်လက်ထဲမှာ ခြောက်လုံးပြူးပါတယ်၊ မိကိုတော့ မသတ်ရက်၊ ဒီလူယုတ်မာကိုတော့ သတ်ပစ်မှ အေးမယ်လို့ စိတ်ကူးမိသေးတယ်၊ နို့ပေမယ့် ဇာတ်ကြောင်း ပေါ်ပြီး အကုန်လုံး အရှက်တွဲကြမှာစိုးလို့'

'နောက်တစ်နေ့မနက်ကျတော့ မိကို တိုးတိုး ကျိတ် ကျိတ် မေးသေးတယ်၊ မိက မဟုတ်ရပါဘူးနဲ့ ငြင်းတာနဲ့ သူတို့ ပြောပုံဆိုပုံတွေ ပြန်ရွတ်ပြတော့မှ မှားယွင်းကြောင်း ဝန်ခံပြီး သူ့ဆံပင်နဲ့ ကျွန်တော့်ခြေထောက်နဲ့ ပွတ်တိုက်ငိုယို တောင်းပန်တယ်၊ ဒီလိုဆိုပြန်တော့လဲ သနားရပြန်တာပေါ့၊ နောင်မမှားအောင် ကတိတောင်းရတယ်'

'အဲဒီကတည်းက ကျွန်တော်ဟာ ထမင်းစားကောင်းရုံ အရက်နည်းနည်း သောက်ရာက တော်တော်များများ သောက် တတ်လာတယ်၊ ဒီလိုများများသောက်တော့ ညစာ ထမင်း



စားပြီး ခုနစ်နာရီလောက်မှာ အိပ်ပျော်သွားတာ ၁၂ နာရီ လောက်ကျမှ နိုးတယ်၊ ၁၂ နာရီအတွင်းမှာလဲ အိမ်ဖော်အချို့ ကို စောင့်ရှောက်ဖို့မှာထားတော့ မထွက်သာဘူး၊ ၁၂ နာရီ ကျော်ပြန်တော့ ကျွန်တော်က အလစ်မပေး၊ ငါးနာရီလောက် လူကြီးတွေနိုးကြမှ တစ်ပတ်ကျော့ပြီး ပြန်အိပ်ရတယ်'

'မိ တော်တော်ငြိမ်နေပြီ အောက်မေ့တာ၊ ဘယ်ဟုတ် မလဲ၊ လစ်ရင် လစ်သလို ဖောက်ပြန်တာပဲ၊ ခွေးမြီးကောက် ကျည်ထောက်စွပ်ဆိုတဲ့ စကားလိုပေါ့၊ ဒါနဲ့မဖြစ်ချေဘူးလို့ မိ မသေခင် သုံးရက်လောက်ကတော့ လူတုတ်ကို အိမ်က မောင်းထုတ်လိုက်ရတယ်၊ ကျွန်တော့်မှာ အရှုံးကြီးလို မူးပြီဆိုမှ ဖြင့် မိကို ဖက်ငိုလိုက် တောင်းပန်လိုက်နဲ့ ညတိုင်းလိုပါပဲ'

'လူတုတ် ထုတ်ပစ်တော့ မိက ဘာပြောတယ်မှတ် သလဲ၊ ပြန်ခေါ်ရမယ်တဲ့၊ ကိုကိုဟာ မိကို ချစ်ရင် မိချစ်တဲ့သူနဲ့ မခွဲရဘူးတဲ့၊ မိဟာ ကိုကို့အပေါ်မှာ ဘာဝတ္တရားမှ မပျက်ဘူး တဲ့၊ တကယ်လို့ ကိုကိုက ပြန်မခေါ်ရင် မိ လိုက်ပြေးမှာပဲတဲ့'

'ဒီထိအောင်တော့ ကျွန်တော် သည်းမခံနိုင်တော့ဘူး၊ လုစင်စစ်က ခွေးဖြစ်တဲ့ဘဝလဲ မရောက်ချင်၊ နောက်လင်နဲ့ ပျော်တဲ့မယား ဓားနဲ့ အဆုံးစီရင်ရ မလိုနဲ့ နောက်ဆုံး ကိုသက်ပြင်းသိတဲ့အတိုင်း ကြိုးကွင်းစွပ်သတ်မိတာပဲ၊ အခု မိ ဆုံးပြန်တော့လဲ ကျွန်တော် မနေတတ်ပြန်ဘူး နောင်ကြီး ရယ်'

'ဩော် ငိုနေပြန်ပါပြီ ဖိုးအောင်တင်လေး၊ မင်းတို့ ဓကလာဆောင်တုန်းက ရွှေစင်ရုပ် လက်ဖွဲ့တယ်မဟုတ်လား

www.burmeseclassic.com

www.burmeseclassic.com



ကိန္နရဒေဝီဆိုတဲ့ စာတမ်းတွေ့တော့ ရယ်ကြတယ်ဆို၊ ဒီအဓိပ္ပာယ်ကို မင်း ခုထက်ထိ မသိသေးဘူးပေါ့'

'မသိသေးဆို မိနဲ့ ပတ်သက်မှာပဲ၊ စိတ်မချမ်းသာစရာတွေ မသိချင်ပါဘူးလို့၊ သိအောင်မှ မကြိုးစားခဲ့ပဲ'

'နိပါတ်မှာ ကိန္နရဒေဝီ အကြောင်းပါတယ်၊ မင်းရဲ့မိကလဲ အတော်ချောတယ်၊ မင်းနဲ့ ဦးဆုံးတွေ့တော့ မင်းက ရွှန်းရွှန်းစားစားကြည့်တော့ ရှက်ပြီး ခေါင်းငုံ့မသွားဘဲ ပြန်စိုက်ကြည့်နေတယ်၊ မင်းက ပွေ့ဖက်နမ်းရှုံ့တော့လဲ ဟန်ကလေးမှ မကပ်၊ ပြီးတော့ အခန်းထဲ မင်းကိုမျှားခေါ်သွားပြီး အစွမ်းကုန်ချစ်ဗျူဟာကျင်းရုံမက တစ်ညလုံး အိပ်ပါလားဆိုတာတွေ မင်းပြန်ပြောလို့ သိထားတော့ ရွှေစင်ရုပ်လက်ဖွဲ့ရတာပေါ့'

'ရွှေစင်ရုပ်နဲ့ ကိန္နရဒေဝီ ဘယ်လိုဆက်စပ်သလဲဗျာ'

'ဆက်စပ်ပုံပြောပြမယ် နားထောင်'

'ရှေးက ဘုရင်တစ်ပါးမှာ ကိန္နရဒေဝီရယ်လို့ မိဖုရားတစ်ပါးရှိသတဲ့၊ ရုပ်ရည်က အလွန်ချောမွေ့လှတော့ ဘုရင်မင်းမြတ်က အလွန်မြတ်နိုး ချစ်ခင်တော်မူသတဲ့၊ တစ်နေ့ကျတော့ ပုရောဟိတ်ပုဏ္ဏားနဲ့အတူ စနည်းနာ ခြေကျင်ထွက်ကြတော့၊ နန်းတော်မြို့ရိုးအနီး သစ်ပင်ကြီးအမြစ်ရင်းမယ် ကုဋ္ဌနူနာစွဲတဲ့ အကြည့်တန် လူ့ဗလချာတစ်ယောက်ကို မြင်သတဲ့၊ ဒီတော့ မင်းကြီးက ဒီလို အနူအဝဲများ ဘယ်လိုမိန်းမမျိုးက ချစ်ကြိုက်ပါ့မလဲ ဆိုတဲ့အခါ အနူက အရှင်ရကွစိုးမင်း၊ အရှင်နတ်မင်းသာ ကျွန်တော်မျိုးအကြောင်း အသိဆုံးပါလို့



တိုင်တည်သတဲ့၊ သစ်ပင်ကြီးရဲ့ သစ်ကိုင်း တစ်ကိုင်းကနန်းတော်ထဲ ထိုးဆင်းနေတော့ ပုရောဟိတ်ပုဏ္ဏားက ကေန္နမိဖုရားဟာ ဒီသစ်ကိုင်းက အနူနဲ့လာတွေ့မှာပဲလို့ အတတ်တွေးပြီး အရှင်မင်းကြီး မိဖုရားဟာ ဟောဒီအနူနဲ့ ဖောက်ပြားနေတယ်လို့ လျှောက်ထားတော့ မင်းကြီးဟာ ဓါသအမျက်ချောင်းချောင်းထွက်ပေမယ့် ဆရာပုဏ္ဏားမို့ စိတ်မဆိုးဝံ့၊ ဒီလောက် အရုပ်ဆိုး နူဝဲနေတဲ့အကောင်နဲ့ ဖြစ်နိုင်ပါ့မလားလို့ ဆိုသတဲ့၊ ဒီတော့ ပုရောဟိတ်က မိဖုရား ကိုယ်အတွေ့အေးသလားဆိုတာ စမ်းသပ် ကြည့်ပါလို့ အကြံပေးသတဲ့'

'နူပေမယ့် ဂင်တို တုပ်ခိုင်ခိုင်ထင်ပါရဲ့'

ကိုအောင်တင်က ဝင်၍ထောက်လိုက်ရာ ဒေါက်တာက ခေါင်းညိတ်ရင်း

'ညကျတော့ ပညာရှိ ပုရောဟိတ် မှာတဲ့အတိုင်း မိဖုရားကြီးရဲ့ကိုယ်ကို စမ်းသပ်ကြည့်တော့ ကိုယ်အတွေ့အေးနေတာတွေ့ရသတဲ့၊ နန်းတော်လုံခြုံတဲ့ အခန်းထဲချည်းနေရင် နွေးနေမှာပေါ့၊ အပြင်ထွက်လို့သာ အေးရတာကိုး၊ ဒါနဲ့ နောက်တစ်ကြိမ်တော့ ပုရောဟိတ်နဲ့ မင်းကြီး ချောင်းဖမ်းကြပါရော၊ မိဖုရားကြီးက ညောင်ကိုင်းက အပြင်ကူးအလာ အနူရဲ့ရှေ့အရောက်

'ရောက်ကန်းမ၊ ဒီလောက် နောက်ကျရသလား'

'မင်းကြီး အိပ်ပျော်အောင် စောင့်နေရလို့ပါ မောင်ရယ်'

www.burmeseclassic.com

www.burmeseclassic.com



'နှင် မပလိနဲ့' ဆိုပြီး ပါးချလိုက်တော့ နားဒွောင်းတစ်ဖက် မင်းကြီးနား လွင့်ထွက်လာသတဲ့၊ မင်းကြီးလဲ နားဒွောင်းကို ကောက်ယူလာပြီး နောက်တစ်နေ့ကျတော့ မိဖုရား၊ မောင်းမမိဿံအကုန် စိန်ရွှေ အဝတ်တန်ဆာအစုံနဲ့ ခစားရမယ်လို့ အမိန့်ထုတ်တော့ မိဖုရားကြီးမှာ မင်းမိန့်ကြောင့် ခစားရပေမယ့် နားဒွောင်းတစ်ဖက် မပါလာဘူးတဲ့၊ မင်းကြီးကမေးတဲ့အခါ ပန်းထိမ်အပ်ထားလို့ပါလျှောက်တော့ ပန်းထိမ်ခေါ် စစ်ဆေးပြန်ရော၊ ပန်းထိမ်ဆရာက မအပ်ရကြောင်း ပြောမှ နှင့်ငါ့ကို ပန်းထိမ်သမားလို့ စွပ်စွဲသလားလို့ နားဒွောင်းတစ်ဖက်ပစ်ပေးပြီး သတ်မယ့်အလုပ် ပုရောဟိတ်က ကူတောင်းပန်ရသတဲ့၊ အဲဒီအနူနဲ့စာရင် မင်းမိရဲ့ လူတုတ်က အများကြီးတော်သေးတာပေါ့'

ထိုသို့ပြောရင်း ဒေါက်တာသည် လမ်းမသို့ တစ်ချက်လှမ်းကြည့်ကာ

'ဟာ ဒီလောက်မမြန်ဘူးထင်တာ၊ မြန်လှချည်လား၊ ကဲ ကဲ အောင်တင်၊ ဒီဗီရိုကြီးထဲ ခဏဝင်နေဦး'

တစ်မိနစ်ခန့်ကြာလျှင် ဦးအောင်မြင်နှင့် ပုလိပ်အရာရှိအချို့ ဒေါက်တာ၏ အလုပ်ခန်းသို့ ရောက်လာကြ၏။ ဒေါက်တာက ဖြီးလွှတ်လိုက်သဖြင့် ပြန်လှည့်သွားကြသည်။

နောက်တစ်နေ့တွင် ဦးအောင်မြင်ထံသို့ စာတစ်စောင်ရောက်လာ၏။



ကိုအောင်မြင်

အတွင်းဝန်မောင်အောင်တင် သူ့ဇနီးအပေါ် လက်လွန်မိပြီး သူလဲ လူ့ပြည် မနေလိုပါဟု လူ့ဘဝကို စွန့်လွှတ်သွားပါပြီ။ပူးတွဲပါစာမှာ မောင်အောင်တင် ရေးသောစာဖြစ်သည်။

စောရသက်ပြင်း

ကိုအောင်မြင်

မိကို သကြိုဟ်ပြီးသော တနင်္ဂနွေနေ့ည ရေတက်ချိန်မှာ ဘိုတထောင် ဘောတံတားမှာ လည်ပင်းကျောက်ခဲဆွဲပြီး ခုန်ချလိုက်တော့မည်။ ချစ်ဇနီး မရှိသည့်နောက် လူ့ပြည် မနေချင်သည့်အထဲ ခင်ဗျားက လိုက်နေသဖြင့် ကြိုးကွင်း စွပ် မခံလိုတော့ပါ။

အောင်တင်

* * *

'ဒါဖြင့် ကိုအောင်တင်လည်းဝင့်လည်ပြီး သူ့ကိုယ်သူ သတ်သသွားရှာတာပေါ့၊ ဟုတ်လား ကိုသက်ပြင်း'

'မဟုတ်ဘူး ကိုဘဆွေ၊ ကျွန်တော် ကိုယ်တိုင် သီးဒယားနယ်ထဲရောက်အောင် ပို့လိုက်ရတာ'

'ဒါဖြင့် ဝတ္ထုကောင်းတစ်ပုဒ် ရပြန်တာပေါ့'

'မလုပ်ပါနဲ့ ဆရာကြီးရဲ့၊ အောင်တင် ကိစ္စများနေဦးမယ်' ဟု တားသဖြင့် ယခုမှ ဖော်ပြရခြင်း ဖြစ်ပါသတည်း။

❑❑

www.burmeseclassic.com

www.burmeseclassic.com



၄

'ကြွပါ ကြွပါ ဦးအောင်မြင်'

ရန်ကုန်မြို့ ရပ်ကွက်တစ်ခု၊ သားနားသော နှစ်ထပ် တိုက်ကြ
၏ အပေါက်ဝသို့ အသက် ၄၀ နီးပါး၊ အရပ် ငါးပေ ခြောက်လက်မခေ
စူးရှ ကြည်လင်သော မျက်လုံး၊ အညိုနှင့် အဝါကွက် ကျူထရံလုံချည်
သက္ကလပ်အင်္ကျီ၊ ရှူးဖိနပ်အညိုနှင့် ပုဂ္ဂိုလ်တစ်ဦးအရောက်တွင် တို
တွင်းမှ အသက် ၄၅ နှစ်ခန့် အသားဖြူဖြူ နှာတံပေါ်ပေါ် မျက်



မျက်ဖန်ကောင်းကောင်း လူကြီး တစ်ယောက်က ဆီးကြို ဖိတ်ခေါ်လိုက်ခြင်း ဖြစ်သည်။

တိုက်ခန်း ကြမ်းပြင်များမှာ ကျွန်းပျဉ်ချောများကို စေ့စပ်စွာခင်းထား၍ အရောင်တင် ပေါလစ်ရှိ သုတ်ထားသဖြင့် ပြောင်လက်၍နေကာ ခြေချရက်စရာ မရှိအောင် ဖြစ်နေ၏။ ထိုကြမ်းပြင်ပေါ်မှ ပတ္တမြားရောင် ကတ္တီပါအုပ် ဆိုဖာကြီးများ ခင်း၍ထားသည်။

ဖိတ်ခေါ်သောအိမ်မှာ ရွှေဖလားရောင် ဗန်ကောက်လုံချည်၊ နှစ်ထပ်လက်ရှ ရှပ်ဝတ်ဆင်ထား၍ ရှပ်ကြယ်သီးမှာ စိန်တွေချည်းဖြစ်၏။ လက်ကြယ်သီးကား အရည်ကောင်းသော ကျောက်စိမ်းများ တပ်ဆင်ထားသည်။

ဦးအောင်မြင်သည် သူ၏ ရှူးဖိနပ်ချွတ်ကို ဘိုက်ပေါက်ရှိ အုန်းဖုံတွင် မြူမှုန်များသုတ်ပြီးလျှင် တိုက်ခန်းထဲသို့ ဝင်ရောက်လာ၏။

'အခုလို ဖိတ်ခေါ်လိုက်ချင်း ကြွရောက်လာတဲ့အတွက် ကျေးဇူးတင်ပါတယ်'

'ကျေးဇူးတင်စရာ မလိုပါဘူး၊ ကျွန်တော်တို့မှာ ပြည်သူ့ဝန်ထမ်းများ ဖြစ်ကြပါတယ်၊ မည်သူမဆို အကူအညီ တောင်းရင် ကူညီရမယ့်ဝတ္တရား ရှိပါတယ်'

ဦးအောင်မြင်က ဆိုဖာလွတ်တစ်ခုတွင် ထိုင်ချရင်း ပြန်၍ပြောလိုက်၏။ ဟိုခေတ်က ပုလိပ်စုံထောက်တစ်ဦးရဲ့ ထိုစကားလုံးလေးမှာ များစွာ ချီးမွမ်းဖွယ်ကောင်းလှသည်။ ဦးအောင်မြင်ကား ကိုယ်နှုတ်နှလုံး ယဉ်ကျေးသူ ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဖိတ်ခေါ်သူမှာ သူဌေးအခေါ်ခံလောက်အောင်ကြွယ်ဝချမ်းသာ၍ မြစ်ဝကျွန်းပေါ်ဒေသက စက်များပိုင်ရှင်၊ လယ်မြေများပိုင်ရှင်၊ မင်းတိုင်ပင်အမတ် မောင်မောင်သော်ဆိုသူ ဖြစ်၍ သူ့ဒေသသို့ တစ်နှစ်မှ တစ်ကြိမ် နှစ်ကြိမ်သွားကာ ရန်ကုန်မြို့တွင် အမြဲ နေထိုင်သူဖြစ်၏။

အချိန်ကား နေ့ခင်း ၁၂ နာရီခန့်ဖြစ်၏။ ဦးမောင်မောင်သော်နှင့် ဦးအောင်မြင်သည် မျက်နှာချင်းဆိုင် ထိုင်ကြလျက် စကားပြောနေကြသည်။ ထိုအတွင်း အသက် ၄၀ ခန့် ရုပ်ရည်အတော်မွန်ရည်ချောမောသော မိန်းမတစ်ယောက် ထွက်လာရာ ဦးမောင်မောင်သော်က

'သင်းသင်းရေ၊ ဒါဟာ ကိုယ့်ရဲ့ ပရိုက်ဗိတ်အဖဲ့ရား ကိုယ်ရေးကိစ္စပါကွယ်၊ တစ်ဆိတ် အခန်းထဲမှာပဲနေစေချင်တယ်'

'ဆောရီး ကိုကို'

သင်းသင်း အခေါ်ခံ မိန်းမကြီးကလည်း ဝမ်းနည်းစကားပြောကြားကာ ပြန်၍ဝင်သွား၏။ သင်းသင်း ဝင်သွားပြီးနောက် ဦးမောင်မောင်သော်မှာ ဦးအောင်မြင်အား သူ၏ကိစ္စကိုပြောရန်အတွက် ရှက်စနိုးကာ ချီတုံချတုံ ဖြစ်နေသည်။ ၁၀ မိနစ်ခန့်ကြာသောအခါ ဦးအောင်မြင်က လမ်းခင်းပေးသည့် အနေဖြင့်

'အခု ကျွန်တော့်ကို ခေါ်ပြီးတိုင်ပင်တဲ့ကိစ္စက မနဲ့ ပတ်သက်တဲ့ ကိစ္စလို့ထင်ပါတယ်၊ ကျွန်တော်ဟာ လျှို့ဝှက်ရမယ့် ကိစ္စကို လျှို့ဝှက်ထားတတ်ပါတယ်၊ နှုတ်လုံရမယ့် ကိစ္စကိုလဲ နှုတ်လုံတတ်ပါတယ် သူဌေးမင်း'



ဦးမောင်မောင်သော်မှာ ငွေကို ရေလိုသုံးပြီးလျှင် မဘက်က မွေ့သူဖြစ်ကြောင်း ဦးအောင်မြင် သိပြီးဖြစ်၏။

ယခုတိုက်တွင်ရှိသော ဒေါ်သင်းသင်းမှာ နှစ်ဘက်မိဘငွေချင်းပေါက်၍ ထိမ်းမြားခဲ့သော မယားကြီးဖြစ်၏။ မယားကြီးအပြင် ဒုတိယ မယား၊ တတိယ မယားများကိုလည်း မယားမသိအောင် အိမ်တစ်ဆောင် မီးတစ်ပြောင်ထားသေး၏။ ထို့အပြင် ဇိမ်မယ် အပေါစားထဲက မဟုတ်ဘဲ အရပ်ပျက်၊ အော်ဒါမယ် အလှဖူးဆိုလျှင် ငွေကြေးပစ်ခတ်ကာ လိုက်စားလေ့ ရှိသည်။ ထိုအကြောင်းကို သိပြီးဖြစ်သဖြင့် ဦးအောင်မြင်က အရဲစွန့် လမ်းခင်းပေးလိုက်ခြင်း ဖြစ်သည်။

'စောရသက်ပြင်းကို ဦးအောင်မြင် သိပါသလား'

'သိတယ်ပဲ ဆိုပါတော့ ခင်ဗျာ၊ သူနဲ့ပတ်သက်ရင် ကျွန်တော်ပဲ လိုက်နေရတော့ တစ်ခါတလေ တစ်ယောက်အသက် တစ်ယောက် ကျည်ဆံနဲ့ သွင်းရလုနီးနီးအောင် ဖြစ်ခဲ့ပါတယ်'

'စောရသက်ပြင်း ကတိတည်ရဲ့လား'

'ကျွန်တော် တွေ့ရသလောက်တော့ ကတိတစ်ခါမှ မပျက်ဘူး၊ လူတစ်ယောက်ဆီ ည ၁၀ နာရီတိတိလာမယ် ဆိုရင် ကျွန်တော်တို့ စုံထောက် ပုလိပ်တွေ စောင့်ကြပ်နေကြတဲ့ ကြားထဲက လာဖြစ်အောင်လာတာ တွေ့ဖူး ပါတယ်'

'ခိုးတိုက်တဲ့နေရာမှာ ကတိတည်ပေမယ့် ဒီပြင်နေရာမှာ ကတိတည်ပါ့မလားလို့'

www.burmeseclassic.com

www.burmeseclassic.com



'စာရေးသက်ပြင်းနဲ့ သူဌေးမင်း ဘယ်လို အကြောင်း ကိစ္စပေါ်နေတယ်ဆိုတာ သိရရင် စာရေးသက်ပြင်း ကတိတည် မတည် ကျွန်တော်ဆုံးဖြတ်နိုင်ပါတယ်'

'သူ့ရဲ့ မဂ္ဂဇင်းထဲ ကျွန်တော် ဖတ်ရသလောက်တော့ ဘယ်သူဌေးမင်းအိမ် ဘယ်အချိန် ငွေတစ်သောင်းလာယူမယ် ဆိုရင် ကတိအတိုင်း သွားယူတယ်၊ လူကို ဒုက္ခမပေးဘူးဆိုရင် ဒုက္ခမပေးဘူးလို့ ဖတ်ဖူးပါတယ်'

'ဟုတ်ကဲ့၊ အမှုပေါင်း ၅၀ ကျော် ကျွန်တော် လိုက်ခဲ့ ရတဲ့အထဲမှာ စာရေးသက်ပြင်း ကတိပျက်တာ မတွေ့ရပါဘူး၊ သူဌေးမင်းဆီက ငွေတောင်းတာပဲ မဟုတ်လား၊ ဘယ်အချိန် လာယူမယ် ဒီလိုလား'

'ငွေတောင်းတာတော့ ဟုတ်တယ်၊ ကိစ္စက တစ်ခါ တည်းနဲ့မပြီးဘဲ ဘလက်မေး မိုက်ကြေးခွဲလုပ်ချင်ရင် လုပ်နိုင် နေတယ်ဗျာ'

'ကိစ္စကတော့ မ နဲ့ပတ်သက်ပြီး အရှက်ကွဲလောက် အောင် သက်ပြင်းအထဲ အနိုင်အမာ ရရှိထားပြီး၊ ထိုကိစ္စ အကြောင်းပြ ငွေတောင်းတယ်ဆိုပါတော့'

ဦးမောင်မောင်သော်သည် ပြောသင့် မပြောသင့် ချိန်ဆ နေပြန်သည်။ ထိုမျှမက နက်နဲသော အမှုများကိုပင် ဦးနှောက် ဉာဏ်တို့အသုံးပြုကာ ပေါ်အောင်လုပ်နိုင်ခဲ့သော ဦးအောင်မြင် သည် ဦးမောင်မောင်သော်က ချိန်ချိန်ဆဆ လုပ်နေသောအခါ သူ၏ယူဆချက်ကိုအခိုင်အမာပြု၍ ပြောလိုက်ခြင်း ဖြစ်သည်။ ဦးအောင်မြင်ကပင်



'ငွေလဲတော်တော်များမယ် ထင်ပါရဲ့'

'ငါးသောင်းတောင် တောင်းပါတယ်၊ ငါးသောင်းထဲနဲ့ ပြီးပြတ်သွားရင် ဘယ်သူမှ မသိစေဘဲ ပေးချင်ပါတယ်၊ ခင့ငါးသောင်းလဲပေးရသေးတယ်၊ ဆက်ဆက်ပြီးညှဉ်း၊ အမြဲ စိတ်ညစ်မှာကိုတော့ အတော်ပဲ စိုးရိမ်မိတယ်'

'သက်ပြင်းပေးတဲ့စာကို ကျွန်တော် မဖတ်ရဘူးလား ခင်ဗျာ'

'ကျွန်တော် ဒါကိုပဲ စဉ်းစားနေပါတယ်၊ ဦးအောင်မြင် ကို ယုံကြည်လို့ ခေါ်တာ အမှန်ပါပဲ၊ နို့ပေမယ့် ကျွန်တော် လက်တွန့်နေတာကတော့ ဦးအောင်မြင်ကို မယုံကြည်လို့ မဟုတ်ပါဘူး၊ အတော်ကြီး ရှက်စရာကောင်းနေလို့ပါ'

'ကျွန်တော်နဲ့ တိုင်ပင်ရင် နှစ်ကိုယ့်တစ်စိတ်သဘော ထားမှ ဖြစ်ပါမယ်၊ သက်ပြင်းနဲ့ ကျွန်တော် အတွေ့အကြုံများ တော့ သူ ဘာလုပ်မယ်ဆိုတာ အကဲခတ်နိုင်ပါတယ်'

ဦးမောင်မောင်သော်သည် စကားမပြောသေးဘဲ ကျောက်စိမ်း အသားကျောက် အဆက်အစပ်မရှိ တစ်ပြား တည်း ပြောင်ချောညီညာအောင် လုပ်ထားသည့် အချင်းသုံးပေ ခန့်ရှိ စားပွဲဝိုင်းပေါ်တွင် တင်ထားသော ၅၀ ဝင် ငွေစီးကရက် ဘူးထဲမှ စီးကရက်တစ်လိပ်ထုတ်ယူကာ မီးညှိရှုဖွာနေ၏။ မော်လမြိုင်ဆေးပြင်းလိပ်ထည့်သော ငွေသေတ္တာလေးသောင့် ငွေပြာခံခွက်လည်း ရှိရာ ဆေးပြင်းလိပ် ငွေသေတ္တာကို ဦးအောင်မြင်ဘက်သို့ ထိုးပေးရင်း

'ဦးအောင်မြင်ကတော့ ဆေးပြင်းလိပ်သောက်ထင်ပါ၊ သုံးဆောင်ပါဦး'

www.burmeseclassic.com

www.burmeseclassic.com



လူကြီးလူကောင်း တစ်ယောက်အိမ်တွင် ဆေးပြင်းလိပ် မကြိုက်က အနံ့နံမည်စိုး၍ ဦးအောင်မြင်သည် သူ၏ ဆေးပြင်းလိပ်တိုကို သူ၏အော်စတင် ကားကလေးထဲတွင် ထားပစ်ခဲ့၏။ ဦးမောင်မောင်သော်က သဒ္ဒါကြည်ဖြူစွာ မော်လမြိုင်ဆေးပြင်းလိပ်ကို ထိုးပေးမှ တစ်လိပ်နှိုက်ယူကာ မီးညှိရှူဖွာနေ၏။

'ဒီကိစ္စဟာ ပုလိပ်ကိုတိုင်တဲ့အနေမျိုး၊ စုံထောက်ကို ကူညီတဲ့ အဖြစ်မျိုးတော့ မရောက်စေချင်ဘူး ဦးအောင်မြင်'

'စိတ်ချပါ သူဌေးမင်း၊ ကျွန်တော် နှုတ်လုံပါ့မယ်လို့ ပြောပြီးပါပြီ'

ဦးမောင်မောင်သော်လည်း သူ၏ ရုပ်အင်္ကျီအိတ်ထဲသို့ တစ်စုံတစ်ရာ နှိုက်ယူနေ၏။ စုံထောက်ဦးအောင်မြင်၏ မျက်လုံးအစုံသည် ဦးမောင်မောင်သော့် အိတ်အတွင်း လက်လှုပ်ရှားနေပုံကို ကြည့်ခြင်းအားဖြင့် ဦးအောင်မြင်အား ပြလိုသောအရာ၊ ဦးအောင်မြင် မမြင်စေချင်သောအရာကို ခွဲခြား ထုတ်ယူနေခြင်းဖြစ်သည်ကို ရိပ်မိပြီးဖြစ်၏။

'ဟောဒီစာပါပဲဗျာ၊ ဦးအောင်မြင်ကို အလွန်ယုံကြည်လွန်းလို့ ပြရတာပဲ'

ဦးအောင်မြင်က ဘာမျှပြန်မပြောဘဲ လှမ်းပေးသော စာကိုယူကာ ဖြန့်ဆန့် ဖတ်ရှုနေသည်။

သူဌေးမင်း ဦးမောင်မောင်သော်

ငွေကို ရိုးရိုးတောင်းလျှင် ပုလိပ်အဖွဲ့သာမက စစ်တပ်အကူအညီနှင့် မပေးဘဲနေမည့်ပုဂ္ဂိုလ်စားမျိုးဖြစ်ကြောင်း သိသဖြင့် မပေးလျှင်မနေနိုင်သော နည်းလမ်းကိုရှာရ



ယခုတွေ့ပါပြီ။ လွန်ခဲ့သည့် စနေနေ့ညက ရိုစီဝင်းနှင့် သူဌေးမင်း ဘယ်လိုပျော်ပါးခဲ့ကြတယ်ဆိုတာ သူဌေးမင်း ကိုယ်တိုင် အသိဆုံးဖြစ်ပါသည်။ ကျွန်တော်က အဲဒီ ပျော်ပါးပုံကလေး များကို အခိုင်အမာ အရယူထားလိုက်ပါ၏။ ယခု နမူနာပုံတစ်ပုံ ကြည့်ခြင်းအားဖြင့် အဘယ်မျှ အရေးကြီးသည်ကို သိပြီး နားလည်ပြီး ဖြစ်ပါလိမ့်မည်။ ပုံကလေးအားလုံး ငါးပုံဖြစ်ပါတယ်။ ဘယ်ပုံမှ လူမြင်၍ မကောင်းဝါ၊ ထိုပုံများကို ကူးပြီးပုံရော နက်ဂတစ်ရော ပြန်၍ အလိုရှိပါလျှင် တစ်မျိုးလျှင်တစ်သောင်းကျနှင့် ငွေငါးသောင်းပေးယူရန် ဖြစ်ပါသည်။ လွှတ်တော်ထဲတွင် အင်္ဂလိပ်လိုရော မြန်မာလိုပါ အပြောကောင်းသည့် အမတ်မင်း သူဌေးမောင်မောင်သော်၊ မြေယာကော်မတီတွင် ချယ်ယာမင်လူကြီး၊ နယ်တွင် မဲဆန္ဒအများနှင့် တက်ရောက်လာသော နယ်အကြည်ညိုခံပုဂ္ဂိုလ်ကြီး အစိုးရ အဖွဲ့နဲ့ အမတ်တွေကို တစ်ယောက်တစ်ပုံကျ ဝေပေးလျှင်သော်လည်းကောင်း၊ နယ်တွေတွင် ၂၄ လက်မ ဓာတ်ပုံ အကြီးချဲ့ သစ်ပင်တွေမှာ ဆွဲကပ်ထားရင်သော်လည်းကောင်း၊ သူဌေးမင်း မဆိုထားဘိ၊ ကျွန်တော်ပင် မျက်နှာပူပြီး အသည်းယားမိပါသည်။ သို့အတွက် ငွေငါးသောင်း ပေးမည်ဆိုက သုံးရက်အတွင်း သူရိယသတင်းစာတွင်။

'မောင်မောင်သက် ၁၀ နာရီအချိန် ဆက်ဆက်ငွေလာယူ'

တူး

ဤလောက်ထည့်သွင်းလျှင် ဓာတ်ပုံများပါ ပေးအပ်ရင်း ဆက်ဆက်လာ၍ယူပါမည်။ ထိုဓာတ်ပုံများပြင်

www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ် အနှောင့်အယှက် ဆက်မပေးတော့ဘူးဆိုတာလည်း ကတိထားပါသည်။

စာရေးသူ ကိုမြင်း

'ရုပ်အကျီအိတ်ထဲက ဓာတ်ပုံက ရီစီဝင်းနဲ့ သူဌေးမင်းတွဲရိုက်ထားတဲ့ပုံ မဟုတ်လား'

'ဟုတ် ဟုတ်ပါတယ်၊ ဦးအောင်မြင်၊ မြင်မှာတောင် မပြရဲတဲ့ပုံမို့ သည်းခံပါ'

'ဘယ်လိုပုံ ဖြစ်ရမယ်ဆိုတာ တွေးပြီးသားမို့ မပြပါနဲ့တော့ ခင်ဗျာ'

ဦးအောင်မြင်က ထိုသို့ပြောလိုက်လျှင် ဦးမောင်မောင်သော် ထူအမ်းသွားသည်။ အသက် ၄၅ နှစ်ခန့် ဗိုလ်ကေမထူမပါးနှင့် ယောကျ်ားကြီးတစ်ယောက်အသက် ၂၀ ခန့်၊ ကိုယ်လုံးကိုယ်ပေါက် အချိုးကျ၍ နာတံပေါ်၊ ပြူးကျယ်ကြည့်လင်သော မျက်လုံးအစုံနှင့် မိန်းမပျိုက လူကြီး၏ခါးကိုဖက်ထား၍ လူကြီးက မိန်းမပျို၏ လည်ပင်းကို ဖက်ထားသည်။

'ကျွန်တော် သူ့ကတိအတိုင်းတည်ရင် ငွေငါးသောင်းချိန်းပေးလိုက်ရမလား'

'ဒီလို လုပ်ပါလား'

ဟိုခေတ်က ပုလိပ်နှင့်ညီအစ်ကိုဖြစ်သော စုံထောက်ကျော် ဦးအောင်မြင်သည် ပုလိပ်စိတ်ဝင်၍လာကာ ညစ်ပတ်



လိုစိတ် ပေါ်လာ၏။ စာရေးသူကိုမြင်းသည် ကတိတည်သူဖြစ်ကြောင်း သူ ကောင်းကောင်းသိ၏။ သူဌေးက ငွေငါးသောင်း ပေးလျှင် ဓာတ်ပုံကို စာရေးသူကိုမြင်းက သူ့ဆီတွင် တစ်ခုမျှမထားဘဲ အကုန်ပြန်ပေးအပ်မည်ဖြစ်ကြောင်းလည်း ဦးအောင်မြင် ယုံကြည်သည်။ သို့ရာတွင်လည်း အချိန်းအချက်ကောင်း ဖြစ်သဖြင့် စာရေးသူကိုမြင်း ငွေယူလာလျှင် အလစ်အုပ် ဖမ်းဆီးလိုသဖြင့်

'ချိန်းပြီးပေးပေါ့သူဌေးမင်း၊ အဲဒီအချိန်မှာ ကျွန်တော်နဲ့ လက်ထောက် စုံထောက်နှစ်ယောက်ပါ လာကြပါ့မယ်'

'ဘာလုပ်ဖို့လဲဗျာ၊ ဖမ်းမလို့လား၊ ဖမ်းလို့မိရင် တော်သေးရဲ့၊ မမိမှဖြင့် သူ့စာအတိုင်း ဓာတ်ပုံတွေအသုံးချရင် ကျွန်တော် ကိုယ့်ကိုယ်ကို သတ်သေဖို့အထိ ဘဝမျိုး ရောက်သွားတော့မယ်'

'ကျွန်တော်ပြောတာကို ရေရေလယ်လယ် နားထောင်ပါဦး'

'သူက ဓာတ်ပုံတွေပြန်အပ်၊ ငွေငါးသောင်းယူသွားတော့ စိတ်ချရမလား'

'ဦးအောင်မြင်ပြောတော့ စာရေးသူကိုမြင်းက ကတိတည်တယ်ဆို'

'တည်ခဲ့ဖူးပါတယ်၊ ဒါပေမယ့် သူဌေးမင်းကိစ္စတော့ တည်မယ်မထင်ဘူး၊ ဘာပြုလို့လဲဆိုတော့ သူဌေးမင်းဘက်ကရော သူဌေးကတော် ဒေါ်သင်းသင်းဘက်ကပါ ပေါင်းလိုက်ရင် သိန်း ၃၀ လောက် ချမ်းသာတယ်လို့သိရတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဒီလောက် ငွေရပေါက်ကောင်းနေတဲ့ ပုဂ္ဂိုလ်ကြီးဆီကို ငါးသောင်းနဲ့ ဘယ်အေးမလဲ၊ ဓာတ်ပုံတွေက သူလာအပ်ပေမယ့် သူ့ထဲ ကူးယူထားရင် လိုသလောက်ရနိုင်တော့ နှစ်သောင်းပေးဦး၊ သုံးသောင်းပေးဦးနဲ့ ဘလက်မေးလုပ်မှာ အမှန်ပဲ'

'ဘလက်မေး လုပ်မယ်ဆိုရင်တော့ ငွေငါးသောင်း ဘယ်ပေးနိုင်မလဲ'

'သက်ပြင်းက ဦးရဲ့ အရှက်ကွဲမယ့် ကိစ္စမို့ ပုလိပ်စုံထောက်အသိမပေးဘဲ ငွေငါးသောင်း အလွယ်တကူပေးမှာပဲလို့ သူတစ်ယောက်တည်း ဓာတ်ပုံတွေနဲ့ အေးအေးလူလူလာမှာပဲ၊ ဒီအခါ ကျွန်တော်တို့က သူ့ကို အမိဖမ်းလိုက်ရင် သူဟာ လူသတ်မှု၊ ခြိမ်းခြောက်မှုနဲ့ လူ့ပြည်ပြန်လမ်းမရပါဘူး'

'ဒီလို ပိုင်နိုင်မယ်ဆိုရင်တော့ ဦးအောင်မြင်ရဲ့ သဘောပါပဲ'

'စုံထောက်မင်းကြီးနဲ့ ပုလိပ်မင်းကြီး မေးကြည့်ရင် အောင်မြင်ရဲ့အကြောင်း သိမှာပဲ'

'ဟုတ်ကဲ့၊ ဦးအောင်မြင်ကို မခေါ်ခင်တုန်းက စုံထောက်မင်းကြီးဆီ မြန်မာစုံထောက်ထဲက ဘယ်သူအတော်ဆုံးလဲမေးတော့ ဦးအောင်မြင်ရဲ့ နာမည်ပြောလို့ ခေါ်လိုက်တာပဲ'

'ဟင်၊ စုံထောက်မင်းကြီးတောင် သိသွားပြီလား'

'ကိုယ်ရေးကိစ္စမို့ မင်းကြီးသိဖို့ မလိုဘူးပြောတော့ ဆောရီးလို့တောင် ဝမ်းနည်းစကား ပြောပါတယ်'



'လူကြီးလူကောင်း အမတ်၊ သူဌေးမင်းမို့ ဒီလိုပြောတာ ကျွန်တော့်ကိုတော့ မေးတော့မှာပဲ၊ ဒီတော့ သက်ပြင်း ထောင်ဖမ်းဖို့လို့ သက်ပြင်းက လုပ်နေကျအတိုင်း ငွေတောင်းတာပါဆိုရင် ပြီးတာပါပဲ'

'ရှိစေဝင်း ကိစ္စများပါနေရင်ကော'

'ကျွန်တော်သိပါတယ်၊ မင်းကြီး ဒီကိစ္စမှာ သူဌေးမင်းမနဲ့ ပတ်သက်ကြောင်း လုံးဝမသိစေရပါဘူး'

'ဒါဖြင့်လဲ လုပ်ပေါ့ဗျာ'

ဦးအောင်မြင်ကလည်း ကျေနပ်သည့် အမူအရာနှင့် ပြုံး၍ နှုတ်ဆက်ကာ ပြန်၍သွားလေသည်။

* * *

စနေနေ့ည ခုနစ်နာရီခန့် ရန်ကုန်မြို့၏ တောင်မြောက်ဖြတ်လျက်ရှိသော လမ်းတစ်လမ်းထဲသို့ ဆလွန်းကားကြီးတစ်စင်းသည် ဖြည်းညင်းစွာ မောင်းနှင်၍လာသည်။ ကားရှေ့ပိုင်းတွင် ဒရိုင်ဘာက မောင်း၍ ကားနောက်ပိုင်းတွင် အသက် ၄၅ နှစ်ခန့် လူကြီးတစ်ယောက်က ဝဲဘက်တိုက်များကို ကြည့်ရင်းလိုက်လာ၏။ သုံးခန်းတွဲ လေးထပ်တိုက်တစ်လုံးအနီးသို့ ရောက်လျှင် လူကြီးက

'အဲဒီ ဘယ်ဘက်ဘေးက တိုက်ပဲဟေ့၊ ရပ်တော့'

www.burmeseclassic.com

www.burmeseclassic.com



'ဒရိုင်ဘာသည် ကားကိုရပ်ကာ ကားပေါ်ကဆင်းပြီးလျှင် နောက်ပိုင်းက ကားတံခါးကို ဖွင့်ပေး၏။ လူကြီးသည် ကားပေါ်က ဆင်းပြီးလျှင်

'၁၁ နာရီလောက်ကျရင် ငါ့လာခေါ်လှည့်၊ မင့်မမမေးရင် နေရှင်နယ်ကလပ်မှာ ဦးသင်းမောင်နဲ့ စစ်တုရင်ထိုးနေတယ်လို့ ပြော'

'ဟုတ်ကဲ့ ခင်ဗျာ'

လူကြီးသည် အိတ်ထဲမှ ဆယ်တန်တစ်ချပ်ထုတ်ကာ

'မဂိုလမ်းမှာ မင်းလဲစား၊ မင့်မမဖို့ ငါကပေးလိုက်တာ ဆိုပြီး ဆိတ်သားခပတ်နဲ့ ဒံနံပေါက်ပါ နှစ်ကျပ်ဖိုးလောက် ဝယ်သွား၊ ပိုတာ မင်းသုံး'

နှစ်ထပ်မျှရှိသော အတွင်းဝန်များရုံးကိုပင် သိမ်ကြီးဈေးကဲ့သို့ ခတ်လှေကားတပ်ရန် ပြောသောသူဌေးမင်းသည် ဒရိုင်ဘာထွက်ခွာသွားလျှင် လေးထပ်တိုက်ကြီး၏ အပေါ်ဆုံးအထပ်သို့ မမောမပန်းတက်၍သွား၏။ အပေါ်ဆုံးထပ်သို့ ရောက်လျှင် တံခါးခေါက်လိုက်၏။ ချောင်းကြည့်ပေါက်မှ လက်နှိပ်ခတ်မီး ဝင်းခနဲဖြစ်ပြီးနောက် တံခါးဖွင့်ပေးလိုက်သည်။ သူဌေးမင်း အထဲသို့ဝင်မိလျှင် တံခါးကို အတွင်းက ပိတ်ထားလိုက်၏။

အရပ် ငါးပေ သုံးလက်မခန့် ပါးလုပ်သော ရှန်သားအင်္ကျီ၊ ဇာဘော်လီလယ်ဟိုက်၊ အတွင်းက ရင်စည်းမရှိ၊ ခါးတွင်ရေညှိရောင် ပိုးတွန့်ပျော့ လုံချည်နှင့် မျက်ခုံးမွေးသေးသေးမျှင်မျှင်၊ ပြူးကျယ်ကျယ်ကြည်လင်သော မျက်လုံးအစုံ ဖြူဖွေးသောအသားနှင့် ကပြားမလေး ရှိစီဝင်းအား သူဌေးဦးမောင်မောင်သော် မျက်တောင်မခတ် ကျေနပ်သော အမူအရာနှင့် ကြည့်နေသည်။

'ဦးအောင်မြင် နှုတ်ဆက်ပြန်သွားပြီးနောက် ဦးမောင်မောင်သော် စနေနေ့ညက အဖြစ်အပျက်ကို ပြန်လှန်တွေးတော နေခြင်းဖြစ်၏။ ခတ်မီး ခလုတ်အိမ်လို ဖြူးစ်အိမ်လို နံရံကပ်ပစ္စည်းများမှာ ကင်မရာမှန်ပေါက်ဖြစ်ကြောင်း ယခုမှ တွေးမိသည်။ ခတ်ပုံရိုက်ရန်မှာ တစ်ဦးတည်းနှင့်မပြီး၊ ရှိစီဝင်းက သူ့အားဖက်ကာ ဟိုနားတိုးလိုက် သည်နားတိုးလိုက်နှင့် နှုတ်က 'ရယ်ဒီ' ဆိုပုံကလည်း ယခုမှ ကောင်းကောင်း နားလည်တော့၏။ ကင်မရာမင်းက ဘယ်နား ဘယ်နေရာမှ ဘယ်လိုလုပ်၊ အဲသည်လို လုပ်ပြီးလျှင် ရယ်ဒီဆိုလိုက်ဟု မှာထားသည့်အတိုင်း ရှိစီက လိုက်လုပ်တာ[illegible]ါလား။

ဦးမောင်မောင်သော်သည် သူ၏ ရှပ်အင်္ကျီအိတ်ထဲက လေးလက်မ ခတ်ပုံကိုထုတ်၍ ကြည့်ပြန်၏။ ပြတ်သားလိုက်သည့်ပုံ၊ အဝတ်အထည်နှင့် တွဲရိုက်ထားသည်တိုင်အောင် ကြေးစားပြည့်တန်ဆာနှင့်။

'ဟာ့ကွာ၊ မင်းကလဲ အသံမပေး ဘာမပေးနဲ့'

ဦးမောင်မောင်သော်သည် ခတ်ပုံကို အိတ်ထဲသို့ လျင်မြန်စွာထည့်ကာ တုန်တုန်ယင်ယင်ဖြစ်နေပြီးလျှင် ဇနီးဖြစ်သူအား မော့ကြည့်နေသည်။ ဒေါ်သင်းသင်းက တည်ကြည်သော အမူအရာနှင့် ချစ်လင်အနီး ထိုင်လိုက်ကာ



www.burmeseclassic.com

www.burmeseclassic.com



'အစက မသိချင်ယောင်ဆောင်ပြီး နေမလို့ပါပဲ၊ ကိစ္စက အရေးကြီးတော့ မေးရဦးမှာပဲ'

'မင်း ဘာသိလို့လဲ'

'အဲဒီကိစ္စပေါ့၊ စာရေးသက်ပြင်း ရေးတဲ့စာရော ဓာတ်ပုံပါ၊ မောင် ရေချိုးနေတုန်း ရုပ်အင်္ကျီအိတ်ထဲက ကြည့်ပြီးပြီ'

ဦးမောင်မောင်သော်သည် ဇနီးဖြစ်စေကာ ဤမျှ အရုက်အကြောက်နည်းပါးစွာ ပြုကျင့်ခဲ့သော မိမိ၏အမှားကြောင့် များစွာမျက်နှာပူနေသည်။

'အနို့၊ ငွေငါးသောင်းပေးလိုက်မယ် မဟုတ်လား၊ ငါးသောင်း ဘာအရေးလဲ၊ သူ ပြောသလို လုပ်လိုက်မှဖြင့် ရှင်သာမဟုတ်ဘူး၊ ကျွန်မတို့လဲသုနက္ခဓာတ်ခင်းပြီး ဘယ်သူ့ မျက်နှာမှ ကြည့်ရဲတော့မှာ မဟုတ်ဘူး'

ဒေါ်သင်းသင်းသည် မပြောစဖူး အလွန်ရင့်သီးသော စကားပင် ပြောမိရာပေပြီ။ ဦးမောင်မောင်သော် စိတ်မဆိုးသာ။ သူ့အကျင့်ကမှ မဟုတ်တော့တာဖြင့်။

'ခုနကပဲ ဦးအောင်မြင့်နဲ့ တိုင်ပင်ပြီးပြီ၊ ဒီအကောင်ကို ငွေငါးသောင်းပေးမယ်ဆိုပြီး ထောင်ဖမ်းမယ်လို့'

'ဟုတ်မှလဲလုပ်ပါရှင်၊ ဒီလောက် မ အ ဘူးထင်တယ်၊ ကျွန် ကျွန်မသာ စာရေးသက်ပြင်းသာဆိုရင် တပည့်တွေကို ငါ့အတွက် စိတ်မချရဘူး၊ ငါများအဖမ်းခံရရင် ဒီဓာတ်ပုံတွေ ငါ့မှာသလိုလုပ်လို့ မှာထားခဲ့မှာပဲ'



'ဟာကွာ၊ မင်းပြောမှပဲငါ စိတ်ပူလာပြန်ပြီ၊ နို့ပေမယ့် ဦးအောင်မြင့်က တို့ထက် နားလည်ပါတယ်ကွ၊ သူနဲ့ တိုင်ပင် လုပ်ရမှာပဲ'

'စနေနေ့ညက မောင်ကွန်းပြော်တော့ နေရှင်နယ် ကလပ်မှာ ဦးသင်းမောင်နဲ့ စစ်တုရင်ထိုးနေတယ်ဆို'

ဦးမောင်မောင်သော် အဖြေမပေးနိုင်၊ ရှက်ပြုံးပြုံးကာ ဇနီးသည်အား ကြည့်နေ၏။ ဒေါ်သင်းသင်းကပင်

'ယောကျ်ားပဲ၊ အပျော်အပါးလိုက်တာ အပြစ်မတင်ပါဘူး၊ ဒါပေမယ့် ဒီလောက်ကြီးရှမ်းကားတာတော့ ရှင်မရှက်ဘူးလား'

'တော်စမ်းပါ သင်းသင်းရာ၊ စိတ်ညစ်ရတဲ့အထဲ မင်းက တစ်ထောင့်ပဲ'

'မဲရွေးပွဲတုန်းက ဟိုရွာက ဘုရားဌာပနာတိုက်ကို အသစ်ပြုပြင်၊ ထီးတော်တင်ပြီး ဘုရားဒကာအမည်ခံတယ်၊ ဦးနန္ဒကို ကျောင်းသစ်ကြီး ဆောက်လုပ်လှူဒါန်းပြီး ကျောင်းတကာ ပရပုဂ္ဂိုလ်သား ဦး ယောက် ရှင်ပြုပေးပြီး'

'ဟော တော် တော်၊ သင်းသင်း တော်ကွာ'

ဦးမောင်မောင်သော် နေရာမှ မတ်တတ်ရပ်လိုက်၏။ ဒေါ်သင်းသင်းက မရိုက်စဖူး သူ့များရိုက်မလားဟု စိုးရိမ်ကြီးစွာနှင့် မော့ကြည့်နေရာ ဦးမောင်မောင်သော်မှာ ဟင်းခနဲ သက်ပြင်းရှူပြီးလျှင် အခန်းထဲသို့ဝင်၍ သွားလေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



'မောင်မောင်သက်၊ အင်္ဂါနေ့ည ၁၀ နာရီတိတိအချိန် ဆက်ဆက် ငွေလာယူပါ၊ ထူး'

သူဌေးလေး ဦးမောင်မောင်သော်သည် ကျောက်စိမ်းစားပွဲပေါ်တွင် တင်ထားသော သူရိယသတင်းစာမှ သူကိုယ်တိုင် ထည့်သွင်းသော အထက်ပါကြော်ငြာကို ပြန်၍ ကြည့်နေသည်။

ထိုညကား အင်္ဂါနေ့ည ကိုးနာရီခွဲခန့် ရှိပြီဖြစ်၏။ တစ်ရာတန် ငွေစက္ကူအချပ် ၅၀၀ လည်း စားပွဲပေါ်တွင် အသင့်ရှိနေ၏။ ကျစ်ကျစ်လျစ်လျစ် ထပ်စည်းထားသော တစ်ရာတန် ငါးသောင်းဖိုးမှာ ဘောင်းဘီအိတ်ထဲတွင် ချောင်ချောင်ကလေးထည့်ယူနိုင်၏။ ဦးအောင်မြင်နှင့် လက်ထောက်နှစ်ယောက်မှာ ကိုးနာရီခန့်ကပင် တိုက်နောက်ဖေးမှ တက်ပြီးလျှင် အခန်းတစ်ခန်းထဲသို့ ရောက်နေပြီဖြစ်၏။ ဦးမောင်မောင်သော်အား မည်သို့မည်ပုံ ငွေပေးရန် ဓာတ်ပုံ ရိုက်ရန်မှာကြားထားပြီးလည်း ဖြစ်၏။

ပတ္တမြားရောင် ကတ္တီပါအုပ်ဆိုဖာကြီးတွင် ဦးမောင်မောင်သော် တစ်ယောက်တည်း ထိုင်စောင့်နေရာ ဧည့်ခန်းနှင့် ၁၀ ပေခန့်ကွာသော အခန်းထဲ၌ ဦးအောင်မြင်တို့လူသိုက်မှာ သက်မ သံမပြု စောင့်စားနေခြင်းဖြစ်၏။

ဦးမောင်မောင်သော်၏ သဘောမှာ ငွေငါးသောင်းပေးပြီးကိစ္စအေးသွားက ဖမ်းလားဆီးလားမလုပ်ချင်ပေ။ ဦးအောင်မြင်က နောက်ထပ် ဆက်ကာဆက်ကာ ဘလက်မေး လုပ်လိမ့်မည် ဆိုသဖြင့် သဘောတူရခြင်းဖြစ်၏။



တစ်အိမ်လုံး ဆိတ်ငြိမ်တိတ်ဆိတ်လျက် တိုင်ကပ်နာရီကြီးမှ တချက်ချက်မြည်နေသည်ကိုပင် ခပ်လှမ်းလှမ်းက ကောင်းစွာကြားနေရ၏။ တိုက်ရှေ့လမ်းပေါ်မှ မော်တော်ကားတစ်စီးတလေ ဖြတ်ပြေးသံနှင့် ခပ်ဝေးဝေးဆီမှ ခွေးဟောင်သံကို တစ်ချီတစ်ချီ ကြားရသည်။

အလွယ်တကူဝင်နိုင်ရန် တံခါးမကို အသင့်ဖွင့်ထားပါဟု ဆိုသဖြင့် အသင့်ဖွင့်ထားရ၏။ ဦးမောင်မောင်သော်မှာ နာရီကြီးကို မော့ကြည့်လိုက်၊ သတင်းစာတွင်လုန်ထားသော ငွေလာယူပါ ကြော်ငြာကြည့်လိုက်၊ ငွေစက္ကူအထပ်ကြီးကို ကြည့်လိုက်နှင့် ဖြစ်နေသည်။ တစ်ခါတစ်ရံ လူနှင့် မျက်နှာချင်းဆိုင် စေ့ရုံသာစေ့ထားသော အခန်းတံခါးဆီသို့လည်း လှမ်းကြည့်မိ၏။ စောရသက်ပြင်းသည် သူဌေးနှင့် မျက်နှာချင်းဆိုင် ထိုင်ရမည်ဖြစ်ရာ ဦးအောင်မြင်တို့ နောက်ကနေပြီး ဝင်အုပ်ဖမ်းဆီးရန် ဖြစ်၏။

၉ နာရီ မိနစ် ၅၀ တွင် ဦးမောင်မောင်သော် ခေါင်းနားပန်းကြီးသွား၏။ တံခါးအပေါက်မှ ကုလားတစ်ယောက်ဝင်လာသောကြောင့် ဖြစ်သည်။ စောရသက်ပြင်းမှာ ကုလားလို၊ တရုတ်လို၊ ဘိုလို ရုပ်အမျိုးမျိုး ပြောင်းလဲလာတတ်ကြောင်း၊ အရပ်မြင့်မြင့် ဖြစ်ကြောင်းပါ ဦးအောင်မြင်က ပြောထားသောကြောင့် ဖြစ်သည်။

ကုလားသည် ဦးမောင်မောင်သော်ရှိရာသို့ တန်းတန်းဆိုက်ဆိုက် ဝင်လာကာ ဆိုဖာတွင်မထိုင်ဘဲ မတ်တတ်ရပ်လျက်ပင်

www.burmeseclassic.com

www.burmeseclassic.com



'ဟောဒါ သူဌေးမင်း အလိုရှိတဲ့ ဓာတ်ပုံနက်ဂတစ် ပါပဲ'

လေးလက်မ ဓာတ်ပုံနက်ဂတစ် ထုတ်ထားဟန်တူသော အထုပ်ကို ကျောက်စားပွဲပေါ်သို့ကုန်းချထားလိုက်၏။

'ထိုင်ပါဦး မောင်၊ ငွေလဲအသင့်ပါပဲ၊ အနို့ ကူးထားတာတွေကော'

'ပါပါတယ်၊ ပါပါတယ်'

'လက်မြှောက်လိုက်'

နောက်ဆုံးအသံမှာ ဦးအောင်မြင်၏ အမိန့်ပေးသံဖြစ်၏။ စုံထောက်သုံးယောက်က ခြောက်လုံးပြူး သုံးလက်နှင့် ချိန်ရွယ်ထားလေပြီ။

'ဒါက ဘာလုပ်ကြတာလဲ ခင်ဗျာ'

'ကျသကွာ၊ ဟေ့ ဒီကောင် အကြောင်ရိုက်တတ် သနော်၊ သတိထား၊ လက်နှစ်ဘက်ကို လက်ထိပ်ခတ်ဟေ့'

စုံထောက်တစ်ယောက်က လက်ထိပ်ခတ်လိုက်၏။ တစ်ယောက်က တိုက်ပေါက်ဆီသို့ တွန်းထုတ်နေသည်။

'ကျွန်တော် ရှင်းပါရစေဦးဗျာ'

'အေး၊ ရုံးကျမှရှင်း'

ဦးအောင်မြင်သည် မိမယ့်မိတော့ ချောင်ချောင်ကလေးဟင် နိုင်ငံကျော်သူခိုးကြီး စောရသက်ပြင်းအား ဖမ်းမိသဖြင့် တွန်းထိုးဆွဲခေါ်ကာ ကားပေါ်တင်ပြီးလျှင် ခေါ်ဆောင်သွားကြ၏။ ဦးမောင်မောင်သော်လည်း ဦးအောင်မြင်တို့



လမ်းဓာတ်မီးတိုင်အလင်းမှ လမ်းမတစ်လျှောက် ပြန်သွားသည်ကို ခဏမျှ ဝမ်းမြောက်ဝမ်းသာရပ်ကြည့်ပြီးလျှင် တံခါးပိတ်မည်အလုပ်

'နေပါဦး သူဌေးမင်းရဲ့'ဟု အသံဝါဩကြီးနှင့် ကြားရပြီးနောက် အသက် ၃၀ ခန့် ရွှေကိုင်းမျက်မှန်နှင့် မျက်လုံးမျက်ဖန်ကောင်း နှာတံပေါ် သားနားစွာ ဝတ်ဆင်ထားသော လူရွယ်တစ်ယောက် တံခါး မပိတ်မီခင် ဝင်လိုက်၏။

'ခုနက ကိုအောင်မြင်တို့ ဖမ်းသွားတာက စောရသက်ပြင်း အတုပါ၊ ကျွန်တော်မှ စောရသက်ပြင်း အစစ်ပါ၊ ရှင်းပြောပါဦးမယ်'

စောရသက်ပြင်းသည် အေးဆေးသော အမူအရာနှင့် ဆိုဖာများရှိရာသို့ သူဌေးမင်းနှင့်အတူ လာခဲ့၏။ ဆိုဖာတွင် ထိုင်ချကာ

'ခုနက ကိုဘိုးမြင်'

'ဟင် ကျုပ်ရဲ့တပည့်ကျော် ဘိုးမြင်လား'

'ဟုတ်ပါတယ်၊ ကိုအောင်မြင်တို့ စိတ်မချတာနဲ့ ထောက်လှမ်းကြည့်တော့ ကျွန်တော့်ကို ထောင်ဖမ်းမယ်ဆိုတာ သိရတယ်'

'ဒီဗွစကွဲ ဒီဗွသောတများ ရနေသလားဗျာ'

'အခု မျက်မြင်မဟုတ်လား၊ ကျွန်တော်က ဦးရဲ့ လူယုံ ကိုဘိုးမြင်ဆီ ဟော့ ဒီလေးလက်မ နက်ဂတစ်ပုံနဲ့ ဓာတ်ပုံတချို့ သွားပေးပြီး ကျွန်တော့်ဟာ ဓာတ်ပုံဆရာဖြစ်ဘာယ်၊ ခင်ဗျားသူဌေးက ဓနီး ဒေါ်သင်းသင်းမသိအောင်

www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားကို ကုလားလိုဝတ် အသံဖျက်ပြော ဒီခါတ်ပုံတွေ အပ်ပါ၊ သူဌေးမင်းက ဒီအတိုင်းစီစဉ်ပေးပါဆိုလို့ လာခိုင်းရတာဆိုပြီး လွှတ်လိုက်ရတာပဲ'

'နားလည်ပါပြီ၊ နားလည်ပါပြီ၊ အသားမည်းပြီး နှုတ်ခမ်းမွေးနဲ့ဆိုတော့ ကျုပ်တပည့်တောင် ကျုပ်မမှတ်မိဘူး'

'မိတ်ကပ်ကို ကျွန်တော်ပဲ လုပ်ပေးလိုက်ပါတယ်၊ ရော့ နက်ဂတစ်အစစ်'

စောရသက်ပြင်းသည် ၃၅ မီလီမီတာဖလင်ကော်ပြားလိပ်ကို ဖြန့်ကာ ခါတ်မီးရောင်တွင်ထောင်ပြ၏။

'ကူးပြီးသား ဟောဒီ လေးပုံပဲရှိတာ အမှန်ပါ၊ ငါးပုံအနက်က တစ်ပုံကို သူဌေးမင်းဆီ ပို့ပြီးပါပြီ'

ဦးမောင်မောင်ဆော်လည်း ခါတ်ပုံတွင် ထင်ထင်ရှားရှားမြင်ရမှ ပို၍ မျက်နှာပျက်သွားသည်။ စောရသက်ပြင်းက ငွေစက္ကူထုပ်ကို ထောင့်စွန်းတစ်နေရာက တဖျတ်ဖျတ်မြည်အောင် လက်နှင့်တွန်းပွတ် စမ်းသပ်ပြီးလျှင် နေရာမှထကာ

'စိတ်ချပါ၊ ကျွန်တော် ကတိတည်ပါတယ်'

ဦးမောင်မောင်ဆော်ကား နောက်မှ အမူပတ်မည်မဟုတ်ဆိုသဖြင့် ငွေငါးသောင်းပူဇော်ရသည်ကို မဖြို၊ စောရသက်ပြင်းက 'ဂွတ်နိုက် အန်ကယ်လ်'ဟု နှုတ်ဆက်သည်ကိုပင် 'ဂွတ်နိုက် ဂွတ်နိုက်'နှင့် ခေါင်းညိတ်ကာ ပြန်လှန်နှုတ်ဆက်လိုက်လေသတည်း။





# ၅

## လက်နက်တိုက်မှ ခြောက်လုံးပြူးနှစ်လက် ထူးဆန်းစွာ ပျောက်ဆုံးသွားခြင်း

ရန်ကုန်မြို့ .......... လမ်းရှိ တိုက်ကြီးမှ ခြောက်လုံးပြူး နှစ်လက် ထူးဆန်းစွာ ပျောက်ဆုံးသွားသော သတင်းကို ဒီဇင်ဘာ ၅ ရက်နေ့က ကြားသိရကြောင်း၊ လက်နက်တိုက် မန်နေဂျာသည် ခြောက်လုံးပြူးထားသော မှန်ဗီရိုမှ သေချာစွာ စစ်ဆေးသောအခါကျမှ သိရှိရသည်

www.burmeseclassic.com

www.burmeseclassic.com



ဆိုကြောင်း၊ ဖြစ်ပွားပုံမှာ မန်နေဂျာသည် လက်နက်များ ပြထားသော အခန်းသို့ စာရင်းနှင့် ကိုက် မကိုက် စစ်ဆေးရာ ၃၂ ဗို့ရှိသော ခြောက်လုံးပြူးများထားသည့် မှန်ဗီရိုသို့ ရောက်သောအခါ သေနတ်များကို တစ်လက်ပြီး တစ်လက် သေချာစွာ ကိုင်တွယ်ကြည့်သည်ဆိုကြောင်း၊ ထိုအခါ မှုလ ဆိုက်နှင့် ရွေးချယ်၍မရအောင် တူလှသော ခြောက်လုံးပြူး အတုနှစ်လက်ကို တွေ့ရသည်ဆိုကြောင်း၊ ခြောက်လုံးပြူး အတုနှစ်လက်၏ အရောင်အသွေး ပုံပန်း စသည်တို့မှာ အလွန်သေသပ်သော်လည်း ကိုင်တွယ်၍ ကြည့်သောအခါ သေနတ်အစစ်ထက်ပေါ့၍နေကြောင်း၊ မောင်းပါသော်လည်း ပြောင်းပေါက်လေး စသည်တို့မပါကြောင်း၊ သို့ရာတွင် လွန်ခဲ့ သော စာရေးကို မေးသောအခါ စာရေးမှာ တပ်အပ်သေချာ မည်သို့မျှ မပြောနိုင်ကြောင်း၊ သို့ရာတွင် လွန်ခဲ့သော ခုနစ်ရက် ခန့်က ဥရောပ တိုက်သားတစ်ယောက် သေနတ်ဝယ်လိုဟန် နှင့် ကိုင်တွယ်ကြည့်ရှုကြောင်း၊ သူ၏ ဘောင်းဘီအိတ်တွင် တော် မတော် လေး မလေးကို ထည့်စမ်းပြီးလျှင် ပြန်၍ထားရာ ထိုသို့ပြန်အထား တွင် သေနတ်ချင်း လဲလှယ်ထားခဲ့သည်ဟု တွေးထင်ဖွယ်ရာရှိသည်ဟု ပြောဆိုကြောင်း၊ လက်နက်တိုက် မန်နေဂျာသည် ထိုအကြောင်းကို ပုလိပ်ဌာနသို့ တိုင်တန်း ထားသဖြင့် အထူးအရေးယူစုံစမ်းနေကြောင်း၊ ၎င်းတို့ဖွင့်ဆို သော ဥရောပတိုက်သားမှာ နာမည်ကျော်သူခိုးကြီး စောရ သက်ပြင်း၏ ပုံပန်းနှင့်တူနေသဖြင့် စုံထောက်ကျော် ဦးအောင် မြင် ကိုယ်တိုင် လိုက်လံ စုံစမ်းလိမ့်မည်ဟု ထင်ရကြောင်း။



မိတ်ဆွေကြီး ကိုအောင်မြင်

လက်နက်တိုက်က ခြောက်လုံးပြူးနှစ်လက်မှာ ကျွန်တော် ၏ လက်ချက်ပင်ဖြစ်ပါသည်။ သို့အတွက် မိတ်ဆွေကြီး အား အလုပ်တစ်ခု တိုးလာသဖြင့် များစွာအားနာပါ၏။ သို့ရာတွင် မိတ်ဆွေကြီးသိသည့်အတိုင်းပင် ဈေးနှုန်းအဆ မတန် ကြီးမြင့်ပါသည်။ သူတို့မှာ လက်နက်ရောင်းချခြင်း ဖြင့် ကြီးပွားနေသူများဖြစ်ရာ သေနတ်နှစ်လက်ဖိုးလောက် အတွက် အရေးကြီးကြမည် မထင်ပါ။ ထိုသေနတ် နှစ် လက်ဖြင့် ဆက်သွယ်သောအလုပ်တစ်ခုကိုလည်း မကြာမီ မိတ်ဆွေကြီး ကြားသိရလိမ့်မည်။ ယခုသေနတ်ပျောက် သော ကိစ္စအတွက်လည်း မိတ်ဆွေကြီး အပင်ပန်းခံရန် မလိုကြောင်း သိသာရန် အကြောင်းကြားရခြင်း ဖြစ်ပါ သည်။

စောရသက်ပြင်း

ဦးအောင်မြင်ကား အထက်ပါစာကို ဖတ်ရှုပြီးလျှင် တစ်စုံတစ်ရာကို တွေးတောနေဟန် ရှိလေ၏။ ရန်ကုန်မြို့ကြီး တွင် မည်မျှပါးနပ် နီးကြားနေသည်ဟု ဆိုရစေကာမူ ဘောင်းဘီဝတ်များ ပုဆိုးတောင်ရှည်နှင့် လူကြီးလူကောင်း ဟန် တင်ထားသူများကို ဂရုမစိုက် အရေးပေးကြတန်းပင် ဖြစ်ရာ ထိုအကြောင်းကို နားလည်သော စောရသက်ပြင်းသည် ဘောင်းဘီဝတ်လျက် အင်္ဂလိပ်စကားကို အင်္ဂလိပ်လိုပြောနိုင် သူ တစ်ဦးဖြစ်သည့်အတိုင်း လက်နက်တိုက်သို့ဝင်ရောက်တာ

www.burmeseclassic.com

www.burmeseclassic.com



သေနတ်အမျိုးမျိုးကို ကြည့်ရှုပြီးနောက် မိမိ လိုချင်သော သေနတ်ကို သတင်းစာတွင်ပါသည့်အတိုင်း ဝင်ရောက်ယူငင်ခဲ့ခြင်း ဖြစ်လေ၏။ သက်ပြင်းကား ပစ္စည်းတစ်စုံတစ်ရာကို ခိုးတိုက်နေစဉ် လက်ပူးလက်ကြပ်မိလျက်နှင့်ပင် လွတ်ထွက်သွားခဲ့ဖူးကြိမ် များလေရာ ယခုသေနတ်ကိစ္စမှာ မိမိစုံစမ်းသော်လည်း အချည်းနှီးဖြစ်မည်ဟု ဦးအောင်မြင်၏ စိတ်တွင်တွေးထင်ဟန် ရှိလေ၏။ သို့ရာတွင် သေနတ်နှင့်ဆက်သွယ်၍ အခြားအလုပ်တစ်ခုလုပ်ဦးမည်ဟု ရေးသားထားရာ ထိုအလုပ်ကို မိမိတို့မသိရှိက စုံထောက်အဖွဲ့ကြီးသည် နာမည်ပျက်သည်ထက် ပျက်တော့မည်ဟု အထူးစိုးရိမ်ဟန် ရှိလေ၏။ ထိုအခိုက် တယ်လီဖုန်းမှ ဂလင် ဂလင် မြည်နေသဖြင့် လှမ်းယူကိုင်တွယ်ကာ 'ဟလို မှန်ပါ၊ ကျွန်တော် အောင်မြင်ပါပဲ၊ သေနတ်နှစ်လက်လား၊ သက်ပြင်း အစစ်ပဲ၊ သူယူကြောင်း စာရပါတယ်၊ တတ်နိုင်သလောက်ကြိုးစားပါ့မယ်'

တယ်လီဖုန်းအသံ ရပ်စဲသွားလေ၏။ ဦးအောင်မြင်သည် တစ်စုံတစ်ရာကို အကြံရသည့်လက္ခဏာနှင့် မိမိရုံးခန်းမှ ထွက်ကာ ကားရုံဘေးသို့လျှောက်ခဲ့လေ၏။ မကြာမီ ကားကလေးတစ်စီးသည် ဖော်ပြပါ လက်နက်တိုက်ရှေ့သို့ ရပ်ကာ အသက် ၄၀ ခန့် လူကြီးတစ်ယောက်သည် လက်နက်တိုက်ထဲသို့ ဝင်ရောက်သွားလေ၏။ အောင်မြင် စုံထောက်ဟူသော စာရွက်ကလေး မန်နေဂျာ၏အခန်းထဲသို့ ရှေ့တော်ပြေးအဖြစ် ဝင်သွားပြီးနောက် မကြာမီ ချာပရာစီ တံခါးဖွင့်ပေးခြင်းဖြင့် ဦးအောင်မြင်လည်း ဝင်ရောက်သွားလေ၏။



'စကားအနည်းငယ်ပြောဆိုခွင့် ရမလား ခင်ဗျာ'

'ရပါတယ်၊ ရပါတယ်၊ ဦးအောင်မြင် ပြောနိုင်ပါတယ်'

'ခြောက်လုံးပြူးပျောက်တဲ့ ကိစ္စနဲ့ပတ်သက်ပြီး သိချင်တာကလေးများ ရှိလို့ပါပဲ'

'သတင်းစာထဲမှာ ပါတဲ့အတိုင်းပါပဲဗျာ၊ ဥရောပတိုက်သားလို ဝတ်ထားတဲ့အကောင် ဖြစ်မှာပါပဲ၊ မြန်မာသတင်းစာတွေထဲတော့ စောရသက်ပြင်းလို့ ရေးထားတဲ့အကြောင်း ကျွန်တော့်တိုက်က မြန်မာစာရေးတစ်ယောက်က ပြောပါတယ်'

'ဟုတ်ကဲ့၊ ဒါဟာ စောရသက်ပြင်းပါပဲ'

'စောရသက်ပြင်းဆိုလျှင် ဦးအောင်မြင်တို့ မတတ်နိုင်ဘူးပေါ့'

'လူကြီးမင်း သူ့အကြောင်း ကြားဖူးပါလိမ့်မယ်'

'ကြားဖူးပါတယ်၊ ဒါပေမယ့် တယ်လဲ ဂရုမစိုက်ပါဘူး ခင်ဗျာ'

'အခု ကျွန်တော် သိလိုတာက စောရသက်ပြင်းနဲ့ လူကြီးမင်း ဘယ်လိုအဆက်အသွယ်များ ရှိဖူးပါသလဲလို့'

ထိုအခါ မန်နေဂျာသည် မျက်နှာများနီလျက် စိတ်ဆိုးသလို ဖြစ်သွားပြီးမှ ဒေါသကိုချုပ်တည်းဟန်နှင့်

'ဦးအောင်မြင်ဆိုလိုတာက ကိုယ့်တိုက်ကလက်နက်ကို သက်ပြင်း ထုတ်ရောင်းပြီး တကယ် ပျောက်သွားဟန် လုပ်တယ်လို့ လို့'

www.burmeseclassic.com

www.burmeseclassic.com



'ဒီလိုမဆိုပါဘူး၊ သက်ပြင်းနဲ့ လူကြီးမင်း ဆန့်ကျင်ဘက် ဖြစ်ဖူးသလားလို့'

'အို ကျွန်တော် သူ့ကိုမသိပါဘူး၊ သူနဲ့ဘာမှ အဆက်အသွယ်မရှိဘဲ၊ ဘယ့်နှယ်ဆန့်ကျင်ဘက် ဖြစ်နိုင်မလဲ၊ သူနဲ့တစ်ခါမှ မတွေ့ဖူးပါဘူး'

ထိုအတွင်း ချာပရာ့စီကုလား ဝင်ရောက်လာ၍ မန်နေဂျာက ကျေးဇူးပြု၍ ဦးအောင်မြင်သို့ဟု အင်္ဂလိပ်လို လိပ်တပ်ထားသော စာတစ်စောင်ကို ပေးလေ၏။ မန်နေဂျာလည်း လိပ်စာကိုကြည့်ပြီး ဦးအောင်မြင်သို့ လက်ကမ်းလိုက်သဖြင့် ဖွင့်ဖောက်ဖတ်ရှုရာ မြန်မာလက်နှိပ်စက်စာလုံးဖြင့်

မိတ်ဆွေကြီး ကိုအောင်မြင်

မနေ့ညက ကျွန်တော်ပေးသောစာကို ဖတ်ရှုပြီးဟု ထင်ပါသည်။ ကျွန်တော့်စာအရ မိတ်ဆွေကြီး တွေးတောယူဆပုံမှာ အလွန်နီးကပ်ပါသဖြင့် မိတ်ဆွေကြီး အမြော်အမြင်ဉာဏ်ကို မချီးမွမ်းဘဲ မနေနိုင်ပါ။ သို့ရာတွင် မိတ်ဆွေကြီးသည် မန်နေဂျာအား စုံစမ်းသောအခါ အကြောင်းမှန်ကို ပြောမည်မထင်၍ မိတ်ဆွေကြီးသိရန်နှင့် အနည်းငယ်ရေးပါရစေ။ ကျွန်တော်သည် ပုလိပ်အရာရှိဟန်ဆောင်၍ သူ့ အခန်းထဲဝင် ကောင်မလေးကိုထုတ်၊ သူ့အား ခြောက်လုံးပြူးနှင့် ချိန်ထားစဉ် ကျုပ်ပုလိပ်မဟုတ်ဘူး၊ မြန်မာ မိန်းကလေးတစ်ယောက်ကို လူမျိုးခြားနဲ့ ပျော်ပါးတာ မကြည့်ချင်လို့ လုပ်ရတာပဲဟု ပြောသောအခါ



မင်း ဘယ်သူလဲဟု မေးပါသည်။ ကျုပ် ဘယ်သူလဲဆိုတာ ခင်ဗျားကို မပြောလိုဘူး၊ ကျုပ်ဟာ ခင်ဗျားလက်နက်တိုက်က သေနတ်ကိုခိုးယူပြီး ခင်ဗျားကို ပစ်သတ်နိုင်စွမ်းရှိတဲ့ လူတစ်ယောက်ပဲဟု ပြောရာ ဒါဖြင့်ရင် မင်း ငါ့လက်နက်တိုက်က သေနတ်တစ်လက်ခိုးယူနိုင်ရင် မင်းကို ငွေ ၅၀၀၀ ပူဇော်မည်ဟု ပြောပါသည်။ ကောင်းပြီ၊ ကျုပ်ဟာ စောရသက်ပြင်းဆိုတဲ့ သူခိုးပဲ၊ နောင်အခါ ခင်ဗျားကတိသာ မပျက်ပါနှင့်ဆိုပြီး ကောင်မလေးကို ဆွဲခေါ်ခဲ့ပါသည်။ ကောင်မလေးအား ကြိမ်လုံးနှင့်ရိုက်နှက် ဆုံးမပြီး၊ အမျိုးသမီး ကယ်တင်ရေးတပ်သို့ ပို့ခဲ့ပါသည်။ မန်နေဂျာကား တစ်နှစ်ခန့်ကြာပြီဖြစ်၍ သူ သတိရချင်မှရပါမည်။ ကျွန်တော်လဲ သေနတ်ရအောင် အတော်ကြံစည်ရာ ယခုမှ ငွေ ၅၀၀၀ ရရန် ကြံစည်ရပါဦးမည်။

သက်ပြင်း

မန်နေဂျာကား ဦးအောင်မြင် စာဖတ်နေသည်ကို စောင့်စား ကြည့်ရှုနေလေ၏။ သို့ရာတွင် တစ်စုံတစ်ရာ မေးမြန်းခြင်း မပြုဘဲ ခပ်တွေတွေစဉ်းစားနေခိုက် ဦးအောင်မြင်က

'ခင်ဗျား လွန်ခဲ့တဲ့တစ်နှစ်လောက်က ခင်ဗျား ခြံရှိတဲ့ ခြောက်မိုင်မှာ ဘာမှ မဖြစ်ဘူးလား၊ သတိရသေးရဲ့လား'

'ခြောက်မိုင်မှာ၊ အို ကျွန်တော် ဘာမှမဖြစ်ခဲ့ပါဘူး'

'စဉ်းစားပါဦး၊ မြန်မာမိန်းကလေး တစ်ယောက်နဲ့ ပျော်ပါးတဲ့အကြောင်းလေ'

www.burmeseclassic.com

www.burmeseclassic.com



မန်နေဂျာမှာ ထိုအခါကျမှ သတိရလာသည့်ဟန်နှင့်

'အို ဟုတ်တယ်၊ ဟုတ်တယ် ဦးအောင်မြင်၊ သက်ပြင်းဆိုတဲ့အကောင် ကောင်မလေးကို ခေါ်သွားတယ်၊ အပေါက်စောင့်ခိုင်းထားတဲ့ ကလေးအဖော်ကို မေ့ဆေးတင်သွားတယ်၊ သူဟာ တော်တော်ရဲတာပဲ'

'ခင်ဗျားနဲ့ ဘာများပြောသေးလဲ'

'မပြောပါဘူး၊ ကောင်မလေးကို ခေါ်သွားတာပဲ'

'ဒါဖြင့် သေနတ်ခိုးတဲ့ ကိစ္စနဲ့ ဘာမှအဆက်အသွယ် မရှိဘူးပေါ့'

'သူ့ဘာယ်လိုကြံမယ်ဆိုတာ ကျွန်တော် ဘယ့်နှယ် ပြောနိုင်မလဲ'

'ခင်ဗျားတိုက်က သေနတ်ခိုးနိုင်ရင် ငွေ ၅၀၀၀ ပေးမယ်လို့ ပြောလိုက်တယ် မဟုတ်လား'

'အို၊ ဒါက ကျွန်တော် စိတ်ဆိုးလို့ ပြောလိုက်တာပဲ၊ သူ့ကို ဘာကြောင့်ပေးရမလဲ'

'သူက ဒီငွေ ၅၀၀၀ ခင်ဗျားဆီ လာတောင်းရင်ကော'

'ကျွန်တော် ဘာလို့ပေးရမလဲ၊ ကျွန်တော် မကြောက်ပါဘူး'

မန်နေဂျာမှာ မိမိအဖြစ်ကို ဖုံးကွယ်ထားလိုဟန်ရှိသော်လည်း ဦးအောင်မြင်က ခရေစေ့တွင်းကျ ပြောပြနေသဖြင့် မငြင်းသာဘဲ ဝန်ခံခဲ့ခြင်း ဖြစ်လေ၏။

'ကျွန်တော် သတိပေးလိုတာက ခင်ဗျား သူ့ကို ငွေ ၅၀၀၀ ပေးမယ်လို့ ကတိပေးထားတော့ သူတစ်နည်းနည်းနဲ့ ရအောင်ယူလိမ့်မယ်'



'ဦးအောင်မြင် ယုံတမ်းစကား ပြောနေတာလား'

'ဘာပဲဖြစ်ဖြစ် ကျွန်တော့် ဝတ္တရားက ခင်ဗျားကို သတိပေးဖို့ရှိတယ်'

'ကျွန်တော့်ကို သတ်ပစ်တောင် သူ မရဘူး၊ ငွေက ကျွန်တော့ လက်ထဲမှာ မဟုတ်ဘူး၊ ဘဏ်တိုက်မှာထားတာ၊ ဘဏ်တိုက်ကို ဖောက်နိုင်သလား'

'အခန့်သင့်ရင် ဖောက်နိုင်တယ်၊ ဒါပေမယ့် ဒီလူဟာ ခင်ဗျားဆီက ငွေကို တစ်နည်းနည်းနဲ့ ရအောင်ယူလိမ့်မယ်'

'ဦးအောင်မြင် စိတ်ထဲမှာ သက်ပြင်းကို လူစွမ်းကောင်း တစ်ယောက်လို့ ထင်မှတ်နေပါလိမ့်မယ်'

'ခင်ဗျား နောက်တော့ သူ့အကြောင်းသိမယ်၊ ကျွန်တော် အကြံပေးလိုတာက ခင်ဗျား အသွားအလာအနေအထိုင် ဆင်ခြင်ဖို့၊ အကြောင်းထူးရင် ကျွန်တော့်ကို အကြောင်းကြားဖို့ပဲ ဦးအောင်မြင်'

ဦးအောင်မြင်သည် အမှန်အားဖြင့် သက်ပြင်းကို ရမိအောင် ဖမ်းလိုသူဖြစ်၏။ သို့ရာတွင် မန်နေဂျာ၏ မခိုးမခန့် အမူအရာကြောင့် ငနဲထံက ငွေ ၅၀၀၀ သက်ပြင်း ရအောင် ယူနိုင်ပါစေဟု တွေးထားဟန်ရှိလေ၏။ ဦးအောင်မြင်မှာ မန်နေဂျာ၏အခန်းမှထွက်ကာ သက်ပြင်း ငွေယူမည့် နည်းအမျိုးမျိုးကို စဉ်းစားရင်း ကားလေးမှာ အတွင်းဝန်ရုံးဆီသို့ ပြေးလျှက်ရှိလေ၏။

ထိုနေ့ညနေပိုင်း၌ လက်နက်တိုက်မန်နေဂျာမှ ပေးပို့လိုက်သော စာတစ်စောင်ကို ဦးအောင်မြင် ဖတ်ရှုရပြန်လေ

www.burmeseclassic.com

www.burmeseclassic.com



၏။ ထိုစာမှာ သက်ပြင်းထံမှ လက်နက်တိုက်မန်နေဂျာအား ပေးသောစာဖြစ်ရာ လွန်ခဲ့သောနှစ် နိုဝင်ဘာ ၅ ရက်နေ့က ကတိအတိုင်း သက်ပြင်းအား မည်ကဲ့သို့ ငွေ ၅၀၀၀ ထုတ်ပေးမည်ကို မေးမြန်းထားသောစာပင် ဖြစ်လေ၏။ ဦးအောင်မြင်လည်း တယ်လီဖုန်းဆက်ကာ လက်နက်တိုက်မန်နေဂျာအား မည်သို့မျှ စာမပြန် ငွေမပေးဘဲနေဖို့၊ မိမိကိုယ်တိုင်သတိ ဝီရိယရှိဖို့ ညွှန်ကြားလိုက်သဖြင့် မန်နေဂျာမှာ အေးအေးနေလိုက်လေ၏။ ဦးအောင်မြင်ကား ထိုသို့ အကြံပေးသော်လည်း သက်ပြင်း တစ်နည်းနည်းနှင့် ယူငင်မည်ကို ယုံကြည်ရကား မိမိသည် မည်ကဲ့သို့ ကူညီရပါမည်နည်း။ မိမိတို့စုံထောက်ဘက် အထင်သေးခံရမည်ကို စိုးရိမ်စိတ်များ ပေါ်ပေါက်နေဟန် ရှိလေ၏။

နောက်တစ်နေ့ နံနက် ၁၀ နာရီ အချိန်တွင်ကား ........လမ်း၊ လက်နက်တိုက်ရှေ့တွင် ကားကြီးတစ်စင်း ထိုးရပ်လိုက်၍ ကားပေါ်မှ နှုတ်ခမ်းမွေးကောင်းကောင်း၊ ဝဝတုတ်တုတ် ပုဆိုးတောင်ရှည်၊ မျက်နှာဝိုင်းဝိုင်း အသက် ၅၀ ခန့် သားနားသော လူကြီးတစ်ယောက်သည် လက်နက်တိုက်ထဲသို့ ဝင်၍သွားလေ၏။ မန်နေဂျာအခန်း အပြင်ဘက်တွင်ရှိသော ချာပရာစီကုလားအား ဦးလှမင်း၊ မင်းတိုင်ပင်အမတ်ဟု ရေးပေးလိုက်ရာ ထိုလူကြီးသည် မကြာမီ မန်နေဂျာ၏အခန်းထဲသို့ရောက်သွား၍ မန်နေဂျာ၏ဘေးတွင် ထိုင်မိလေ၏။

'ဘာကိစ္စရှိပါသလဲ ခင်ဗျာ'



'ကျွန်တော် သေနတ်လိုင်စင်ယူတဲ့အကြောင်း စုံစမ်းချင်လို့ပါပဲ၊ ကျွန်တော့်နာမည် ကြားဖူးတယ်မဟုတ်လား'

'ကြားဖူးပါတယ်၊ လူတော့ မမြင်ဖူးပေဘူး ခင်ဗျာ၊ အမတ်စာရင်းထဲမှာသာ ဒီနာမည်တွေ့ဖူးတယ်လို့ထင်တာပါပဲ'

'ဒီလိုဗျ၊ ကျွန်တော်က တောနယ်ဘက်က အမတ်၊ သေနတ်လိုင်စင်ယူဖို့ဟာ ကျွန်တော် ထင်သလောက် မလွယ်ဘူး၊ ဒီတော့ ဟောဒီ ရန်ကုန်ကယူရင် ဘယ်သူ့ဆီ စာတင်ရမယ်ဆိုတာ မေးမြန်းချင်လို့ပါပဲ'

ရန်ကုန်မှာတော့ တောနယ်လို အရေးပိုင်ဆီ မတင်ရဘူး၊ ပုလိပ်မင်းကြီးဆီ တင်ရပါတယ်၊ လူကြီးမင်း တင်လိုက လျှောက်လွှာပုံစံ ပေးပါမယ်'ဟု ပြောကာ အစေခံ ခေါင်းလောင်း နှိပ်ပြီး ခေါ်လိုက်လေ၏။ ကုလားတစ်ယောက်အား လျှောက်လွှာပုံစံ ယူခဲ့စေပြီးလျှင် မန်နေဂျာကိုယ်တိုင် ရေးရန်နေရာ၊ မန်နေဂျာ မျက်လုံးပြူးလောက်အောင် တစ်စုံတစ်ခုသည် ရှေ့သို့ကျလာလေ၏။ ထိုကျလာသောအရာမှာ အခြားမဟုတ်၊ မန်နေဂျာငွေထားသော ဘဏ်တိုက်မှ ချက်စာရွက်မျိုးတစ်ခုဖြစ်၍ ဦးလှဦးသို့ ငွေ ၅၀၀၀ ထုတ်ပေးရန် 'ဘဲရား' ချက်သဘော၊ အသင့်ရေးပြီးဖြစ်သောကြောင့်လည်း မန်နေဂျာမှာ ခေါင်းအမော့လိုက်၊ ၎င်း၏ပေါင်တွင် တစ်စုံတစ်ရာနှင့်ထိုးနေသဖြင့် ငုံ့ကြည့်ရာ ခြောက်လုံးပြူး ပြောင်းတံဖြစ်နေသဖြင့် ရုတ်တရက် ကြက်သေ သေနေလေ၏။

'ကျုပ် သက်ပြင်းလေ မမှတ်မိဘူးလား၊ ခင်ဗျားကတိအတိုင်း ချက်မှာ လက်မှတ်ထိုးလိုက်ပါ၊ ရိုးတိုးယားယား

www.burmeseclassic.com

www.burmeseclassic.com



လုပ်ရင် သေနတ်ပြောင်းက ချင်ဖျားချက်ကို ချိန်ထားတယ်’ဟု ဘယ်လက်ဖြင့် စာရွက်ကိုထောက်ကာ လက်မှတ်တောင်း၍ နေလေ၏။ မန်နေဂျာကား အပြုံးမပျက် ဟန်မပျက်၊ သူ့ကိုယ်ကို ပြုပြင်လိုက်ပြီးလျှင်

‘ဒီလို အတင်းအကျပ်မလုပ်ရပါဘူး၊ ရပါတယ် မိတ်ဆွေ’ဟု ပြောကာ အလွယ်တကူ လက်မှတ်ထိုးပေးလိုက်လေသည်။ မန်နေဂျာကား တစ်ခုကို တင်ကူးစီမံထားဟန်ရှိ၏။ လက်မှတ်လျှင်မြန်စွာ ထိုးသဖြင့် သက်ပြင်း ရိပ်မိလေရာ သက်ပြင်း၏ ပါးစပ်မှ ရှီခနဲမှုတ်လိုက်လျှင် ကုလား တစ်ယောက် ရုတ်တရက် ဝင်ရောက်လာလေရာ သက်ပြင်းက လက်မှတ်ထိုးပြီး ချက်စာရွက်ကိုပေးလိုက်လေ၏။ မန်နေဂျာကား ထိုအခါကျမှ ငွေ ၅၀၀၀ တကယ် ထုတ်တော့မည်ကို သိရှိရကာ သက်ပြင်း ချက်စာရွက်နှင့် တိုက်ထဲက မထွက်ခင် ဖမ်းမည်ဟူသောအကြံမှာ ပျက်ပြားသွားလေသည်။

သို့ရာတွင် မန်နေဂျာ၏အပေါ်တွင် တင်ထားသော သေနတ်မောင်း လှုပ်ခြင်းဖြင့် မန်နေဂျာ၏ ခြေအောက်တွင် အထိမ်းအမှတ်ခလုတ်တစ်ခု ရှိရမည်ဟု တွေးမိရာ သက်ပြင်းအားသို့ စောင်းကြည့်လိုက်သည်နှင့်တစ်ပြိုင်နက် ခြောက်လုံးပြူး ပြောင်းတစ်ခုသည် အခန်းနံရံမှ သက်ပြင်းအား ချိန်ရွယ်ထားသည်ကို တွေ့ရလေ၏။ သက်ပြင်းမှာ အကျဉ်းအကြပ်ထဲရောက်လျှင် စိတ်ကူးဉာဏ် ပိုမိုထွက်တတ်သူဖြစ်သည့်အတိုင်း မိမိ မည်သို့ပြုမူရမည်ကို ရှူးရှသောဉာဏ်ဖြင့် စဉ်းစားနေ၏။



‘ဘယ့်နှယ်လဲ သက်ပြင်း၊ ပိုင်လှပြီဆိုပြီး လာခဲ့တာ မဟုတ်လား’

‘ဟုတ်ကဲ့ မိတ်ဆွေ၊ ငွေ ၅၀၀၀ ခုလောက်ရှိ ထုတ်ပြီး ရောပေါ့’

‘ငွေ ၅၀၀၀ ထက်အဖိုးတန်တဲ့ သူခိုးကျော်ကို မိနေပြီဟာ မင်း သေနတ်ချလိုက်ပါ၊ မချရင် မင်းမျက်လုံး ကျည်ဆံဖောက်သွားမယ်’

သို့ရာတွင် သက်ပြင်းမှာ ရီးတီးယားတားလုပ်နေသဖြင့် ‘ဟော့ သေနတ်မချဘူးလား၊ ငါ ဒီက လက်ပြလိုက်ရင် မင့်ကို တစ်ခါတည်း ပစ်သတ်လိမ့်မယ်’ဟု ကြိမ်းဝါးလေ၏။

ထိုအခါ၌ သက်ပြင်းမှာ အသံထွက်အောင် ရယ်မောလိုက်လေ၏။ မန်နေဂျာစကားများသည်ကို သက်ပြင်းသည် ချက်ချင်းရိပ်မိလေ၏။ အပြင်က မန်နေဂျာ၏ လူမှာ မန်နေဂျာ လက်ပြမှ ပစ်ရမည်ဖြစ်ရာ မန်နေဂျာလက်မပြအောင် သက်ပြင်းက အရင်ဦးနိုင်သည်ကို တွေးတောမိပြီးလျှင်

‘အဲဒါ မိတ်ဆွေ ညံ့တာပဲ၊ အပြင်လူက မိတ်ဆွေ လက်ပြမှ ပစ်ရမှာ၊ ကျုပ်က မိတ်ဆွေလက်ပြမယ်လို့ ဟန်ပြင်လိုက်တာနဲ့ တစ်ပြိုင်နက် မိတ်ဆွေရဲ့ ချက်ကို ကျည်ဆံ ဖောက်ထွက်စေရမှာပေါ့’

မန်နေဂျာ အကြပ်ကြုံ၍နေလေ၏။ မိမိ စကားများသွားသည်ကိုလည်း ချက်ချင်း သတိရသွားဟန်တူလေ၏။ သက်ပြင်းအား ချိန်ရွယ်ထားသော သေနတ်ပြောင်းမှာလည်း

www.burmeseclassic.com

www.burmeseclassic.com



လိပ်ခေါင်းဝင်သလို အပြင်သို့ နှုတ်ထွက်သွားသည်ကို မန်နေဂျာ မျက်လုံးပြူး၍ ကြည့်ရှုနေမိလေ၏။

'မိတ်ဆွေလို အကြံဉာဏ်ကောင်းတဲ့ ပုဂ္ဂိုလ်ကြီးဆိ ကျွန်တော် ဘယ်မှာ တစ်ယောက်တည်းလာမလဲ မိတ်ဆွေ၊ အပြင်ဘက်ခန်းမှာ ခင်ဗျားတိုက်သား ချာပရာစီ ခုနစ်ယောက် ရှိတယ် မဟုတ်လား၊ ကျုပ်တပည့်နှစ်ယောက်က ထိန်းထား ပါပြီ၊ ကျုပ်လိုချင်တဲ့ငွေ ရပြီမို့ မိတ်ဆွေကို မနှိပ်စက်လိုပါဘူး၊ ဒါပေမယ့် ၁၅ မိနစ်လောက်တော့ အိပ်ပြီး နေရစ်စေချင် တယ်'ဟု ပြောပြောဆိုဆို လက်ကိုင်ပဝါနှင့် မန်နေဂျာ၏ နှာခေါင်းကို တို့လိုက်ရာ မန်နေဂျာမှာ ခေါင်းငိုက်စိုက်ကျ သွားလေ၏။ အပြင်ဘက်တွင်လည်း လူခုနစ်ယောက်ကို နေကာအဝတ်ကြီးနှင့် စု၍ အုပ်ထားရာ ခြောက်လုံးပြူးနှင့် လူဆိုးရှိသည်အထင်ဖြင့် တုတ်တုတ်မျှ မလှုပ်ဝံ့တော့ချေ။

အဖြစ်အပျက်ကား ၁၅ မိနစ်ခန့်မျှ ကြာရှိကာ ကားကလေးတစ်စင်းမှာ ၁၀ မိနစ်ခန့်မှ ရောက်ရှိလာလေ၏။ သို့ရာတွင် သက်ပြင်းတို့ လူသိုက်ကို အစအနမှ မတွေ့ရ၊ နေကာအဝတ်နှင့် အုပ်ထားသူများ၊ မေ့ဆေးငွေ့ကြောင့် အိပ်ပျော်နေသော မန်နေဂျာကို တွေ့ရတော့လေရာ ဦးအောင် မြင်မှာ ငါအပြောသား သိသိကလေးလွဲသွားတယ်ဟု တိုးတိုး ညည်းတွားရင်း တိုက်ထဲကလူများအား အဖြစ်အပျက်ကို မေးမြန်း၍နေလေ၏။





# ၆

ညနေ လေးနာရီအချိန်ခန့်၌ ဆူးလေဘုရားလမ်းနှင့် မောင်ဂို မာရီလမ်း ထောင့်ချိုးတွင် မော်တော်ကားများ အသွားအလာသည် ခါတိုင်းထက် ရှုပ်ရှက်ခပ်၍နေလေ၏။ ကားများသည် တစ်စင်းပြီးတစ်စင်း ကွန်တင် နင်တယ် မုန့်တိုက်ကြီး၏ အရှေ့ဘက်နားတွင် ခဏမျှရပ်ထားစဉ်၊ ဝတ်ကောင်းစားလှနှင့် မိန်းမ ယောကျ်ားများ ဆင်းကြပြီးနောက် ဆူးလေဘုရားလမ်းတွင်လည်းကောင်း၊ မောင်ဂိုမာရီလမ်း မြောက်ဘက်

www.burmeseclassic.com

www.burmeseclassic.com



မီးရထားဝင်း ဘေးတွင်လည်းကောင်း ရပ်ထားကြကာ လူကုံထံသခင်များ၏ ကိစ္စအပြီးကို စောင့်စားနေကြ၏။ ရန်ကုန်နေသူတို့ကား ကြီးကျယ်ခမ်းနားသော လက်ထပ်ပွဲ တစ်ခုရှိသည်ဟု မုန့်တိုက် အပေါ်ထပ်ကိုကြည့်ခြင်းအားဖြင့် သိရှိကြမည်ဖြစ်လေ၏။

လက်ထပ်ပွဲမှာ နေ့ကောင်းရက်သာသည့် တနင်္ဂနွေ နေ့တွင် မရဘဲ အခြားနေ့များတွင် နံနက်ပိုင်း၌သာအချိန်ရ ၏။ သို့ရာတွင် နှစ်ဘက် ကာယကံရှင်များမှာ အထက်တန်း အရာရှိများဖြစ်သဖြင့် နံနက်ပိုင်း၌ ခမ်းနားသော လက်ထပ်ပွဲ မလုပ်နိုင်။ ရုံးဆင်းချိန်မှသာ လုပ်နိုင်သောကြောင့် ညနေ ၄ နာရီသို့ ချိန်းဆိုထား;ခြင်း ဖြစ်လေ၏။ နံနက်ပိုင်းတွင်ကား ဗေဒင်ပညာရှိတို့ အချိန်ပေးအတိုင်း နံနက် ၁၀ နာရီ ၃၅ မိနစ်တွင် သတို့သားနှင့် သတို့သမီးအား လက်ထပ်ပြီးဖြစ်လေ ၏။ သို့ရာတွင် ထိုမျှနှင့်မကျေနပ်နိုင်သေး။ လူကြီး လူကောင်း လူကုံထံများနှင့် တခမ်းတနားပြုလုပ်ရမှ ဂုဏ်ရှိမည်ဖြစ်သဖြင့် ညနေပိုင်းတွင် ကြီးကျယ်ခမ်းနား ဆင်ယင်ကျင်းပခြင်း ဖြစ်လေ၏။ မျက်နှာကြီး လက်ထပ်ပွဲဖြစ်သည့်အတိုင်းလည်း မင်းပိုင်းစိုးပိုင်း အထက်တန်း အရာရှိကြီးများ၊ သူဌေးသူကြွယ် များ၊ ရှေ့နေ ဝတ်လုံများမှစ၍ ရန်ကုန်မြို့ မျက်နှာဖုံးဟုခေါ် အပ်သည့် လူသိရှင်ကြား ပုဂ္ဂိုလ်အများပင် တက်ရောက်ကြရာ စိန်ရွှေ လက်ဝတ်လက်စားတို့၏အရောင်သည်လည်း နေ့ခင်း ဖြစ်လျက် မီးအုံ၍ ဖွင့်ပေးထားသော ဓာတ်မီးရောင်အောက် တွင် တလျှပ်လျှပ်နှင့် ဖြစ်၍နေလေ၏။ အနောက်ဘက်နားမှ



စီစဉ်ချထားသော အငြိမ့်ပိုင်းမှလည်း ဘုန်းတော် ဂုဏ်တော်ကို ချီးကျူးကာ သီဆို ကခုန် တီးမှုတ်နေကြ၏။ လာကြသော ပရိသတ်များအနက် အထူးသဖြင့် မိန်းမများမှာ သူ့ထက်ငါ မသာ သာအောင် ဝတ်စား ဆင်ယင်၍လာကြ၏။ ကိုယ်ပိုင် ရှိသူများကလည်း ကိုယ်ပိုင်စိန်ရွှေဖြင့်လည်းကောင်း၊ မရှိသူ များကလည်း ငှားရမ်း၍လည်းကောင်း၊ ငှားရမ်းမရသူများ ကလည်း ဓာတုဗေဒစိန်များဖြင့်လည်းကောင်း၊ လက်ထပ်ပွဲ တစ်ခုလုံး စိန် ရွှေလွှမ်းမိုးနေ၏။ လက်ထပ်ပွဲတွင် မည်သူမျှ ခေါက်လုံးပြူးခါးထိုးပြီး လာကြမည် မဟုတ်သဖြင့် စောရ သက်ပြင်းသည် ဤလက်ထပ်ပွဲတွင် ပါလာက အလွယ်တကူ နှင့် ပေးလိုက်ကြရတော့မည်ဟု အချို့လူငယ်ပိုင်းက တီးတိုး ပြောဆိုကြလေ၏။ ထို့အပြင် လူသတင်း လူချင်းဆောင် လျက် အတွင်းရေးသိရှိသူတို့ကား မည်သူသည် နာမည်ကြီး သော်လည်း မြင်းကန်၍ ပစ္စည်းမရှိ၊ အငှားသာဖြစ်သည်။ မည်သူ့သမီးကား အတုတွေသာ စသော ထင်မြင်ချက်များ လည်း လက်ဖက်ရည်နှင့် မုန့်စားရင်း ပြောဆိုလျက်ရှိကြ၏။

အလယ်တစ်နေရာမှာ လူရွယ် သုံး လေးဦးကား သူဌေးကြီးတစ်ဦး၏ ဇနီးနှင့် သမီးပျိုကလေးရှိရာသို့ မကြာ ခဏအကဲခတ်ကြည့်ရှုနေကြ၏။ ထိုလူရွယ်များသည် မိမိ ကိုယ် မိမိပါးနပ်လှပြီဟု ထင်မှတ်ရာ အခြားစားပွဲ တစ်ခုမှ လူတစ်ယောက်သည် ထိုလူရွယ်များ၏ အမူအရာကို မသိ မသာ အကဲခတ်နေသည်ကို လူရွယ်များကိုယ်တိုင် မရိပ်မိကြ ချေ။ သူဌေးဦးဘကွန်းကား အပေါင်းအသင်းဆန်ခြင်း၊ အရှု

www.burmeseclassic.com

www.burmeseclassic.com



အတန်းရက်ရောခြင်းတို့ကြောင့် ရန်ကုန်မြို့တွင် အထူးနာမည်ကြီးသူ ဖြစ်လေ၏။

လက်ထပ်ပွဲတွင်လည်း နှုတ်ဆက် စကားပြောနေကြသည်နှင့်ပင် မအားအောင်ဖြစ်၍နေလေ၏။ ဇနီးနှင့် သမီးမှာလည်း မိန်းမ မိတ်ဆွေများအား နှုတ်ဆက်နေရသည်နှင့်ပင် အချိန်ကုန်၍နေ၏။ ၎င်းတို့၏ မျက်နှာတစ်ခုလုံးကား စိန်ရွှေလွှမ်းမိုးရောင်ဟပ်နေရာ ယခင် လူရွယ် သုံး လေးဦးသည် တစ်သောင်းကျော်ဖိုးထက် မနည်းဟု ခန့်မှန်းကြလေ၏။

ထိုလူရွယ်များအား စည်းစောင်း ကြည့်ရှုနေသူကား ဦးဘကွန့် အကြောင်းကို စဉ်းစားနေဟန်တူ၏။ ဦးဘကွန့်မှာ ကုက္ကိုင်းလမ်းတွင် ဝင်းခြံနှင့် နေထိုင်သူဖြစ်၍ ငွေများကို ဘဏ်တိုက်တွင် အပ်နှံထားသည်သာမက လက်ဝတ်လက်စားများကိုလည်း ဘဏ်တိုက်တွင် အပ်နှံထား၍ သွားလာစရာရှိမှ ခဏ ထုတ်ယူလေ့ရှိ၏။ ယနေ့ကား မင်္ဂလာပွဲမှာ ၄ နာရီက စလေရာ လက်ဝတ်ရတနာများကို ဘဏ်တိုက်သို့ ပြန်သွင်းချိန် မရှိ မိမိအိမ်သို့သာ ယူသွားရမည် ဖြစ်၏။ ဦးဘကွန့် ကိုယ်တိုင်မှာလည်း တစ်ရက်တလေထား၍ ကိစ္စမရှိဟု တွေးကောင်း တွေးမည်။ ဤစောရနှင့်တူသောလူရွယ်များသည် ဤလက်ထပ်ပွဲတွင်ပင် အနကြမ်းစီးမည်လော။ အိမ်ကျမှလိုက်၍ တိုက်မည်လောဟု အမျိုးမျိုး တွေးတောနေလေ၏။

သူဌေးဦးဘကွန့်ကား ၅ နာရီခန့်တွင် လက်ထပ်ပွဲမှ အိမ်သို့ပြန်ရန် ပြင်ဆင်လေ၏။ လူရွယ်များလည်း ထိုနည်း



အတူ နေရာမှထကြလေရာ အကဲခပ် တွေးတောနေသူမှာလည်း နောက်ကလိုက်ရန် ဟန်ပြင်၍နေလေ၏။ မကြာမီ အောက်ထပ်သို့ရောက်ကြရာ ဦးဘကွန့်၏ ကားသမားသည် မိမိတို့သခင်ကို မြင်ရသဖြင့် ဆလွန်းကားကြီးကို မုန့်တိုက်ရှေ့သို့မောင်းခဲ့လေ၏။ သားအမိ သားအဖသုံးဦး တက်မိလျှင် မြောက်ဘက်သို့ထွက်ကြလေ၏။ လူရွယ်လေးဦးလည်း ခေတ္တအချိန်ပိုင်းနှင့် ငှားလာဟန်တူသော အာရ်စီ ကားကို လက်ပြခေါ်ယူပြီး တောင်ဘက်သို့ မောင်းလေ၏။ ၎င်းတို့ကို ချောင်းနေသူလည်း သူ၏ကားကိုလက်ပြကာ လူရွယ်များ၏ကားနောက်သို့လိုက်ရန် အမိန့်ပေးလေ၏။

လူရွယ်များကား အမှတ်မထင် သွား၍နေသဖြင့် နောက်ကကားတစ်စင်း လိုက်လာသည်ကို သတိမထားကြချေ။ ဆူးလေဘုရားသို့ရောက်လျှင် အရှေ့သို့ချိုး၍သွားကြ၏။ ဘုံဘောဟိုတယ်သို့ရောက်လျှင် အခန်းတစ်ခန်းထဲသို့ ဝင်၍ သွားကြလေ၏။ နောက်ကလိုက်သူလည်း ဟိုတယ်ထဲသို့ ဝင်ရောက်လာရာ ဘွိုင်ကုလားအား မိမိ၏ မိတ်ဆွေ သုံးဦး ရှေ့ကသွားနှင့်ကြောင်း ဘယ်အခန်းမှာ ရှိသလဲဟု တီးတိုးမေး၍ သိရှိသောအခါ ထိုအခန်းနှင့် ကပ်လျက်ရှိသော အခြားအခန်းတစ်ခုတွင် ဝင်ရောက်ထိုင်လေ၏။ ထိုသူသည် ဘီယာအပျော့စားတစ်လုံးနှင့် မာတင်ချော့တစ်ခွက်ကို မှာယူကာ အချိန်ဆွဲစားသောက်ရင်း တစ်ဘက်ခန်းက ပြောသံဆိုသံများကို နားစွင့်နေလေ၏။ အခန်းချင်းကပ်သော်လည်း တီးတိုးပြောဆိုကြသဖြင့် ကောင်းစွာမကြားရချေ။

ကြားရသောအသံများကား အတွင်းလူပါမှ ငွေ ၂၀၀ ကျပ်လောက် အရင်ပေး၊ ည ၁၂ နာရီ ခြောက်လုံး

www.burmeseclassic.com

www.burmeseclassic.com



နှစ်လက်၊ စီးမိရင် အရေးမကြီးပါဘူး၊ ၎င်းသည်တို့ဖြစ်ရာ အခိုပွာယ်ဆက်စပ်ယူလျှင် ၎င်းတို့သည် ပထမ ဦးဘကွန့် အိမ်က အခိုင်းအစေတစ်ယောက်နှင့် ပေါင်း၍ အတွင်းလူထားမည်။ ည ၁၂ နာရီတွင် ခြောက်လုံးပြူး နှစ်လက်နှင့် အနကြမ်းစီးမည်ဟု သဘောပေါက်သဖြင့် ချောင်းနေသူသည် လူရှုယ်များ၏အရင် ဟိုတယ်ခန်းထဲမှ ထွက်ခွာလေ၏။

* * *

ည ကိုးနာရီခန့်အချိန်တွင်ကား ကုက္ကိုင်းလမ်းရှိ ဦးဘကွန့်၏တိုက်၌ ဦးဘကွန့်နှင့် ဇနီးသည် စကားအချို့အချ ပြောဆို၍ နေကြလေ၏။ ဇနီးဖြစ်သူကလည်း သူဌေးကတော် သူဌေးသမီးဆိုပြီး ဤမျှ လက်ဝတ်လက်စား လောက်မျှ ဝတ်ဆင်ခြင်းမရှိလျှင် ဂုဏ်နှင့် မလိုက်ကြောင်း၊ အများမိုးခါးရေသောက်လျှင် ကိုယ်လဲသောက်မှ လူ့လောကတွင် ဝင်ဆန့်ကြောင်းများပြောရာ ဦးဘကွန့်ကလည်း မိမိတို့မှာပိုက်ဆံရှိပြီးဖြစ်၍ နောက်ထပ် ဂုဏ်တင်ဘွယ်ရာမရှိကြောင်း၊ ဤပစ္စည်းများအတွက် လူဆိုးများကို အမြဲ ကြောက်ရွံ့စိုးရိမ်ရကြောင်း၊ ဤလက်ဝတ်ရတနာ တစ်သောင်းကျော်ဖိုးအတွက် ဘဏ်တိုက်မှာ ငွေသားအဖြစ် စာရင်းသေအပ်လျှင် အဖျင်းဆုံး တစ်ရာ လေးကျပ်တိုးနှင့် ငွေတစ်သောင်းအတွက် တစ်နှစ် ၄၀၀ ကျပ် တိုးနိုင်ကြောင်း၊ အလုပ်ဘဏ်မှာသွင်း၍ အသုံးချလျှင် ထိုထက်ရနိုင်ကြောင်းများဖြင့် ပြောဆို၍နေကြလေ၏။

ဦးဘကွန့်မှာ ကျယ်ဝန်းသော နှစ်ထပ်တိုက်ကြီး၏ အောက်ထပ်တွင် မီးခံသေတ္တာရှိရာ အရေးကြီးသော စာရင်းအင်း၊ စာချုပ်စာတမ်းနှင့် လက်ဝတ်ရတနာများကို ထည့်၍



မိမိတို့မှာ အထက်ထပ်တွင် အိပ်ကြ၏။ မီးခံသေတ္တာသော့ကိုလည်း အပေါ်တွင်သိမ်းထားရာ သာမညသူခိုးများ မည်သို့မျှ မတတ်နိုင်ဟု ထင်မှတ်ဟန်ရှိလေ၏။ အပေါ်ထပ်တွင်ကား ဦးဘကွန့်နှင့်ဇနီး တစ်ခန်း၊ သမီးပျို တစ်ခန်း၊ သားလူပျိုနှစ်ယောက်ကတစ်ခန်း အိပ်နေကြ၍ အောက်ထပ်တွင်ကား အခိုင်းအစေ လူယုံများအိပ်ကြ၏။ ဘေးတန်းလျားတွင်လည်း မာလီကုလား ဒရဝမ်များ အရံသင့် ရှိကြ၏။ သူခိုးလေးငါးယောက်မျှနှင့် ဦးဘကွန့်၏ တိုက်သို့ မကပ်နိုင်။ နှစ်လုံးပြူး တစ်လက်နှင့် ခြောက်လုံးပြူးတစ်လက်လည်း အရံသင့်ရှိကြ၏။

ဦးဘကွန့်တို့ အိမ်သားများမှာ ညနေစာ ထမင်းကို နေ့စဉ် ခြောက်နာရီခွဲ ၇ နာရီတွင် စားလေ့ရှိကြသော်လည်း ထိုနေ့၌ကား ရှစ်နာရီခန့်တွင်မှ စားကြလေ၏။ မင်္ဂလာဆောင်မှ ဝမ်းပြည့်လာကြသဖြင့် စောစောမစားနိုင်ခြင်းသည် စောစောအိပ်ပျော်ဆေးခပ်ရန် တစ်စုံတစ်ဦးအား အခွင့်အရေးပေးသကဲ့သို့ ရှိတော့လေ၏။ ထိုညစာတွင် ကြက်သားဟင်း အရေမပျစ်တပျစ် ချက်၍ထားရာ ခါတိုင်းထက် အရသာတွေ့သဖြင့် ပို၍ စားသောက်ကြ၏။ ထမင်းလည်း ပို၍ မြိန်ရှက်ကြရာ ကိုးနာရီတွင် စကားအချေအတင်ပြောဆိုပြီး မျက်တောင်စင်းလာကြကာ အိပ်ရာသို့ ဝင်ကြရတော့လေ၏။

မာလီကုလားနှင့် ဒရဝမ်ကုလားလည်း ထမင်းရေများနှင့် အဆိုပါကြက်သားဟင်းကို စားသောက်ကြရာ ၎င်းတို့မှာ

www.burmeseclassic.com

www.burmeseclassic.com



ထန်းရေပါသည့်အတွက် ပို၍မူးပြီးလျှင် လူမြင်တိုင်း ကြောက်သလို ရွံ့သလိုဖြစ်၍ နေကြလေ၏။ မာလီကုလားတစ်ဦးမှာကား ထိုဘက်က ကျွမ်းကျင်သူဖြစ်ရာ ကြက်သားဟင်းတွင် ဆေးခြောက်ပါကြောင်း စောစောက သိသော်လည်း အခြားအဖော်များ နောက်တွန့်သွားမည်ကိုးစိုး၍ ဖွင့်မပြောဘဲ မှိန်း၍ သောက်စားနေလေ၏။ ကိုးနာရီ သာသာတွင်ကား မာလီကုလားများမှာ ညဘက်တွင် မိမိတို့ အလုပ်ဝတ္တရား မရှိသဖြင့် တန်းလျားတွင် ဆေးအိုးရှူရင်း နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်၍သွားကြလေ၏။ ဒရဝမ်ကုလားမှာမူကား ထန်းရေကြိုက်၍ သောက်မိသော်လည်း မိမိဝတ္တရားရှိသဖြင့် တိုက်ရှေ့ဆင်ဝင်ဘေးရှိ ကြိုးခုတင်ပေါ်တွင် ထိုင်ကာ ဆေးအိုးကို တဂွတ်ဂွတ်နှင့် ရှူနေ၏။ မာလီကုလားများဆီသို့လည်း ရယ်မောစရာများ လှမ်းပြောနေသေး၏။ သို့ရာတွင် ဝမ်းထဲအစာအိမ်မှ ပျံ့နှံ့လာသော ထန်းရေနှင့် ဆေးခြောက်၏သတ္တိသည် ၎င်းအား အတင်းထိုင်းမှိုင်းစေရာ တစ်ခါတစ်ခါ ငိုက်ကျသွားလေ၏။ သို့ရာတွင် တာဝန်ရှိသဖြင့် မိမိ၏ဦးခေါင်းကို သုံးလေးခါ အတင်းထူကြည့်၏။ နောက်ဆုံး၌ကား အတွင်းက ဆေးတန်ခိုးသည် ကုလား၏ အကြောအချဉ်အားလုံးကို ချုပ်ကိုင်လိုက်သဖြင့် ကုလားမှာ ကြိုးခုတင်ပေါ်တွင် ခွေကျအိပ်ပျော်သွားတော့လေ၏။

ကုက္ကိုင်းလမ်းဘက်၌ကား ည ကိုးနာရီ ဆယ်နာရီအချိန်ကျလျှင် အတူး ဆိတ်ငြိမ်၍နေ၏။ ရေဒီယိုရှိသောအိမ်က ရေဒီယိုဖွင့်သံ၊ ဓာတ်စက်ရှိသောအိမ်က ဓာတ်စက်ဖွင့်သံများကိုသာကြားရလေ၏။ အချို့ အိမ်များရှိ ဒရဝမ်ကုလားများသည် နာရီထိုးတိုင်း သံချောင်းခေါက်လေ့ရှိကြရာ ဆယ်နာရီထိုးချိန်၌ သံချောင်းခေါက်လေ၏။ ဦးဘကွန့်အိမ်မှလည်း အိမ်အောက်ထပ်မှ လူတစ်ယောက် ထွက်လာကာ သံချောင်းခေါက်လေ၏။ အိပ်ပျော်နေသော ဒရဝမ်၏ဘေးက ဝါးရင်းတုတ်ကို ဆွဲယူခဲ့ပြီးလျှင် အိမ်အောက်ထပ်သို့ ပြန်၍ ဝင်သွားလေ၏။



* * *

၁၂ နာရီထိုးရန် ငါးမိနစ် လိုသောအချိန်၌ ကားတစ်စင်းသည် ရန်ကုန်မြို့ထဲမှ ကုက္ကိုင်းလမ်းသို့ ခပ်မှန်မှန် မောင်းနှင်လျက်ရှိလေ၏။ ထိုကားသည် ဦးဘကွန့်၏ခြံနှင့် တစ်ခေါ်လောက်အကွာ လွန်၍ မောင်းသွားပြီးလျှင် လမ်းဘေးသို့ ဖဲ့လျက်ချုံတစ်ချုံတွင် ဝှက်ထားပြီးလျှင် ကားပေါ်မှ လူလေးယောက်ဆင်းလာကြလေ၏။ နှစ်ယောက်တွင် လုံနှင့် မားရှည်ကိုယ်စီပါ၍ အခြားနှစ်ယောက်တွင် ခြောက်လုံးပြူး တစ်လက်စီပါကြ၏။ လေးဦးစလုံး ပိုးဘောင်းဘီပွအရှည်၊ ဘလေဇာအင်္ကျီများ ဝတ်ဆင်ထားရာ ဦးဘကွန့် ဝင်းခြံရှိရာသို့ အရိပ်အကဲကြည့်ရင်းလျှောက်လာကြလေ၏။ ဝင်းထဲရောက်ကြလျှင် လက်ကိုင်ပုဝါအနက်များကို နှာခေါင်းနှင့် ပါးစပ်ဖုံးအောင် စည်းထားကြလျက် မျက်လုံးပေါ်ရုံမျှ ရုပ်ဖျက်ထားကြ၏။ လူသုံးယောက်ကား အရပ်မြင့်မြင့်၊ လူဆိုး ခေါင်းဆောင်၏ ညွှန်ကြားချက်ကိုနာခံလျက် အရိပ်အဆင်ကို ကြည့်ရှုနေ၏။ လူဆိုးခေါင်းဆောင်က 'တွီ' ခနဲ လေချွန်လိုက်ရာ

www.burmeseclassic.com

www.burmeseclassic.com



တိုက်အောက်ထပ်မှလဲ 'တွီ' ကနဲ ခပ်တိုးတိုးပြန်၍ လေချွန်သဖြင့် စိတ်ချလက်ချ တိုး၍သွားကြလေ၏။ ဆင်ဝင်အောက်သို့ရောက်လျှင် တိုက်အောက်ထပ်မှ တံခါးဖွင့်၍ လူတစ်ယောက် ထွက်လာလေ၏။

'ဟန်ကျရဲ့လား၊ တယ်လီဖုန်းကြိုး ဖြတ်ထားရဲ့လား'

'ဟုတ်ကဲ့၊ ဖြတ်ထားပါတယ်၊ သူဌေးကြီးကို စီးမိရင် ကိစ္စချောမှာပဲ'

တီးတိုး ပြောပြီးနောက် ထိုတံခါးဖွင့်ပေးသူအား ရယ်မောကာ ကြိုးနှင့်တုပ်၍ ပါးစပ် အဝတ်ဆို့ထားခဲ့ကြပြီးနောက် တိုက်အပေါ်ထပ်သို့ လူဆိုးသုံးယောက် တက်ကြလေ၏။ တစ်ယောက်ကိုကား အောက်တွင် အစောင့်ထားခဲ့ကြလေ၏။

အပေါ်ထပ်သို့ တက်သွားကြသူများက ငါးမိနစ်အတွင်းမှာပင် အိပ်မှုန်စုံမွှားနှင့် ဖြစ်နေကြသော ဦးဘကွန့်တို့အိမ်သားတစ်စုကို အုပ်စိုးမိပြီး ဖြစ်လေ၏။ သူဌေးကတော်ကြီးကား 'ပစ္စည်း ယူချင်သလောက်ယူပါ၊ အသက်ချမ်းသာပေးပါမောင်ရယ်' ဟု တောင်းပန်နေရှာရာ သား နှစ်ယောက်မှာကား လက်ဦးနေသဖြင့် အံတကြိတ်ကြိတ်နှင့် ဖြစ်၍နေလေ၏။ လူဆိုးများကား အိမ်သားငါးယောက်ကို အလယ်တွင် ဝိုင်းစုနေစေလျက် ဘေးက သေနတ်ဖြင့် ချိန်ရွယ်ထား၏။ ခေါင်းဆောင်လုပ်သူက၊

'ကိုင်း၊ အော်မယ် စိတ်မကူးနဲ့၊ မအော်ရင် ဘာမှမလုပ်ဘူး၊ ကျွန်တော် စောရသက်ပြင်း ကြားဖူးရဲ့ မဟုတ်



လား၊ ကနေ့ လက်ထပ်ပွဲက လက်ဝတ်လက်စားတွေ ဘဏ်တိုက် ပြန်မသွင်းခင် လာတောင်းတာပဲ' ဟု ပြောလိုက်ရာ ဦးဘကွန့်မှာ စောရသက်ပြင်းဟု ကြားရသည်နှင့် တစ်ပြိုင်နက် ပါးစပ်ပြင်ကာ

'မောင်တို့ လိုတာလဲ အသာတကြည် ပေးပါ့မယ်၊ စောရသက်ပြင်းဆိုလို့ တဆိတ်ပြောပါရစေ၊ ကျုပ်ဟာအမျိုးသားကျောင်း စာကြည့်တိုက်၊ ပိဋကတ်တိုက် ဆေးရုံစတဲ့ အဆောက်အဦတွေကို သောင်း သိန်းနဲ့ချီပြီး ကူညီခဲ့တဲ့လူပါ၊ အစိုးရ အလိုတော်ရိလဲမဟုတ်၊ ဆင်းရဲသားတွေကိုလဲ အများကြီး ကူညီခဲ့ပါတယ်၊ စောရသက်ပြင်းဆိုတာ မတရားကြီးပွားတဲ့လူတွေဆိက ခိုးတိုက်ယူပြီး ဆင်းရဲသားတွေဝေငှလို့ ဆင်းရဲသားတွေရဲ့ ကျေးဇူးရှင်လို့ပြောကြပါတယ်၊ အခုမောင့်ကို ကျုပ်တွေ့ရတော့ တစ်မျိုး ဖြစ်နေပါပကော'

'အိုး၊ ဒါလဲ ဆင်းရဲသား ကူဖို့ပေါ့ဗျာ၊ လေရှည်မနေနဲ့'

'ကိုင်း၊ ဆင်းရဲသားကူဖို့ဆိုရင် ဘယ်နေရာ ဘာလုပ်မယ်ဆိုတာ ပြောပါ၊ ကျုပ်လုပ်ပါ့မယ်၊ အခုလဲ လက်ဝတ်လက်စားတွေရရင် ငွေတစ်သောင်းကျော်ဖိုးပဲရမယ်၊ မောင်တို့ထုခွဲ ရောင်းချရာမှာလဲ အလုပ်ရှုပ် ဒုက္ခများမယ်၊ မောင်ကုသိုလ်ပြုချင်တဲ့ကိစ္စ ပြောခဲ့ပါ၊ ကျုပ် ငွေတစ်သောင်းဖိုးလုပ်ပါ့မယ်'

'ခင်ဗျားကို ယုံရပါ့မလား၊ အခုရှိတဲ့ဟာသာပေး'

'ကျုပ် ငွေတစ်သောင်းမဆိုနဲ့၊ တစ်သန်းဖြစ်ပေစေ ကတိ မဖျက်ပါဘူး မောင်ရယ်'

www.burmeseclassic.com



'လေရှည်တယ်ဗျာ၊ ကဲ ခင်ဗျား မီးခံသေတ္တာသော့နဲ့ လိုက်ခဲ့၊ လာ အောက်ထပ်သွားမယ်၊ ဟေ့ ကျန်တဲ့လူတွေ ကြည့်ရစ်၊ အော်ရင် တစ်ခါတည်းပစ်သတ်' ဟု ခေါင်းဆောင်လုပ်သူသည် တင်းမာစွာ ပြောဆိုလျက် ဦးဘကွန့်အား ခေါ်ဆောင်သွားလေ၏။ ဦးဘကွန့်မှာကား လုံးဝ တုန်လှုပ်ခြင်းမရှိ။ မီးခံသေတ္တာကို ဖွင့်ပေးရင်း

'ကျုပ် ဝမ်းမနည်းပါဘူး၊ ဒင်းတို့ လက်ဝတ်လက်စားအတွက် သင်ခန်းစာတစ်ခုရလို့ မောင်တို့ကို ကျေးဇူးတောင်တင်ပါသေးတယ်'

သူခိုးကား ဘာမှပြော့မနေဘဲ စိန်ရွှေထည့်သော သေတ္တာငယ်ကလေးမှ စိန်ရွှေများကို အဝတ်တစ်ခုနှင့် ထုပ်ယူကာ အပေါ်ထပ်သို့ ပြန်၍တက်ခဲ့ကြလေ၏။ ခေါင်းဆောင် လုပ်သူသည် နောက်လိုက်တစ်ယောက်အား အိမ်ခန်းထဲက စောင်များကို ထုတ်ယူခဲ့စေ၍ အိမ်သားငါးယောက်အား စောင်နှင့် ဖုံးလားခဲ့ပြီးလျှင် ဖြည်းဖြည်းသက်သာဆင်း၍ သွားကြလေ၏။ လေးယောက်သား စုမိလျှင် အထုပ်ကို ပိုက်လျက် မိမိတို့ကား ဖက်ထားရာဆီသို့ ထွက်ခဲ့ကြလေ၏။

ကားဆီသို့ရောက်သည်နှင့်တစ်ပြိုင်နက် ကားပေါ်သို့ ခုန်တက်ကြကာ စက်နှိုး၍ လမ်းဘက်သို့ ထွက်ကြလေ၏။ လမ်းပေါ်ရောက်၍ မြောက်ဘက်သို့ ကားအပြေး၊ ကားနောက်ဘီးတစ်ဘက်မှာ လေလုံးဝ မရှိသဖြင့်၊ တစ်ဘက်နိမ့်လျက် ဒရွတ်ဆွဲနေသဖြင့် ကားကိုရပ်ကြကာ လေးယောက်စလုံး ကားပေါ်က ဆင်း၍ကြည့်ကြလေ၏။ ကားဘီးသည် မည်သို့ပေါက်သည်ဟု စဉ်းစားချိန်မရ။ ထိုဘီးကို ဖြုတ်လျက် အခြားဘီးတစ်ခု လျင်မြန်စွာတပ်ဖို့ လိုသဖြင့်



လေးဦးသားမှာ ဟိုဟို ဒီဒီ ပျာပျာသလဲ ကြည့်ရှုပြီးနောက် ခွေးတိုးနှင့် ဘီးကို မ သူက မ၊ ဘီးအပိုကို ဖြုတ်သူက ဖြုတ်နှင့် အထူး အလုပ်ရှုပ်၍ နေကြလေ၏။ ခွေးတိုးမရာတွင် နှစ်ယောက်၊ ဘီးဖြုတ်ချရာတွင် နှစ်ယောက်ဖြစ်၍ လေးဦးစလုံး လက်မအားကြတော့ချေ။

ထိုအခိုက် လက်မြှောက်လိုက်ဟူသော အသံကိုကြားရသဖြင့် လေးဦးစလုံး အံ့အားသင့်ကာ မတ်တတ်ရပ်စဉ် လူနှစ်ယောက်သည် ခြောက်လုံးပြူး တစ်လက်စီနှင့် အသင့်ချိန်ရွယ်ပြီးဖြစ်သဖြင့် ခုခံရန် အချိန်မရဘဲ လက်မြှောက်လိုက်ကြရလေ၏။

'ဟဲ ဟဲ၊ ငါ့လူတို့က တယ်ပြီးအကြံပိုလှပြီ အောက်မေ့နေကြတာကိုး၊ ဟော့ သူတို့ထဲက ခြောက်လုံးပြူးတွေယူလိုက်' ဟု ဦးအောင်မြင်သည် နောက်ပါ တပည့်စုံထောက်အား အမိန့်ပေးသဖြင့် ခြောက်လုံးပြူးများကို ရိုက်ယူလေ၏။ 'ကဲ ကဲ၊ လေးယောက်စလုံးကို လက်ထိပ်ခတ်ပေ့ာ' ဟု ဆိုသဖြင့် လက်ထောက်စုံထောက်သည် ခေါင်းလူကြီးလုပ်သူကို အရင်ဆုံးခတ်ရန် ဟန်ပြင်လေ၏။ ဦးအောင်မြင်မှာကား ခြောက်လုံးပြူးနှင့် ချိန်မြဲ ချိန်ထားလေ၏။ စုံထောက်ငယ်သည် ခေါင်းလူကြီးအား လက်ထိပ်ခတ်ရန် အပြင်လိုက်၊ ဦးအောင်မြင်နှင့် ကွယ်နေသဖြင့် ထိုစုံထောက်၏ခါးကို လျင်မြန်စွာမွေ့၍ ဦးအောင်မြင်အား ကိုင်ပေါက်လိုက်ရာ ဦးအောင်မြင်လည်း မိမိလူကို ခြောက်လုံးပြူးနှင့် မှန်မည်စိုး၍ အတိမ်းလိုက် ဗရန်းသုံးကား ဖြစ်ပြီးလျှင် ထွေးလုံးသတ်ပုတ်

www.burmeseclassic.com

www.burmeseclassic.com



ကြရာမှ ခဏအတွင်းမှာပင် ဦးအောင်မြင့်တို့မှာ လူဆိုးများ လက်တွင်းကျကာ သူတို့ လက်ထိပ်နှင့် သူတို့ အခပ်ခံရလေ၏။

'ဟား ဟား၊ သက်ပြင်းကို ဒါမျိုးနဲ့ ဘာရမလဲ ကိုအောင်မြင့်'

ဦးအောင်မြင့်ကား တစ်စုံတစ်ရာကို လေးနက်စွာ စဉ်းစားနေဟန်တူလေ၏။ လူဆိုး၏ မျက်နှာကိုလည်း အထူးအကဲခတ်ကြည့်လေ၏။ လူဆိုးများကားသေနတ် လေးလက်ရပြီးဖြစ်၍ ကားကို စိတ်ချလက်ချ ဘီးတပ်နေကြလေ၏။ နာရီဝက်အတွင်း ဘီးတပ်ပြီး၍ ကိုင်း လုပ်ပေဟု ဆိုသည်နှင့် တစ်ပြိုင်နက် လက်မြှောက်လိုက်ဟု အသံကြားသည်နှင့် တစ်ပြိုင်နက် လူဆိုးခေါင်းဆောင်သည် ခါးထဲက ခြောက်လုံးပြူးကို ဆွဲထုတ်ရာ ဒိုင်းခနဲ အသံကြားပြီး ထိုဆွဲထုတ်သော ညာလက်ခေါက်ကို ကျည်ဆံထိမှန်သဖြင့် ဘယ်လက်ဖြင့်နှိပ်ကာ ခါးကွေးသွားလေ၏။ ကျန်လူများလည်း လက်မြှောက် လိုက်ကြရလေ၏။

လက်ထိပ်ခတ်ခံရသော ဦးအောင်မြင့်တို့ မျက်နှာကား ပြုံးရွှင်၍ လာကြလေ၏။ အသံကြားရာဆီမှ ဘောင်းဘီတိုနှင့် လူနှစ်ဦး ခြောက်လုံးပြူး တစ်လက်စီနှင့် ထွက်လာကြပြီးလျှင် သေနတ်မှန်သူ၏ ဆံပင်ကို ဆွဲဆောင့်ရင်း။

'မင်းက ငါ့နာမည်လဲ အလွဲသုံးစားလုပ်သေးတယ်၊ သူတော်ကောင်းလဲ ပြစ်မှားသေးတယ်၊ ကိုင်း တပည့်၊ ကိုအောင်မြင့်တို့ကို လက်ထိပ်ဖြုတ်ပေးပြီး သူတို့ကိုခတ်၊



ကိုအောင်မြင့်ဆိုတဲ့လူကလဲ သတိထားဖမ်းပါလို့ သေချာပေါက် လုပ်ပေးလျက်နဲ့ ဒီလိုဖြစ်ရတယ်၊ ကျုပ်သာ စောင့်မကြည့်ရင် အခက်ပဲ' ဟု စောရသက်ပြင်းအစစ်သည် သက်ပြင်းယောင်ဆောင်သော လူဆိုးများအား စုံထောက်ကျော် ဦးအောင်မြင့်၏ လက်သို့ ပြန်အပ်ကာ ထွက်ခွာသွားကြလေ၏။

နောက်တစ်နေ့ နံနက် သတင်းစာများ၌ သူဌေးဦးဘကွန့်၏ အိမ်တွင် အနုကြမ်းစီးခြင်း၊ စုံထောက်ကျော် ဦးအောင်မြင့်၏ လုံ့လဝီရိယဖြင့်ဖမ်းမိခြင်းဟု ခေါင်းစဉ်တပ်လျက် လူဆိုးများ အိမ်အောက်စောင့်ကို အသံဖျက်ခေါ်၍ လူမှား ဖွင့်ပေးမိသဖြင့် ကြိုးနှင့် အတုပ်ခံရပုံ၊ သူဌေးကြီးမိသားတစ်စုကို ခြောက်လုံးပြူးပြ၍ စိန်ရွှေတစ်သောင်းကျော်ကို ယူသွားပုံ၊ ဦးအောင်မြင့်နှင့် တပည့်စုံထောက်တစ်ယောက်က လူဆိုးများကားဖက်ထားရာတွင် ဘီးထိုးဖောက်၍ စောင့်ဖမ်းပုံများပါ ပါလာလေ၏။

ဦးအောင်မြင့်ကား ထိုသတင်းစာပါသောနေ့ နေ့လယ်ပိုင်းတွင် သူဌေး ဦးဘကွန့်ထံမှ ကျေးဇူးတင်ကြောင်းနှင့်တကွ တစ်ထောင်တန် ချက်လက်မှတ် တစ်ခုကို ရရှိရာ စောရသက်ပြင်းက ည ၁၂ နာရီခွဲတွင် ကုက္ကိုင်းလမ်းသို့ လာစောင့်က နာမည်ကြီးမည်စသော အကျိုးအကြောင်း ရေးသားသည့်စာကိုသတိရ၍ သူခိုးပေမယ့် ဒီလိုနေရာတော့ အတော်သားပဲဟု စဉ်းစားနေဟန် ရှိလေသတည်း။

□□